# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၁၅၁)


## သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ရှင်းလင်းမှုပါဝင်သည့် အထွေထွေ ညီလာခံ အလွတ်သဘောအစည်းအဝေးကို ၂၆-၂-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် နယူးယောက်မြို့၊ ကုလသမဂ္ဂ ဌာနချုပ်၊ အထွေထွေညီလာခံခန်းမတွင် ကျင်းပခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေး၌ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးကျော်မိုးထွန်းက NLD ဦးဆောင်သည့် ရွေးကောက်ခံအစိုးရကို ကိုယ်စားပြုကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ၏ သတင်းစကားကို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။ ယင်းသို့ ပြောကြားရာတွင် တပ်မတော်အစိုးရအား ဆန့်ကျင်ရန်၊ ထိုသို့ ဆန့်ကျင်သူများအား နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများပေးရန်၊ CRPH ကို ထောက်ခံရန်၊ ဖမ်းဆီးခံရသူ ခေါင်းဆောင်များအား ပြန်လွှတ်ပေးရန်၊ စစ်အာဏာသိမ်းမှု အဆုံးသတ်ရေးဆောင်ရွက်နေမှုများ ဆက်လက်ဆောင်ရွက်သွားရန် ပြောကြားခဲ့ပါသည်။

၃။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) မှ အီးမေးလ်နှင့် စာများပေးပို့ခြင်းသည် အဖျက်အမှောင့်လုပ်ဆောင်ချက်သာဖြစ်၍ အဆိုပါစာများကို တရားဝင်လက်ခံခြင်း၊ ပြန်ကြားခြင်းနှင့် မှတ်ချက်ပြုခြင်း တစ်စုံတစ်ရာလုံးဝမပြု (မပြု)လုပ်ရန် ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၄။ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးကျော်မိုးထွန်းသည် နိုင်ငံတော်မှ ပေးအပ်သော အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာမှုမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း၊ နိုင်ငံတော်အစိုးရအား ကိုယ်စားပြုခြင်းမရှိသည့် တရားမဝင်အဖွဲ့အစည်းအား သစ္စာခံလျက် ကူညီကိုယ်စားပြုလုပ်ရှားဆောင်ရွက်ခြင်း၊ အမြဲတမ်းကိုယ်စားလှယ်/ မြန်မာသံအမတ်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို အလွဲသုံးစားပြုခြင်းတို့ကြောင့် ၎င်းအား ၂၇-၂-၂၀၂၂ရက် နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ် (Dismissal) ခဲ့ပြီး ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်**

# မလေးရှားနိုင်ငံတွင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာပြန်လည်ခေါ်ဆောင်နိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က COVID-19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက် မြန်မာနိုင်ငံသားများအား အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက် သွားရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် နိုင်ငံတော်သမ္မတ အိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌

*စာမျက်နှာ ၄ ကော်လံ ၁ ◆*




မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ တပ်မတော်ရေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာစဉ်။




# စွန့်ပစ်စွည်းကင်းစင် သန့်ရှင်းလှပသည့်ဝန်းကျင်

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံတွင် မြို့ပြများ ဖွံ့ဖြိုးလာခဲ့သလို စီးပွားရေးတိုးတက်မှုနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများလည်း လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ယင်းတိုးတက်ဖြစ်ထွန်းမှုများနှင့်အတူ ဟန်ချက်ညီသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမှာမူ ဖွံ့ဖြိုးမလာဘဲ စိန်ခေါ်မှုများအဖြစ်သာ ကြုံတွေ့လာကြရသည်။

မြို့တော်နှင့်တကွ မြို့ကြီးများ၊ မြို့နယ်အဆင့် စည်ပင်သာယာရေးအဖွဲ့များတွင် စွန့်ပစ်ပစ္စည်းဆိုင်ရာ စနစ်ကျသည့် စီမံခန့်ခွဲမှုများမရှိဘဲ အထိန်းအကွပ်မဲ့ စွန့်ပစ်ကြခြင်းအားဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်များ၊ လဟာပြင်များတွင်ပါ စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့ကို မီးရှို့ဖျက်ဆီးရာမှ ထွက်ပေါ်လာသည့် ညစ်ညမ်းမှုများ၊ လေထု၊ ရေထု၊ မြေပြင် ညစ်ညမ်းမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ စွန့်ပစ်ပစ္စည်းဆိုင်ရာ စီမံခန့်ခွဲမှုအားနည်းချက်များက မြို့ရွာပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည့်အပြင် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးတို့အပေါ်တွင် လည်းကောင်း၊ ခရီးသွားလုပ်ငန်းကဲ့သို့သော စီးပွားရေးကဏ္ဍများအပေါ်တွင် လည်းကောင်း ထိခိုက်စေသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ကောင်းမွန်မှန်ကန်သည်နှင့်အမျှ ပြည်သူ့ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အစားအစာနှင့် သောက်သုံးရေ အရင်းအမြစ်များ ဘေးကင်းလုံခြုံရေး၊ စဉ်ဆက်မပြတ်ထုတ်လုပ်ရေး စသည်ဖြင့် အဘက်ဘက်မှ ကောင်းကျိုးရလဒ်များ ဖြစ်ထွန်းလာနိုင်သည်ဖြစ်ရာ ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကအကျဆုံးမှာ ပြည်သူများပင်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းလာသည်နှင့်အမျှ အောင်မြင်အကျိုးဖြစ်ထွန်းမည်ဖြစ်ပြီး ထွက်ပေါ်လာသည့်ကောင်းကျိုးရလဒ်များကို ပြန်လည်ခံစားကြရမည့်သူများမှာ ပြည်သူများပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအလေ့အကျင့် လွန်စွာအားနည်းလျက်ရှိခြင်းနှင့်အတူ အဆိုပါ အားနည်းချက်၏ သက်ရောက်မှုများကို မြို့ရွာဒေသ အများအပြားတွင် မျက်မြင်တွေ့ရှိနိုင်သည်။ နည်းစနစ် မှန်ကန်သော စွန့်ပစ်ပစ္စည်း သိမ်းဆည်းမှု ၊ သယ်ဆောင်မှု၊ စွန့်ပစ်မှုများ မရှိခြင်းကြောင့် မြို့ရွာများ၏ အနီးဝန်းကျင်များနှင့် မြစ်၊ ချောင်းများတွင် မြင်ကွင်းအနေနှင့်ရော ရေထု၊ လေထု၊ မြေထုများတွင်ပါ ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရေရှည်ကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် R သုံးလုံးဖြစ်သည့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုကို လျှော့ချခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း(Reuse)၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) ဟူသည့် နည်းလမ်း သုံးရပ်ကို ဟန်ချက်ညီညီ ဆောင်ရွက်ရန်ပင် ဖြစ်သည်။ ဥပမာအားဖြင့် လူတိုင်း နေ့စဉ် အလွယ်တကူ သုံးစွဲနေကြသည့် ကြွပ်ကြွပ်အိတ်၊ ဖော့ဘူး စသည့် ပစ္စည်းများ သုံးစွဲမှုကို ထိန်းချုပ်သည့် နည်းလမ်းအသီးသီးဖြင့် လျှော့ချခြင်း၊ သုံးစွဲပြီးသည့် ပစ္စည်းကို နောက်ထပ်မံသုံးစွဲခြင်း၊ သုံးစွဲပြီး ကြွပ်ကြွပ်အိတ်နှင့် ဖော့ဘူးအဟောင်းများကို ပြုပြင်ထုတ်လုပ်သည့်နည်းလမ်းများဖြင့် အခြားအသုံးပြုနိုင်သည့်ပစ္စည်းများ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်းတို့ပင် ဖြစ်သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ပါဝင်ကြသူများမှာ နိုင်ငံသားပြည်သူများ၊ စက်ရုံ အလုပ်ရုံများ၊ လူမှုအဖွဲ့အစည်းများ၊ စည်ပင်သာယာအဖွဲ့အစည်းများ၊ ဆက်စပ်နေသည့် ဌာနဆိုင်ရာများဖြစ်ရာ ကဏ္ဍကိုယ်စီတွင် ပါဝင်သူများက ကျရာတာဝန်ကျေပွန်ကြခြင်းဖြင့် မြို့ကြီးပြကြီးများနှင့်တကွ မြို့နယ် ရွာငယ်များပါမကျန် စွန့်ပစ်ပစ္စည်းကင်းစင်ကာ သန့်ရှင်းလှပသည့် ပတ်ဝန်းကျင်များ ထူထောင်နိုင်ကြပါစေကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## ရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင်က တာဝန်ဝတ္တရားတွေကို ချို့ယွင်းခဲ့ရင် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းဖို့ အလှမ်းဝေးစေမှာဖြစ်

ရွေးကောက်ပွဲကော်မရှင်တိုင်းသည် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ကို အဓိက ဦးတည်ဆောင်ရွက်ရတာဖြစ်ပါတယ်။ သူတို့ဒီလိုဆောင်ရွက်ပေးမှ ကောင်းမွန်တဲ့ အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရဆိုတာ ဖြစ်လာမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲ ကော်မရှင်ကိုယ်တိုင်က ဒီတာဝန်ဝတ္တရားတွေကို ချို့ယွင်းခဲ့ရင် ကျွန်တော်တို့ရည်မှန်းခဲ့တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းဖို့ အလှမ်းဝေးစေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ သူတို့ရဲ့ ပြုမူဆောင်ရွက်ချက်တာဝန်ထမ်းဆောင်မှုများကို တာဝန်ယူရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)အရ ရွေးကောက်ပွဲကော်မရှင်ကို သမ္မတကခန့်အပ်ရခြင်း၊ ပုဒ်မ ၄၀၀ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက စွပ်စွဲပြစ်တင်နိုင်ခြင်းစတဲ့ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သမ္မတကြားမှာ အပြန်အလှန်ဆက်သွယ်မှု၊ အပြန်အလှန်ထိန်းကျောင်းမှုပြုနေတဲ့ သဘောသက်ရောက်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ လိုက်နာဆောင်ရွက်ရတဲ့ အခြေခံဥပဒေပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ အနည်းဆုံးတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များပင် လိုက်နာပါမည်လို့ ကျမ်းသစ္စာဆိုချက်ပုံစံပါ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည် "ဆိုတဲ့ ကျမ်းသစ္စာပြုချက်ကို အလေးထားလိုက်နာရမှာ ဖြစ်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၁-၂-၂၀၂၁ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေးအတွက် သုတေသနနှင့် ပညာပေးလုပ်ငန်းများကို ဌာနအားလုံး ပေါင်းစည်းဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အပြည့်အဝကူးပြောင်းရေး၊ လယ်ယာသုံး စက်ကိရိယာများ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် အကျိုးစီးပွားရရှိစေရန် ဆိုင်ရာ စက်ကိရိယာ၏ စွမ်းအားကို အပြည့်အဝ အသုံးချနိုင်ရေး၊ တစ်ကေထုတ်လုပ်မှုနှင့် လယ်ယာလုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ပေးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာ သုတေသန လုပ်ငန်းများနှင့် နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ စက်မောင်းစက်ပြင်လုပ်ငန်း အပိုပစ္စည်းရောင်းဝယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ပေးရေး အပါအဝင် စက်မှုလယ်ယာလုပ်ငန်းကို အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးစသည့် စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းရေး လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းဌာနအားလုံး ပေါင်းစည်းဆောင်ရွက်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက အလေးထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



**ကွင်းဆင်းကြည့်ရှု**

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဦးစီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရေဆင်းရှိ စက်မှုလယ်ယာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသုံးချစက်မှုလယ်ယာသုတေသနလုပ်ငန်းနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

**ကူညီပံ့ပိုးနိုင်ရေး ဆောင်ရွက်**

မြန်မာနိုင်ငံတွင် လယ်ယာသုံးစက်ကိရိယာ ဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်စွာ တိုးတက်လျက်ရှိပြီး လက်ရှိ စက်မှုလယ်ယာ ဝန်ဆောင်မှုအသင်း ၁၃၅ သင်း ကို ခိုင်မာသော စီးပွားရေး လုပ်ငန်းများအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးနှင့် သမဝါယမအသင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက် နိုင်ရေးတို့အတွက် အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ အားကောင်းသော လယ်ယာလုပ်ငန်း အခြေပြုစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရန် စီမံအုပ်ချုပ်ရေးဆိုင်ရာ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများကိုလည်း သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

**ပညာပေးလုပ်ငန်းအရှိန်မြှင့်**

သာမန် ထွန်ယက်ခြင်းမှ မြေဆီလွှာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပါ ထည့်သွင်း၍ စနစ်တကျဆောင်ရွက်နိုင်ရေး၊ သီးနှံအရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရေးအပြင် အသားထုတ်လုပ်မှု၏ အဓိကအရင်းအမြစ်ဖြစ်သော မွေးမြူရေးတိရစ္ဆာန်အစားအစာများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် သီးထပ်စိုက်ပျိုးနိုင်ရေး၊ ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းပြီးနောက်ပိုင်း လုပ်ငန်းစဉ်များတွင် စက်စွမ်းအား အပြည့်အဝအသုံးပြုနိုင်ရေး၊ သွင်းအားစု ပိုးသတ်ဆေးများ အသုံးပြုရာတွင် စက်များအသုံးချ၍ တောင်သူများ ထိရောက်စွာနှင့် စီးပွားရေးတွက်ခြေကိုက်ပြီး ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ကြစေရန် စက်ကိရိယာအသုံးပြုမှု လက်တွေ့သရုပ်ပြပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်သည်။

**သင်တန်းများ တိုးချဲ့**

အလားတူ စိုက်ပျိုးရေးသိပ္ပံအပါအဝင် နည်းပညာသိပ္ပံကျောင်းဆင်း မောင်မယ်များကို လုပ်ငန်းခွင် တိုက်ရိုက်ဝင်ရောက်ခွင့် အာမခံချက်ပေးနိုင်သည့် လယ်ယာသုံး စက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရ သင်တန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများက ကြိုဆိုကြစဉ်။



ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

***◆ရွှေဖုံးမှ***

လမ်းညွှန် မှာကြားခဲ့သဖြင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး ယခင်ကာလကတည်းက အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ခေါ်ဆောင်ရန် တပ်မတော်မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့သည် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ လူမွတ်(Lumut)ရေတပ်ဆိပ်ကမ်းသို့ စတင်ထွက်ခွာခဲ့သည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်၃ စင်းသည် မလေးရှားနိုင်ငံ လူမွတ်(Lumut)ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား မလေးရှားနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံရယူပြီး လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အဝတ်အစား အသုံးအဆောင်များ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကာ လမ်းခရီးစဉ်တစ်လျှောက်တွင်လည်း လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲဖြစ်ပေါ်နေသူများအား ယခင်အစိုးရလက်ထက်တွင် ခေါ်ယူရန် တင်ပြခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့သည့်အတွက် ခေါ်ယူမှုမအောင်မြင်ခဲ့ဘဲ ယခုမှသာ အောင်မြင်စွာ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ခေါ်ယူရာတွင်လည်း ခေါ်ယူမှု မအောင်မြင်စေရန် မလိုလား၊ မနှစ်သက်သူများက အကြောင်းအမျိုးမျိုးဖြင့်ဟန့်တားနှောင့်ယှက်ခဲ့သော်လည်း မြန်မာနိုင်ငံသား တိုင်းရင်းသားများအတွက် တပ်မတော်၏ မဆုတ်မနစ်ဖွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ အမှတ် (၃) ရေတပ်ဆိပ်ကမ်းသို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့သည်။

အောင်မြင်စွာ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား တိုင်းရင်းသားများကို ရန်ကုန်တိုင်း စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ၊ အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထိန်ဝင်းနှင့် တပ်မတော် (ရေ) မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက အတီးအမှုတ် အကအခုန်များဖြင့် နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။ ထိုသို့မြန်မာနိုင်ငံသားများ ဝမ်းပန်းတသာပြန်လည်ရောက်ရှိမှုများကို ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ လာရောက်သတင်းရယူကြသည်။

ပြန်လည် ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများအား တပ်မတော်မှဖွင့်လှစ်ထားရှိသော Quarantine Center များတွင် COVID-19 စည်းကမ်းများနှင့်အညီ စနစ်တကျ စောင့်ကြည့်ထားရှိပြီးနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း သက်ဆိုင်ရာများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **သတင်းစဉ်**

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကျောင်းနှင့်ဝန်းကျင်ပြုပြင်ဆင်မှုများ ဆောင်ရွက်

**လောက်ကိုင် ဖေဖော်ဝါရီ ၂၇**

အခြေခံပညာကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရန် ကျောင်းနှင့် ကျောင်းဝန်းကျင် ဥပဓိရုပ် ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့နံနက်ပိုင်းတွင် လောက်ကိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်းတို့တွင် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငြိမ်းချမ်းအေး ဦးစီးသောရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ကျောင်းနှင့် ဝန်းကျင်စုပေါင်းသန့်ရှင်းရေးလုပ်ခြင်း၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများ နေရာချထားခြင်း၊ ကျန်းမာရေး လမ်းညွှန်ချက်များနှင့် ညီညွတ်စေရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး ကိစ္စများကို စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာ့မီးရထားက ရထားလမ်းပိုင်းများ၊ ရထားသွားလာရေးစနစ်များနှင့် ဘူတာများ၏လုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

လက်ရှိ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစ၍ မြန်မာ့မီးရထား၏ခရီးသည် ရထားခရီးစဉ်များနှင့် ကုန်ရထားခရီးစဉ်များကို လျှော့ချရပ်ဆိုင်းထားရသည်ဖြစ်ရာ အဆိုပါ အခြေအနေမှ လုပ်ငန်းများ ပုံမှန်ပြန်လည် အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် လိုအပ်သည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့မီးရထား ရုံးချုပ်မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့်အရာထမ်းများသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြေးဆွဲသောခရီးတို RBE ရထားဖြင့် တောင်ငူ-ပျဉ်းမနားလမ်းပိုင်း (၅၉)မိုင်အတွင်း လိုက်ပါ၍ ရထားသံလမ်းနှင့် တံတားများ၏ ကြံ့ခိုင်မှု၊ ဆက်သွယ်ရေးနှင့် အချက်ပြစနစ်များ၏အခြေအနေ၊ ဘူတာ (၁၅)ဘူတာတို့၌ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ ဆက်လက်၍ ၎င်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက်တွင် RBE ရထားဖြင့် ပျဉ်းမနား-ပျော်ဘွယ်လမ်းပိုင်း (၆၂)မိုင် အတွင်းရှိ ရထားလမ်းကြံ့ခိုင်မှု၊ ဘူတာ (၁၆)ဘူတာတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။



အလားတူ ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာ့မီးရထားမှ (အထက်မြန်မာပြည်)နှင့် တိုင်းအဆင့်အရာထမ်းများ၊ တာဝန်ရှိသူများသည် ခရီးတို RBE ရထားဖြင့် မန္တလေး-ခင်ဦးရထားလမ်းပိုင်း (၇၈)မိုင်အတွင်းရှိ ရထားလမ်းအခြေအနေနှင့် ဘူတာ(၂၂)ဘူတာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဤသို့ ဆောင်ရွက်မှုအစီအစဉ်များတွင် မြန်မာ့တပ်မတော် ဒေသခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများကလည်း လုံခြုံရေး၊ လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးတို့အတွက် လိုအပ်သည်များ ကူညီညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာ့မီးရထားအနေဖြင့် အရေးကြီးသော ရထားလမ်းပိုင်းအလိုက် လမ်းပိုင်းကြံ့ခိုင်မှု၊ သွားလာရေးစနစ်များနှင့် ဘူတာများ၏အခြေအနေတို့အရ မကြာမီတွင် ခရီးတိုနှင့် ခရီးဝေးလူစီးရထားခရီးစဉ်များ၊ ကုန်ရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားမှာ ဒုက္ခရောက်နေတဲ့သူတွေကို အခုလို နိုင်ငံတော်အစိုးရက သဘော်နဲ့ အခမဲ့ခေါ်ဆောင်ပေးတာ အားလုံးကို ကျေးဇူးတင်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့သူတွေကိုလည်း ထပ်ခေါ်ပေးပါလို့ နိုင်ငံတော်အစိုးရတာဝန်ရှိသူတွေကို ပြောချင်ပါတယ်။

**မနီနီလွင်**



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မနီနီလွင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စာနာထောက်ထားစွာ ကူညီပံ့ပိုးသည့်အနေဖြင့် တပ်မတော်မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့ဖြင့် မလေးရှားနိုင်ငံ လူမွတ် ရေတပ်ဆိပ်ကမ်းမှ ခေါ်ဆောင်လာခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ရောက်ရှိပြီး မြန်မာနိုင်ငံသား ၁၀၈၆ ဦး ပြန်လည်ခေါ်ဆောင်လာခဲ့သည်။

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာသည့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက်လယ်ကုန်းကျေးရွာမှ မနီနီလွင်က “မလေးရှားကို ၂၀၂၀ ပြည့်နှစ် ၂ လပိုင်းက ရောက်ပါတယ်။ ဟိုရောက်ပြီး မကြာဘူး ကိုဗစ်ဖြစ်လို့ အလုပ်မလုပ်ရဘူး။ ၅ လပိုင်းကျော်မှ အလုပ်လုပ်ရတယ်။ အလုပ် ၁၀ ရက်ပဲ လုပ်ရသေးတာ။ အော်ပရာစီဝင်လို့ အဖမ်းခံရတယ်။ ပတ်ပို့စ် မရှိတဲ့အတွက် အချုပ်ထဲမှာ ၁၀ ရက် နေရပြီး ထောင်ကိုပို့လိုက်တယ်။ အချုပ်ရော ထောင်ရော တစ်လနဲ့ ဆယ်ရက်နေရတယ်။ အခု နိုင်ငံတော်အစိုးရက ပြန်ခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီကိုမပြန်ခင် ကိုဗစ်ရှိ၊ မရှိ စစ်ဆေးပြီး သီးသန့်ခန်းမှာ ထားပါတယ်။ မြန်မာနိုင်ငံကို အပြန်ခရီးမှာ သင်္ဘောပေါ်မှာလည်း နေရထိုင်ရတာ၊ စားရသောက်ရတာ အဆင်ပြေပါတယ်။ ဒီလိုမျိုး ပြန်ရမယ်ဆိုတာလည်း ထင်မထားမိဘူး။ ကျန်းမာရေးအတွက်လည်း သင်္ဘောပေါ်မှာ အချိန်ပြည့် ဂရုစိုက်ပါတယ်။ မိန်းကလေးအသုံးအဆောင်ပစ္စည်းကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ ကလေးတွေအတွက်လည်း ဆန်ပြုတ်ယူမလား၊ နို့မှုန့်ယူမလား အကုန် အစစအရာရာ လုပ်ပေးပါတယ်။ အိမ်က မိသားစုတွေကို သင်္ဘောပေါ်မှာ ရေတပ်ဗိုလ်ကြီးက ဖုန်းဆက်ပေးလို့ မိသားစုဝင်တွေနဲ့ ဖုန်းအဆက်အသွယ်ရပါတယ်။ ပြန်ရောက်လာပြီဆိုတာ အိမ်က သိပါတယ်။ နိုင်ငံခြားမှာ ဒုက္ခရောက်နေတဲ့သူတွေကို အခုလို နိုင်ငံတော်အစိုးရက သဘော်နဲ့ အခမဲ့ခေါ်ဆောင်ပေးတာ အားလုံးကို ကျေးဇူးတင်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့သူတွေကိုလည်း ထပ်ခေါ်ပေးပါလို့ နိုင်ငံတော်အစိုးရ တာဝန်ရှိသူတွေကို ပြောချင်ပါတယ်။ ဟိုမှာ ကျန်ခဲ့တဲ့သူတွေအတွက်လည်း စိတ်မကောင်းဖြစ်မိပါတယ်”ဟု ပြောသည်။

**လင်းလက်**

# ခရီးသွားလုပ်ငန်းများ ရှင်သန်စေခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆီသို့

ခင်မောင်(ဟိုတယ်/ခရီး)



## စိတ်အပန်းပြေရာ ခရီးသွားမှာ

လူသားတို့သဘာဝ တစ်ဦးတစ်ယောက်တည်း နေထိုင်ခြင်းထက် အများနှင့် စုပေါင်းအုပ်စုဖွဲ့ နေတတ်ကြသည်ဖြစ်ရာ ဘဝရှင်သန်ရပ်တည်ရန် စားဝတ်နေရေးအတွက် တစ်နေ့တာကာလနိစ္စဓူဝ အလုပ်များဖြင့် ရုန်းကန်ကြရင်း တွေ့ကြုံခံစားရသည့် စိတ်ဖိစီးမှုများ၊ ပတ်ဝန်းကျင်လုပ်ငန်းခွင်၏ ဖိစီးမှုများ၊ အလုပ်ရှင်နှင့် အလုပ်သမားကြား ဆက်ဆံမှုမှ ကြုံတွေ့ရသည့် မပြေလည်မှုများ အစရှိသည်တို့ ပြေပျောက်စေရန်အလို့ငှာ ကိုယ်ပိုင်အားလပ်ရက်များ၊ အလုပ်အားလပ်ချိန်များနှင့် အလုပ်ပင်ပန်း၍ အနားယူလိုသည့် အချိန်ကာလများတွင် မြန်ပြည်အနှံ့ အပန်းဖြေခရီးများ သွားလာကြသည့်အလေ့အထရှိကြပါသည်။

မြန်ပြည်အနှံ့ ခရီးသွားများအား ဆွဲဆောင်နေသည့် ခရီးစဉ်အချို့ ကောက်နုတ်တင်ပြရလျှင် ကချင်- မြစ်ဆုံ၊ ကယား- မိုးဗြဲဆည်၊ ကရင်- ဇွဲကပင်၊ ချင်း-ရိဒ်ရေကန်၊ မွန်-ကျိုက်ထီးရိုး၊ ရခိုင်- မြောက်ဦး၊ ရှမ်း-အင်းလေး ခရီးစဉ်များ အပါအဝင် ရန်ကုန်-ရွှေတိဂုံ၊ ပဲခူး - ရွှေမော်ဓော၊ မကွေး-မြသလွန်၊ စစ်ကိုင်း- ဆွမ်းဦးပုညရှင်၊ မန္တလေး-မဟာမြတ်မုနိ၊ တနင်္သာရီ - ထားဝယ်ရှင်ကိုးရှင်၊ ဧရာဝတီမော်တင်စွန်း စသည့်တန်ခိုးကြီး ဘုရားဖူးခရီးစဉ်များ ကချင်ပြည်နယ် အင်းတော်ကြီး၊ တနင်္သာရီမြိတ်ကျွန်းစု၊ ဧရာဝတီ၊ ငွေဆောင်၊ ချောင်းသာ၊ ရခိုင် ငပလီ စသည့် အပန်းဖြေခရီးစဉ် များ၊ မိမိတို့ယုံကြည်ကိုးကွယ်ရာ သက်ဆိုင်ရာဘာသာအလိုက် ခရီးစဉ်များကို ရွေးချယ်သွားလာခြင်းဖြင့် မိမိတို့နှစ်သက်ရာ၊ နီးစပ်ရာ မြို့၊ ရွာများသို့ ခရီးတို၊ ခရီးရှည်စုပေါင်းကာ သို့မဟုတ် တစ်ဦးတစ်ယောက်ချင်း အစီအစဉ်ဖြင့် မိမိတို့ နေရပ်အလုပ်ခွင်မှ ခေတ္တထွက်ခွာ၍ စိတ်အပန်းပြေစေခြင်း၊ လုပ်ငန်းခွင်၏ ဖိစီးမှုများမှ ရုန်းထွက်ခြင်းတို့ဖြင့် စိတ်လွတ်လပ်ပျော်ရွှင်စေရန် ခရီးထွက်လေ့ရှိကြပါသည်။

## ကိုဗစ်နှင့် တစ်နေ့တာစိတ်ညစ်စရာ

မကြာမီကာလများ ကမ္ဘာတစ်ဝန်းလုံးရှိ မိသားစုများ၊ ဆွေမျိုးသားချင်းများ၊ အစိုးရ ပုဂ္ဂလိက ဝန်ထမ်းများ၊ ပြည်သူများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ ခြိမ်းခြောက်မှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့ ခံစားနေကြရပြီး ရာသီစက်ဝန်း တစ်ပတ်လည် ကာလရှည်ကြာ အိမ်တွင်းပုန်း၍ စိတ်နှလုံး ညစ်နွမ်းမှုများဖြင့် တစ်နေ့တာကာလများကို ဖြတ်သန်းနေကြရသည်နှင့်အညီ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေးများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးရပ်တန့်ကာ အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေရလမ်းများ၊ ရောင်းဝယ်ဖောက်ကားမှုများ စသည့်နေ့စဉ်လူနေမှုဘဝဆိုင်ရာ အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရကာ ယခင်က ရရှိခဲ့သော ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ အေးချမ်းသာယာမှုများ ပျောက်ဆုံးကာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်း၍ အလိုမကျမှု၊ စိတ်ရှည်သည်းခံလိုစိတ်မရှိ လူသားအချင်းချင်း ရန်လိုမှု၊ မလိုမုန်းထားမှု စသည့်မကောင်းစိတ်၊ စိတ်ညစ်၊ စိတ်ဆိုးများဖြစ်တည်ခံစားရကာ အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကို အရောင်ဆိုးညစ်နွမ်းစေလိုသည့် ခက်ထန်မှုများ လွှမ်းမိုး၍ မိမိတို့၏ တစ်နေ့တာကာလကို ကျင်လည်ဖြတ်သန်းနေကြရသည်မှာ ရက်မှ လ၊ လမှ နှစ်သို့တိုင် ကာလရှည်ကြာလာခဲ့ပြီဖြစ်သော်လည်း ကုစားရန်ဆေးမရှိ၊ မပြည့်စုံခြင်း၊ စိတ်ဖြေဖျောက်ရန် အပန်းဖြေရန်ထွက်ပေါက်မရှိ ဖြစ်နေကြရကာ သက်ဆိုင်ရာ ဘာသာ အယူဝါဒလမ်းညွှန်မှုများ မေ့လျော့ကာ လူမှုပတ်ဝန်းကျင်နယ်ပယ်အတွင်း ဆက်ဆံရေး အဆင်မပြေ မအေးချမ်း မပြေလည်မှုများနှင့် တစ်နေ့တာ လူမှုဘဝရပ်တည်မှုအတွက် လိုအပ်သည့် သွားလာမှုများမှာပင် စိုးရိမ်ကြောင့်ကြမှုများဖြင့် ဖြတ်သန်းကျင်လည်နေခဲ့ရသည့် အချိန်ကာလကို အမြန်ကျော်လွန်လွတ်မြောက်လိုကြသည့် စိတ်ဆန္ဒများ လူကြီးလူငယ်အများစုမှာ ဖြစ်ပေါ်ခံစားနေကြရလိမ့်မည်ဖြစ်ပါသည်။

> “ ခရီးသွားလုပ်ငန်းဖြင့် ဘဝရှင်သန်ရပ်တည်နိုင်ရေး ဆောင်ရွက်နေကြရသည့် လုပ်ငန်းရှင်များ၊ လုပ်သားများ၊ စက်ယန္တရားများ စသည့် သက်ရှိသက်မဲ့များသည် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွင့်လှစ်မှုကြောင့် ပေါ်ထွန်းလာမည့် ရွှေရောင်နေ့သစ်များကို ဝမ်းသာလှိုက်လှဲ မျှော်လင့်ကြိုဆိုလျက်ရှိနေ”

## ခရီးသွားကဏ္ဍမှ ပါဝင်ပတ်သက်နေမှု

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း မရှိမဖြစ်ရပ်တည်ခဲ့ကြသည့် ဟိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ ဧည့်လမ်းညွှန်များ၊ ခရီးစဉ်ဒေသအသီးသီးရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သား၊ ငါး ရှာဖွေထုတ်လုပ်ရေး၊ ရောင်းချရေး စသည့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းအသီးသီးဖြင့် အသက်မွေးရပ်တည်နေကြသူများ၊ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းများဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်၊ စက်ယန္တရားနှင့် ဆက်စပ်လုပ်ငန်းများ အစရှိသဖြင့် အခြေခံအဆောက်အအုံဟု ခေါ်ဆိုအပ်သော လူ၊ စက်၊ သီးနှံ၊ သား၊ ငါး၊ လမ်း၊ တံတားမကျန် ပါဝင်ပတ်သက်နေလေရာ ဆက်စပ်မှုသက်ရှိသက်မဲ့များနှင့် ၎င်းတို့ကို အားကိုးသမှုပြုကာ အသက်ရှင် မှီခိုရပ်တည်နေရသည့် လုပ်ငန်းရှင်၊ လုပ်သားမှီခိုအားထား မိသားစုများ ပေါင်းစပ်ရေတွက် ဆန်းစစ်ကြည့်ရသော် နိုင်ငံလူဦးရေ၏ ကြီးမားသည့် ကိန်းဂဏန်းတစ်ခုက ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည် ဆိုခြင်းမှာ ငြင်းကွယ်၍မရသည့် အခြေအနေတစ်ခုဖြစ်၍ နေပါသည်။ ဤမျှရှိသည့် သက်ရှိသက်မဲ့ထုထည်ကြီးသည်လည်း မွန်းကျပ်မှုများကြား အဖြေရှာမရ၊ ရုန်းထွက်၍ မရ၊ ရပ်တည်ရန်ပင် ခက်ခဲသည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေပေလိမ့်မည်။

## စိတ်၏ထွက်ပေါက် ခရီးရောက်မည်

လွတ်လပ်မှုတသည့် လူမှုပတ်ဝန်းကျင် အသစ်တစ်ဖန်ဖြစ်တည်လာရေး စိတ်ဆန္ဒများဖြင့် ထွက်ပေါက်ရှာသော် ကိုဗစ်ကိုကျော်လွန် အနိုင်ယူမည့် ခေတ်မီဆေးဝါးများ ပြည့်စုံစွာရရှိစေခြင်း၊ ကူးစက်ရောဂါကင်းဝေးရာ ဒေသသို့ သွားလာလိုခြင်း သို့မဟုတ် ကူးစက်ရောဂါကို သတိပြုကာ ကိုဗစ်နှင့်အတူ ယှဉ်တွဲနေထိုင်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျလိုက်နာသွားလာခြင်း သို့မဟုတ် မည်သို့သောအကြောင်းများ ရှိစေကာမူ စိတ်ထွက်ပေါက်ရရေး ရည်ရွယ်ချက်တစ်ခုတည်းဖြင့် လာမယ့်ဘေး ပြေးတွေ့အထိန်းအချုပ်မရှိ ခရီးထွက်ခွာခြင်း စသည် စသည်ဖြင့် နည်းလမ်းမြောက်မြားစွာ ရှိလေရာ လူနှင့်လူ့ပတ်ဝန်းကျင်အတွက် အကောင်းဆုံးနှင့် ဖြစ်သင့်သည့်နည်းလမ်းကိုသာ ရွေးချယ်၍ စတင်ဆောင်ရွက်သင့်ပြီး ခရီးသွားလုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေး ချင့်ချိန်မျှော်တွေးဖွင့်လှစ်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရန် အချိန်တန်ပြီဟု ယူဆရပါသည်။

## ကြိုတင်စီစဉ် ဖွင့်ရန်ပြင်သည်

ခရီးစဉ်များ စတင်နိုင်ရန် ပြင်ဆင်ကြရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှု၊ သက်ဆိုင်ရာနယ်ရုံးခွဲများ၏ စီစဉ်မှု၊ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုများဖြင့် ကိုဗစ်-၁၉ ကြောင့် ခရီးသွားလုပ်ငန်းကျဆင်းကာ စီးပွားရေးအရ ထိခိုက်လျက်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ပါဝင်ဆောင်ရွက်နေကြသည့် စက်လှေမောင်း လုပ်ငန်းလုပ်ကိုင်သူများ၊ အနေးယာဉ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ မြင်းလှည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ လက်မှုပညာသည်များ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ စသည်တို့ပါဝင်သည့် အခြေခံလူတန်းစားများအတွက် COVID-19 Relief Package (1) ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းများ၊ ဟိုတယ်ဇုန်အသီးသီးမှ ဟိုတယ်ဝန်ထမ်းများအတွက် COVID-19 Relief Package (2) ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူ COVID-19 Relief Package (3) အနေဖြင့်လည်း ASEAN Standard Tour Guide Upgrading Course for National Tour Guide သင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေး En-chanting Myanmar Health and Safety Protocol အစီအစဉ်ကို ဆောင်ရွက်ရာတွင် လိုအပ်သော လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးနိုင်မည့် သင်ကြားရေးဆရာများ လေ့ကျင့်ပေးနိုင်ရေးနှင့် အကဲဖြတ်စိစစ်ပေးမည့်သူများ ပေါ်ထွန်းလာရေးအတွက် COVID-19 Safe Service Master Trainer (TOT) သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါဆရာဖြစ် သင်တန်းဆင်းပြီးသည့် ဆရာများ ဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆင့်ပွားသင်တန်းများကို ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ စသည့်လုပ်ငန်းနယ်ပယ် ခုနစ်ခုအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ အဆိုပါ သင်တန်းများ ဖွင့်လှစ်မှုအသီးသီးတွင် ပါဝင်သည့် သင်တန်းပို့ချသူ ဆရာများအား ပို့ချသည့် သင်တန်းချိန်အလိုက်နှင့် တက်ရောက်သူသင်တန်းသားများအား သင်တန်းတက်ရောက်မှု နေ့ရက်အလိုက် ထောက်ပံ့ငွေများ ပေးအပ်နိုင်ရန် စီစဉ်မှုဖြင့် သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှု၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှု၊ COVID- 19 Safe Service Master Trainer နှင့် Inspector Training သင်တန်းတက်ရောက်ပြီးသူ သင်ကြားရေးဆရာများ၏ ပါဝင်သင်ကြားမှုဖြင့် ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ လိုအပ်မည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် Online မှ အသိပညာပေးသင်တန်းများ ပို့ချခြင်းတို့ကိုလည်း ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၉ သို့*

# အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်တွင် “နိုင်ငံတော်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေး ဖြစ်စဉ်များတွင် မဲမသမာမှုများ ပေါ်ပေါက်ခဲ့သဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်း” ဖော်ပြပါရှိပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅ တို့အရ ကတိသစ္စာပြုရခြင်း မရှိသေးသောသူများသည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်မြောက်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန် သည့် အသိပေးကြေညာချက်တွင်လည်း “ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ဆဲအဆင့်တွင် မိမိတို့သဘောအလျောက် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီက ဆောင်ရွက်သည့် အစည်းအဝေးများပြုလုပ်ခြင်း၊ ကြေညာချက်၊ အသိပေးချက်များထုတ်ပြန်ခြင်း၊ ကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးခြင်း အစရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့သည် တည်ဆဲဥပဒေများအရ တရားဝင်ခြင်းမရှိကြောင်း” ဖော်ပြပါရှိပါသည်။

၃။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက “ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ” (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့် ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် အဆိုပါ CRPH တွင် ပါဝင်ရန်ဆန္ဒမရှိသူများ အနေဖြင့် နီးစပ်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်တို့ထံသို့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ မတ်လ ၆ ရက်နေ့အထိ ကာလအတွင်း လူကိုယ်တိုင် လာရောက်သတင်းပေးပို့ရန်ဖြစ်ပါသည်။

၄။ သတ်မှတ်ကာလအတွင်း သတင်းပေးပို့ပါက တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုပြုမည်မဟုတ်ဘဲ သတင်းပို့ခြင်းမရှိပါက နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တို့၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၉၄၁၅၃ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၇၇၂၂၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၆၀၅ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၂၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၈၉၃၄ ဦး ဖြစ်သည်။

၃။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၄၂၁၉၉ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၂၆၈၈ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ် မရှိသူများမှာ ၂၃၁၁၂ ဦး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၄၂၁ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၂၉၉၈ ဦး ဖြစ်သည်။

၄။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် မဲရုံပေါင်း ၅၈ ရုံ | ၉၄၁၅၃ | ၇၇၂၂၀ | ၇၆၀၅ | ၇၂၄ | ၈၉၃၄ |
| ၂ | မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မဲရုံပေါင်း ၂၆၃ ရုံ | ၂၄၂၁၉၉ | ၂၁၂၆၈၈ | ၂၃၁၁၂ | ၃၄၂၁ | ၃၂၉၉၈ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

သတင်းများ ရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟု လည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟု လည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့်အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင် ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါသတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကြိုတင်ပြင်ဆင်မှု

ချစ်နိုင်(စိတ်ပညာ)

❖ အောင်မြင်စေတဲ့ အကြောင်းရင်းတရားများစွာထဲမှာ ကြိုးစားမှု၊ စိတ်အားထက်သန်မှု၊ ဇွဲရှိမှု၊ အခက်အခဲတွေကို လက်မလျှော့ အရှုံးမပေးဘဲ ဆက်လက်အားထုတ်ခဲ့မှု စတဲ့အချက်များအပြင် ကြိုတင်ပြင်ဆင်မှုရှိခဲ့မိလို့ဆိုတာတွေ့ရတတ်ပါတယ်

❒ ကြိုတင်မျှော်တွေးခြင်းနဲ့ ကြိုတင်ပြင်ဆင်မှုရှိတဲ့ ပုဂ္ဂိုလ်တွေက ထိပ်တန်း၊ ရှေ့တန်း၊ ထွန်းပေါက်တဲ့အဆင့်အထိ ရောက်ရှိလာကြတာပေါ့

**ချစ်စွာသောတူမောင်**
**ရွှင်လန်းချမ်းမြေ့ပါစေ . . .**

အောင်မြင်မှုတစ်ခု ရရှိတယ်ဆိုပါစို့။

ဒါဟာ အကြောင်းရင်းတစ်ခုတည်းက သီးပွင့်လာခဲ့တာ မဟုတ်ကြောင်းကို အထူးပြောစရာမလိုဘူး ထင်တယ်။ အကြောင်းရင်းတွေ အများကြီး ပေါင်းဆုံစုစည်းရတာဖြစ်ကြောင်း မောင်လည်း သိတယ်။ ဦးဦးလည်း သိတယ်။ အောင်မြင်စေတဲ့ အကြောင်းရင်းတရား များစွာထဲမှာ ကြိုးစားမှု၊ စိတ်အားထက်သန်မှု၊ ဇွဲရှိမှု၊ အခက်အခဲတွေကို လက်မလျှော့အရှုံးမပေးဘဲ ဆက်လက် အားထုတ်ခဲ့မှု စတဲ့အချက်များ အပြင် ကြိုတင်ပြင်ဆင်မှုရှိခဲ့မိလို့ဆိုတာ တွေ့ရတတ်ပါတယ်။

အနာဂတ်ကို မျှော်တွေးကြည့်ရမယ်။

ဘာတွေဖြစ်လာမှာလဲ။ ဘာတွေရှိလာမှာလဲ။

ဘာတွေ ပြောင်းလဲသွားမှာလဲ။

ဘာပဲဖြစ်ဖြစ် မိမိအနေနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုတင်မျှော်တွေးလို့ရသမျှ အခြေအနေအမျိုးမျိုးအတွက် ကြိုတင်ပြင်ဆင်ရမှာပဲလို့ စဉ်းစားမိပါတယ် တူမောင်။

ဆိုင်းဆရာကြီး ဦးဘမောင်၊ နဲ့ဆရာကြီး ဇေယျာညွန့် အစရှိတဲ့ “မြန်မာ့ဆိုင်း၊ နဲ့ပညာကျော်များ” အကြောင်း ပန်းတျာမြင့်အောင် ရေးသားထားတဲ့ စာအုပ်တစ်အုပ်ကို မနက်က ဖတ်ခဲ့မိတယ်။ စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်မှ (၁၉၇၇) ခုနှစ်က ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ စာရေးဆရာ ပန်းတျာမြင့်အောင်က ဆိုင်းဟု ဆိုကြပေမယ့် ဆိုင်းလောကမှာ သဘောသဘာဝ လုံးဝမတူကြတဲ့ ဆိုင်းအမျိုးအစားသုံးမျိုး ရှိတယ်လို့ ဆိုထားပါတယ်။ (၁) ရုပ်သေးဆိုင်း၊ (၂) ဇာတ်ဆိုင်းနဲ့ (၃) ဗလာဆိုင်းတဲ့။ အချို့သော ဆိုင်းဆရာများဟာ တစ်မျိုးတည်းကိုသာ လုပ်ကိုင်အသက်မွေးကြသတဲ့။ အချို့သာ နှစ်မျိုး၊ သုံးမျိုးလုပ်ကိုင် အသက်မွေးကြတယ်လို့ ဆိုထားတယ်။

ရုပ်သေးဆိုင်းနဲ့ ဇာတ်ဆိုင်းဟာ အမြင်အားဖြင့် တူညီကြတယ်လို့ ထင်မြင်ဖွယ်ရှိပါတယ်တဲ့။ သို့သော် အမှန်စင်စစ်မူ မတူကြပါဘူးတဲ့ဗျား။ ရုပ်သေးဆိုင်းက ညဥ့်ဦးပိုင်းမှာ အရုပ်ကလေးများရဲ့ သဘာဝလှုပ်ရှားမှုကို ပေါ်လွင်အောင် တီးမှုတ်ပေးရတယ်။ ဇာတ်ဆိုင်းကျတော့ ညဥ့်ဦးပိုင်းမှာ လက်ရှိခေတ်အခြေအနေကို ပေါ်လွင်အောင် တီးမှုတ်ပေးရတယ်။ မတူဘူး။ ရုပ်သေးဆိုင်းရော ဇာတ်ဆိုင်းပါမြိုင်ထနှစ်ပါးသွားနဲ့ နောက်ပိုင်းဇာတ်ထုပ် ထောက်ပံ့ပို့ဆောင် တီးမှုတ်ပေးရာမှာတော့ တူကြပါတယ်။ သဘာဝချင်းတူကြတယ်လို့ ဆိုထားတယ်။

ဗလာဆိုင်းနဲ့ ရုပ်သေးဆိုင်း၊ ဇာတ်ဆိုင်းတို့ကျတော့ ပိုမိုကွာခြားသွားပြန်ပါတော့တယ်။ ဗလာဆိုင်းက နေ့ပိုင်းလည်း တီးရတယ်။ အကအခုန်မပါဘဲ ပရိသတ်စွဲမက်ချစ်ခင်အောင် တီးမှုတ်ရတာမို့ ဦးဆောင်မှုနဲ့ ပရိယာယ်ပိုများတယ်လို့ ဖော်ပြထားပါတယ်။

ဆိုင်းဆရာအမျိုးမျိုးရှိပုံတွေလည်း ဖော်ပြထားရဲ့။ ပတ်မချောင်ကလာတဲ့ ဆိုင်းဆရာဟာ ပတ်ရင်းနိုင်သတဲ့။ မောင်းဆိုင်း၊ ကြေးနောင်တို့မှ တက်လာတဲ့ ဆိုင်းဆရာဟာ ပတ်ဖျားကို နိုင်သတဲ့။

လက်ရှိ ပန်တျာကျောင်းများနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာယဉ်ကျေးမှုတက္ကသိုလ်တို့တွင် သင်ကြားပြသပိဇ္ဇာဘွဲ့(ဂီတ)ပေးအပ်မယ့် အနုပညာရှင်တွေဟာ ဆိုင်းပညာ၊ နဲ့ပညာ ဘယ်လောက်ထိအောင် တတ်မြောက်ကြမှာပါလိမ့်။ မပြောတတ်ပါ။

ဒီဆရာသင်တဲ့ ဒီကျောင်းထွက်၊ ဒီတက္ကသိုလ်တက်ခဲ့ကြဖူးတဲ့ လူအချင်းချင်း၊ လောကပြင်ကျယ် ဘဝအထွေထွေကို တကယ်ဖြတ်သန်းကူးခတ်ရပြီဆိုတဲ့ အခါမှာတော့ အောင်မြင်မှုချင်း၊ ကျော်ကြားထွန်းကားမှုချင်း မတူညီနိုင်ကြဘူး။ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဂီတဆရာ၊ အကဆရာ နယ်ပယ်အသီးသီးမှာ တစ်ယောက်နဲ့တစ်ယောက် များစွာကွဲပြားခြားနားသွားကြတာ အမြင်ပဲ။ အားလုံးအသိပါပဲ။

သင်တုန်းက အတူသင်ခဲ့ကြတာပဲ။

မြင်တုန်းက အတူမြင်ခဲ့ကြတာ ဟုတ်တယ်။

ဝါသနာ၊ ဗီဇ၊ အားထုတ်မှု၊ ဆည်းပူးမှု၊ စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှု၊ ဇွဲလုံ့လ ပြည့်ဝမှု၊ ဆက်ဆံရေးပြေပြစ်မှု၊ ဂါရဝနိဝါတရှိမှု၊ ပျက်စီးဆုတ်ယုတ်စေတဲ့ အချက်များကို ရှောင်ရှားနိုင်မှုစတဲ့ အချက်တွေက ခွဲခြားလိုက်တာပဲ။

ကြိုတင်မျှော်တွေးခြင်းနဲ့ ကြိုတင်ပြင်ဆင်မှုရှိတဲ့ ပုဂ္ဂိုလ်တွေက ထိပ်တန်း၊ ရှေ့တန်း၊ ထွန်းပေါက်တဲ့ အဆင့်အထိ ရောက်ရှိလာကြတာပေါ့ကွယ်။ အကယ်၍သာ ရုပ်သေးပညာ တိမ်ကောသွားမယ်ဆိုရင် ရုပ်သေးဆိုင်းကို အထူးပြုကျွမ်းကျင်ခဲ့တဲ့ ဆိုင်းဆရာဟာလည်း အလိုအလျောက် နေရာကျဉ်းသွားပေလိမ့်မယ်။ အကယ်၍သာ ဇာတ်သဘင်ပညာ မှေးမှိန်ပျောက်ကွယ်သွားမယ်ဆိုရင် ဇာတ်ဆိုင်းပညာကို အထူးပြုကျွမ်းကျင်ခဲ့တဲ့ ဆိုင်းဆရာဟာ ရပ်တည်မှု ခက်ခဲသွားနိုင်တယ်။

ဗလာဆိုင်းတွေကတော့ နောင်အခါမှာ ဘယ်မျှအထိ အလှူပွဲ၊ ဘုရားပွဲ၊ လူထုဖျော်ဖြေပွဲတွေမှာ တည်ရှိနေကြဦးမှာလဲ။ မြို့ရွာဒေသ ထွန်းကားကြပုံချင်းတောင်မှ မတူကြဘူး။ အချို့တိုင်းတွေမှာ ဆိုင်းအဖွဲ့တွေ အများကြီးပဲ။ မကွေး၊ မန္တလေး၊ စစ်ကိုင်း။ အချို့ပြည်နယ်တွေမှာ ဆိုင်းအဖွဲ့ နည်းပါးကြတယ်။ ကယားပြည်နယ်၊ ချင်းပြည်နယ်။ ဘာပဲပြောပြော ရှေးကနည်းပါးခဲ့ပေမယ့် နောင်ကာလ ပိုမိုကျယ်ပြန့်စည်ပင်တာလည်း ဖြစ်နိုင်တာပါပဲ။ အနုပညာဆိုတာ ပရိသတ်ရဲ့ နှစ်သက်အားပေးမှုရှိလာရင် ရှင်သန်တာပါပဲ။

ကြိုတင်ပြင်ဆင်မှုတွေ ရှိရမယ်။

ဒီအချက်ကိုတော့ အထက်ပါ နမူနာသာဓကဖော်ပြပြီး ဆွေးနွေးချင်တာ ဖြစ်ပါတယ်။ ရှီးဗ်ခဲရာ (Shivkhera) ရေးတဲ့ YOU CAN WIN စာအုပ်ကို မောင်ဉာဏ်တင် ဘာသာပြန်ထားတဲ့ အောင်ရမယ်စာအုပ်မှ အောင်နိုင်သူနဲ့ ရှုံးနိမ့်သူ Winners Versus Losers ဆိုတဲ့ ကဗျာလေးကို ကူးယူတင်ဆက်လိုက်ပါရစေ . . .

## အောင်နိုင်သူနှင့် ရှုံးနိမ့်သူ

အောင်နိုင်သူက
အဖြေဘက်မှာ အမြဲရှိတယ်။
ရှုံးနိမ့်သူက
ပြဿနာဘက်က အမြဲရှိတယ်။
အောင်နိုင်သူမှာ
အစီအစဉ်တကျ အမြဲရှိတယ်။
ရှုံးနိမ့်သူမှာ
ဆင်ခြေအမြဲရှိတယ်။
အောင်နိုင်သူက
‘ခင်ဗျားအတွက်
ဆောင်ရွက်ပေးပါရစေလို့’ပြောတယ်။
ရှုံးနိမ့်သူက
‘ဒါ ငါ့အလုပ်မဟုတ်ဘူး’လို့ ပြောတယ်။
အောင်နိုင်သူက
ပြဿနာတိုင်းရဲ့ အဖြေကိုရှာတယ်။
ရှုံးနိမ့်သူက
အဖြေရှိပြီးသားကို ပြဿနာလုပ်တယ်။
‘ဒီကိစ္စက ခက်တော့ခက်မယ်။
ဒါပေမယ့် လုပ်ရင်ဖြစ်တယ်’လို့
အောင်နိုင်သူက ပြောတယ်။
‘ဖြစ်တော့ဖြစ်တယ်။
ဒါပေမယ့် သိပ်ခက်တယ်လို့’
ရှုံးနိမ့်သူက ပြောတယ်။
အမှားတစ်ခုခုကို လုပ်မိရင်
အောင်နိုင်သူက
‘ကျွန်တော်မှားသွားတယ်’တဲ့။
ရှုံးနိမ့်သူ အပြစ်လုပ်မိရင်
‘ကျွန်တော့်အပြစ်မဟုတ်ဘူး’လို့ ပြောတယ်။
အောင်နိုင်သူက
‘အခိုင်အမာ အာမခံတယ်’
ရှုံးနိမ့်သူက ကတိပေးတယ်။
အောင်နိုင်သူတွေမှာ
စိတ်ကူးအိပ်မက်တွေရှိတယ်။
ရှုံးနိမ့်သူတွေမှာ
အကြံအဖန်တွေရှိတယ်။
အောင်နိုင်သူတွေက
‘လုပ်ကိုလုပ်မှ ဖြစ်မယ်’ တဲ့။
ရှုံးနိမ့်သူတွေက
‘လုပ်ပြီးသားကလေးများ ရလိုက်ရင်’တဲ့။
အောင်နိုင်သူတွေက
အသင်းအဖွဲ့ စိတ်ရှိတယ်။
ရှုံးနိမ့်သူတွေက
အသင်းအဖွဲ့နဲ့ ကင်းကွာတယ်။
အောင်နိုင်သူက
အကျိုးဘက်က ကြည့်တယ်။
ရှုံးနိမ့်သူက
အဆိုးဘက်က ကြည့်တယ်။
အောင်နိုင်သူတွေက
ဖြစ်နိုင်တာကိုပဲ မြင်တယ်။
ရှုံးနိမ့်သူတွေက
ပြဿနာတွေကိုပဲ မြင်တယ်။
အောင်နိုင်သူတွေက
သူလည်းအောင်၊ ကိုယ်လည်းအောင်။
ရှုံးနိမ့်သူတွေက
သူတစ်ပါးနိမ့်ပါးပြီး ကိုယ်အသာစီးရဖို့
ယုံကြည်တယ်။
အောင်နိုင်သူတွေက
ရှေ့မှာဖြစ်လာနိုင်တဲ့ အလားအလာ
တွေကို မြင်တယ်။
ရှုံးနိမ့်သူတွေက
အတိတ်ကိုပဲ ကြည့်တယ်။
အောင်နိုင်သူတွေက
အပူချိန်ကို ထိန်းညှိပေးတဲ့
သာမိုစတက်နဲ့ တူတယ်။
ရှုံးနိမ့်သူတွေက
အပူချိန်တိုင်းတဲ့ သာမိုမီတာနဲ့ တူတယ်။

*စာမျက်နှာ ၉ သို့*

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာ ပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင် တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညို နိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပုသိမ်မြို့ရှိ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ လာရောက်ဖူးမြော်ကုသိုလ်ယူသူများကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

**စနစ်ကျမှ ဖွင့်လှစ်ကြ**

ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ ဆောင်ရွက်နေဆဲကာလများတွင် စနစ်ကျမှု ရှိစေရန် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများပါဝင်မှု၊ စုပေါင်းစိစစ် အကြံပြုမှုများဖြင့် ကြပ်မတ်မှု၊ လုပ်ငန်းရှင်များ လုပ်သားများ၏ ပူးပေါင်းပါဝင်မှု စုပေါင်းအားဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မည်သို့သော အကျပ်အတည်းကို ရင်ဆိုင်ဖြတ်သန်းနေကြရသော်လည်း စည်းကမ်းလိုက်နာ ဘေးကင်းကွာဟူသည့် ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ အားလုံး၏အသိ၊ သတိတရားများဖြင့် မိမိတို့၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ရှင်သန် နိုးထလာစေရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ လုပ်ငန်းကဏ္ဍအသီးသီးကို ဖွင့်လှစ်ကြသည် ဆိုရာတွင်လည်း မနိုင်ဝန်ထမ်းသည့် ဖြစ်ရပ်မျိုးဖြင့် အရှိန်အဟုန်ချက်ချင်း ရပ်တန့်သွားစေခြင်း အကျပ်အတည်းများ ဖြစ်နိုင်ခြေ အနည်းဆုံးဖြင့် လုပ်ငန်းများ စတင်နိုင်ရန် ဆွေးနွေးညှိနှိုင်း စီစဉ်ဆောင်ရွက်သင့်ပါသည်။ စုပေါင်းအားဖြင့် ညီညာစွာဆောင်ရွက်သင့်ပါသည်။

**စုပေါင်းအားဖြင့် နေ့သစ်ဆီသို့**

ခရီးသွားလုပ်ငန်းဖြင့် ဘဝရှင်သန် ရပ်တည်နိုင်ရေး ဆောင်ရွက်နေကြရသည့် လုပ်ငန်းရှင်များ၊ လုပ်သားများ၊ စက်ယန္တရားများ စသည့် သက်ရှိသက်မဲ့များသည် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွင့်လှစ်မှုကြောင့် ပေါ်ထွန်းလာမည့် ရွှေရောင်နေ့သစ်များကို ဝမ်းသာလှိုက်လှဲ မျှော်လင့်ကြိုဆိုလျက် ရှိနေကြသည်ဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းဖြင့် ဒေသနေပြည်သူများ၏ ကြုံတွေ့နေရသည့် အခက်အခဲအချို့ကို ပြေလျော့စေနိုင်ခြင်း အကျိုးငှာ Tourism for People, Tourism for Peace, Tourism for Development, ဖော်ဆောင်နိုင်ရန် ရည်သန်၍ Tourism to be National Strengthening အလို့ငှာ ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံအဝန်းဖွံ့ဖြိုးတိုးတက်ရေး မျှော်တွေးကာ ထည့်သွင်းတွက်ချက် ဆောင်ရွက်စေလိုပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

*စာမျက်နှာ ၈ မှ*

အောင်နိုင်သူက
ပြောသလိုလုပ်တယ်။
ရှုံးနိမ့်သူက ပြောသလိုမလုပ်ဘူး။
အောင်နိုင်သူတွေက
အငြင်းသန်ပေမယ့် အပြောအဆို နူးညံ့တယ်။
ရှုံးနိမ့်သူတွေက
ခံမပြော နားမထောင်၊ အပြောအဆို ကြမ်းတယ်။
အောင်နိုင်သူတွေက
တန်ဖိုးထားရမယ့်အရာကို ခိုင်မာစွာစွဲကိုင်ပြီး
အသေးအဖွဲကိစ္စကို အလျှော့အတင်းရှိတယ်။
ရှုံးနိမ့်သူက အသေးအဖွဲကိစ္စကို
ဇီဇာကြောင်ပြီး တန်ဖိုးထားရမှာကို
ကြုံသလိုလုပ်တယ်။
အောင်နိုင်သူက
'ကိုယ့်ကို သူများက လုပ်ရင်
မကြိုက်တဲ့အလုပ်မျိုးကို
သူတစ်ပါးကိုလည်း ကိုယ်က မလုပ်နဲ့'ဆိုတဲ့
ကိုယ်ချင်းစာတရားရှိတယ်။
ရှုံးနိမ့်သူက 'ကိုယ်က ဦးအောင် တွယ်ထားမှ'ဆိုတဲ့
သဘောတရားကို လိုက်နာတယ်။
အောင်နိုင်သူက
ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တယ်။
ရှုံးနိမ့်သူက ဖြစ်သလိုပဲ နေတယ်။
အောင်နိုင်သူတွေက
အောင်နိုင်ဖို့အတွက် အကွက်ချပြင်ဆင်တယ်။
သော့ချက်ကျတဲ့ စကားလုံးကတော့
**'ကြိုတင်ပြင်ဆင်မှု'** ပါပဲ။

ရှီးဗ်ခဲရာဆိုတဲ့ စာရေးဆရာက 'ကြိုတင်ပြင်ဆင်မှု'ဟာ သော့ချက်ကျတဲ့ စကားလုံးလို့ ဆိုထားခဲ့ပါတယ်။

တူမောင် ...

အောင်မြင်ချင်တယ်ဆိုရင် အခြေအနေအရပ်ရပ်ကို စနစ်တကျ လေ့လာသုံးသပ်ပြီး အကွက်ချ ပြင်ဆင်ထားပါလေ။ ကြိုတင်ပြင်ဆင်မှုများကို မနားမနေ ဆောင်ရွက်ပါလေလို့ တိုက်တွန်းလိုက်ပေရဲ့။

**ချစ်စွာသော**

**ချစ်နိုင်(စိတ်ပညာ)**

**ရုပ်ရှင်အောင်လံ ရသစုံမဂ္ဂဇင်း၊**

**အောက်တိုဘာလ၊ ၂၀၀၂ခုနှစ်၊**

# လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

*◆ကျောဖုံးမှ*

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅ တို့တွင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ရန် လိုအပ်ချက် (၃) ချက် အနက် "ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း မပြုရသေးပါက သဘာပတိ၏ ရှေ့မှောက်၌လည်းကောင်း၊ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးပါက ဥက္ကဋ္ဌ၏ ရှေ့မှောက်၌လည်းကောင်း နောက်ဆက်တွဲ(က)ပါအတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးပြီးသူဖြစ်ခြင်း" ဟူသည့် အချက်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကတိသစ္စာ မပြုရသေးသူများသည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်မြောက်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

၄။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင် ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်း ဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့် ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*❖ကျောဖုံးမှ*

စတင်ကူးစက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၃-၂၀၂၁) ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

*●ကျောဖုံးမှ*

ထို့နောက် ကိုဗစ်-၁၉ ကူးစက်မြန် အဆုတ်ရောင်ရောဂါ ကာကွယ်တားဆီးရန် ရပ်နားထားခဲ့ရာမှ ယခုအခါ ရောဂါကူးစက်မှုနှုန်း လျော့ကျလာပြီဖြစ်သဖြင့် ဒေသခံခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ပြေးဆွဲခြင်းဖြစ်သည်။

ယင်းကစ္စပနဒီ-၃ ရေယာဉ်သည် အတိုင်းအတာအားဖြင့် (၃၄ ဒသမ ၇၁ မီတာ x ၆ မီတာ x၂ ဒသမ ၇၀ မီတာ)ရှိပြီး ခရီးသည် ၁၅၀ တင်ဆောင်နိုင်၍ တစ်နာရီလျှင် ရေမိုင် ၂၀ ခန့် ခုတ်မောင်းနိုင်သည်။ ယင်းရေယာဉ်ဖြင့် အပတ်စဉ် စနေနေ့ နံနက် ၆ နာရီတွင် စစ်တွေမြို့မှ ကျောက်ဖြူသို့ စတင်ထွက်ခွာပြီး တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် ကျောက်ဖြူမြို့မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# လိုတာထက်ပိုရင် မလိုတာတွေဖြစ်လာတတ်တယ်

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ် စကားပြောခန်း (၃)

ဒေါင်

ပြီးခဲ့တဲ့ တစ်လကျော်က ညဦးပိုင်းဆိုရင် လက်ဖက်ရည်ဆိုင်လေးထိုင်၊ မိတ်ဆွေတွေနဲ့ ထွေရာလေးပါး စကားလေးပြောရင်း အချိန်ကုန်တတ်ပေမယ့် ဒီနွေဦးကတော့ ကိုသံချောင်းကို အတော်လေးစိတ်ရှုပ်ထွေးစေတဲ့ ကာလဖြစ်ပါသည်။ မတူညီတဲ့အယူအဆ၊ အတွေးအခေါ်တွေကို ငြင်းခုန်ကြရင် နာကြည်းမှုမပါဘဲ အရင်လို စိတ်လက်ပေါ့ပါး သွားလေပြီမလား… အတွေးစတွေကိုဖြန့်ကြက်ရင်း အိမ်ရှေ့လမ်းမကို မျှော်ကြည့်မိတော့ “ကိုသံချောင်းရေ ဘာတွေထိုင်တွေးနေတုံး..” စကားတောင်မဆုံးသေးမီ အိမ်ဝသို့ မစာဥ ဆတ်တောက်ဆတ်တောက်နှင့် လမ်းလျှောက်လာသည်။

“နေ့တိုင်း စဉ်းစားခန်း ထုတ်နေတာနဲ့ အိုင်ဒီယာသစ်တွေရနေပြီထင်ပါရဲ့။ ခေါင်းရှင်းရှင်းနဲ့ အတွေးသစ်တွေရအောင် ဆေးယူလာခဲ့တယ်.. ရော့..ဒီမှာ.. စပယ်ရှယ်ဆီးယို.. ကိုယ်တိုင်ထိုးလာခဲ့တာ။ နွေဦးနဲ့ ဆီးယိုပေါ့ရှင်..”

လာပါပြီ မရှင်းမရှင်း ပြောတတ်တာကိုက အပျိုကြီးမမတွေရဲ့ ဝသီထင်ပါရဲ့။

### သနပ်ခါးတွေ ထူလဗျစ်နဲ့

“ဟုတ်ပါပြီဗျာ.. မစာဥရဲ့ နွေဦးဆီးယိုလေး စားရင်း ရေနွေးကြမ်းလေးသောက်ပြီး စကားလေး ဘာလေး ပြောကြတာပေါ့။ ဒါနဲ့ သနပ်ခါးတွေ ထူလဗျစ်နဲ့ ဘယ်လိုဖြစ်လာတာတုံး”

“ဒိတ်အောက်လိုက်တာရှင်။ ဒါက အင်တာနေရှင်နယ်အထိရောက်အောင် လိမ်းပြတာရှင့်။ သနပ်ခါးကမ်ပိန်းပေါ့။ ဒါတွေထားပါဦး။ ကျွန်မ ရှင့်ကိုတစ်ခုပြောမယ်၊ ဒီကနေ့ဖြစ်နေတဲ့ပြဿနာတွေဟာ စစ်အာဏာရှင်နဲ့ ပြည်သူရဲ့ ပြဿနာတဲ့.. ရှင့်အမြင်ကရော”

“ကျွန်တော်ကတော့ ဒီနေ့ ဖြစ်နေရတာတွေဟာ NLD နဲ့ သူ့ကိုလိုလားသူတွေက တစ်ဖက်၊ တပ်မတော်ဦးဆောင်တဲ့ တိုင်းရင်းသားတွေ အပါအဝင် နိုင်ငံရေးအင်အားစုတွေက တစ်ဖက်လို့ မြင်တာပဲဗျာ။ ဆူပူဆန္ဒပြတဲ့ နေရာအများစုဟာ NLD အင်အားကောင်းတဲ့နေရာတွေပေါ့။ ရန်ကုန်၊ မန္တလေးနဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေမှာ အများဆုံးဆူပူနေကြတာမဟုတ်လား။ အခုအချို့နေရာတွေမှာ တပ်နဲ့ပြည်သူ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူတွေထိပ်တိုက်တွေ့ကြပေမယ့် အားလုံးဟာ မိသားစုလေဗျာ။ ခွဲခြားလို့ မရဘူးလေဗျာ။ ဒါကြောင့် အချို့ပြည်သူတွေက ရဲတွေကို ပန်းတွေပေးကြ၊ ရေသန့်ဘူးတွေ ပေးကြ၊ မုန့်တွေ ကျွေးကြနဲ့ပေါ့”

“အဲဒါတော့ ကျွန်မလည်း အထိုက်အလျောက် လက်ခံပါတယ်ရှင်။ အစိုးရတစ်ရပ်ရပ်ကို ကျရှုံးအောင်လုပ်ဖို့ဆိုတာ လွယ်တဲ့ဖြစ်စဉ်တော့ မဟုတ်ဘူးလေ။ အထူးသဖြင့် အင်စတီကျူးရှင်း ခိုင်ခိုင်မာမာနဲ့ တည်ဆောက်ထားတဲ့ တပ်မတော်အစိုးရဆိုရင် ပိုပြီးခက်တာပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ဆောင်ရွက်နေတာဆိုပြီး လက်ခံသဘောပေါက်တဲ့ ပြည်သူတွေလည်း အများကြီးရှိနေတာလေ”

“ အဲဒါတော့ ကျွန်မလည်း အထိုက်အလျောက် လက်ခံပါတယ်ရှင်။ အစိုးရတစ်ရပ်ရပ်ကို ကျရှုံးအောင်လုပ်ဖို့ဆိုတာ လွယ်တဲ့ဖြစ်စဉ်တော့ မဟုတ်ဘူးလေ။ အထူးသဖြင့် အင်စတီကျူးရှင်းခိုင်ခိုင်မာမာနဲ့ တည်ဆောက်ထားတဲ့ တပ်မတော်အစိုးရဆိုရင် ပိုပြီးခက်တာပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ဆောင်ရွက်နေတာဆိုပြီး လက်ခံသဘောပေါက်တဲ့ ပြည်သူတွေလည်း အများကြီးရှိနေတာလေ ”

“ခင်ဗျားကိုတော့ လေးစားမိသွားပြီဗျာ။ အမှန်အတိုင်း မြင်တတ်လာပြီခင်ဗျ”

“အမလေး ကိုသံချောင်းရယ် ကျွန်မက ခြင်္သေ့လို ကျင့်တယ်ရှင့်။ ရှင်ကြားဖူးတယ် မဟုတ်လား ခြင်္သေ့ဆိုတာ ခဲနဲ့ပေါက်ခံရရင် ခဲကို မကြည့်ဘူး ခဲလာရာကို ကြည့်တာလေ။ ခွေးကျတော့ ခဲနဲ့ပေါက်ခံရရင် ခဲကိုပဲ ကြည့်ပြီးလာတဲ့ အရပ်ကိုမကြည့်ဘူးရှင့်။ ကျွန်မက ပညာရှိဆိုတော့ ဖြစ်စဉ်တစ်ခုဆို အတွင်းကျကျကို လေ့လာတတ်တာ”

“အဲဒါတွေကြောင့် အပျိုကြီးဖြစ်နေတာထင်ပါရဲ့။ ကျွန်တော်က ခင်ဗျားကို လေးစားပြီးရင်း လေးစားတာပေါ့ဗျာ”

### ကောလာဟလတွေကလည်းရှိ

“တော်ပါရှင့် လေးစားရုံပဲထားပါ။ အဆင့်တက်ဖို့တော့ ယောင်လို့တောင် စကားဦးမသန်းပါနဲ့။ အခုဆိုရင် ပြည်သူတွေက နေရတာ မလုံခြုံတော့ဘူးရှင့်။ မီးကွင်းလာပစ်တယ်တို့၊ အဆိပ်ခတ်မယ်တို့လို ကောလာဟလတွေကလည်းရှိတော့ ညညဆိုရင် ကျွန်မတောင် ဂုဏ်တော်ကွန်ချာတွေရွတ်၊ စည်းတွေချပြီး အိပ်နေရတယ်။ စိတ်ပူတာပေါ့ရှင်။ ရှင်ရော အဲဒီလိုစိတ်မပူဘူးလား”

“မပူဘဲရှိမလားဗျ.. ကျွန်တော်က မိန်းမတောင်မရသေးတာ ငြိမ်းချမ်းချင်တာပေါ့။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စိတ်ရှည်သည်းခံပြီးနေခဲ့ပေမယ့် နေ့စဉ်နဲ့အမျှ ဥပဒေချိုးဖောက်၊ မင်းမဲ့စရိုက်ဆန်တာတွေ တွေ့လာတဲ့အတွက်အရေးယူသွားမယ်ဆိုပြီး ထုတ်ပြန်ထားတယ်လေ။ အကြမ်းဖက်ဆူပူမှုတွေက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ရာဇသတ်ကြီးပုဒ်မတွေနဲ့ ငြိစွန်းတယ်လေဗျာ။ ပြောရရင်တော့ အဲဒီလိုဥပဒေအရ ဆောင်ရွက်အရေးယူမှုတွေ ဖြစ်လာရင်တော့ မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူတွေ ရပ်တန်းရပ်သွားပါလိမ့်မယ်။ အဲဒီကျ အပျိုကြီး အိပ်ရေးဝဝ အိပ်လို့ရပါပြီ”

“ဒါပေမယ့်လည်း မသိနားမလည်တဲ့ပြည်သူတွေက ဥပဒေတွေ၊ ပုဒ်မတွေကိုမသိဘဲ ဆက်လုပ်နေမိကြမှာတော့ စိုးရိမ်မိပြန်တယ် ကိုသံချောင်းရေ။ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အစုအဝေးမှာပါဝင်သူတွေက ရာဇသတ်ကြီးပုဒ်မ ၁၄၃ အရ ထောင်ဒဏ် ခြောက်လတဲ့၊ ရာဇသတ်ကြီးပုဒ်မ ၁၄၄ မှာ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးမှာ သေစေနိုင်တဲ့ လက်နက်ကို ကိုင်စွဲလျက် ပါဝင်မယ်ဆိုရင် ထောင်ဒဏ် ၂ နှစ်တဲ့လေ။ တခြားပုဒ်မတွေလည်း ရှိသေးတာပေါ့။ အစိုးရိမ်ဆုံးကတော့ ရာဇသတ်ကြီးပုဒ်မ ၁၂၄ (ဂ)ပဲ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားကိုဆောင်ရွက်နေတဲ့ ဆောင်ရွက်မှုအောင်မြင်ရေးကို နှောင့်နှေးစေရန်၊ ပျက်ပြားစေရန်ပြုမူဆောင်ရွက်လျှင် ထောင်ဒဏ်အနှစ် ၂၀ အထိ ချမှတ်နိုင်တယ်ဆိုပြီး ကြားမိတယ်”

“ဟုတ်တာပေါ့ မစာဥရယ်။ ရည်ရွယ်ချက်ရှိရှိနဲ့ တိုင်းပြည်ပျက်စီးဖို့လုပ်သူတွေအတွက် ထိုက်တန်တဲ့ ဥပဒေနဲ့ ပြစ်ဒဏ်တွေပေါ့။ ဒါပေမယ့် ရောယောင်ပြီး ပါသွားမယ့် မသိနားမလည်သူတွေအတွက် စိတ်ပူစရာပဲ။ ခံစားချက်တွေကို ရှေ့တန်းတင်၊ မြှောက်ပင့်သူတွေရဲ့ စကားကိုနားယောင်ပြီး ပကတိအခြေအနေကို မသုံးသပ်တတ်ကြရင် တည်ဆဲဥပဒေတွေကို မျက်ကွယ်ပြုမိကြမှာမျိုး စိတ်ပူစရာပါပဲဗျာ”

“အခုလို တိုင်းပြည်အရေးကြီးချိန်မှာ ပါဝါနိုင်ငံရေးလေဟာနယ်အရ နေရာဝင်ယူလိုသူတွေက လူထုအပေါ် အသုံးချသွားမှာကိုလည်း ကျွန်မတော့ စိုးရိမ်တာပဲ။ ဒီလိုလူထုလှုပ်ရှားမှုတွေက ရှည်ကြာလာခဲ့မယ်ဆိုရင် အရင်ဆုံးထိခိုက်မယ့်သူတွေဟာ ပြည်သူတွေဆိုတာကို သတိထားရမယ့်အချိန်လို့ ထင်တာပဲ ကိုသံချောင်းရဲ့”

### ပြည်သူတွေကသာ အထိနာ

“အပျိုကြီးတောင် နိုင်ငံရေးမျက်စိအတော်ပွင့်လာပြီပဲ။ ခင်ဗျားပဲစဉ်းစားကြည့်လေ၊ တကယ်တော့ ကမ္ဘာပေါ်မှာ ပြုလုပ်ခဲ့တဲ့ လူထုလှုပ်ရှားမှုတွေဟာ အများလက်ခံနိုင်တဲ့ နိုင်ငံရေးခေါင်းဆောင်မှုတွေ၊ ပကတိအခြေအနေနဲ့ အနီးစပ်ဆုံးတူညီတဲ့ တောင်းဆိုမှုတွေနဲ့ တိကျတဲ့ပလန်(Plan) တွေရယ်ကြောင့်သာ အောင်မြင်ခဲ့ကြတာပါ။ အခုတော့ ခေါင်းဆောင်မယ့်သူတွေက ပြည်သူနဲ့အတူမရှိ၊ ရှေ့မထွက်ဘူး။ ပစ်ကြခတ်ကြ၊ အရေးယူကြရပြီဆိုရင် ပြည်သူတွေကသာ အထိနာကြရတာ မဟုတ်လားဗျာ။ Generation Z လို့ မြှောက်ပေးနေပြီး အတွေ့အကြုံမရှိတဲ့ လူငယ်တွေကို လမ်းပေါ်ထွက်ခိုင်းနေသူတွေက သူတို့ကိုယ်တိုင်တော့ လုံခြုံတဲ့နေရာတွေကနေ ခိုင်းစေနေကြတာမျိုးလို့ ကျွန်တော်ကတော့ မြင်တယ်”

“ဟုတ်တယ် ကိုသံချောင်းရယ် လိုတာထက်ပိုပြီး လုပ်ကိုင်တာဟာ မလိုအပ်တာတွေ ဖြစ်လာစေဖို့ ဖိတ်ခေါ်နေသလိုပါပဲ။ အခုဆိုရင် အုတ်ရောရော၊ ကျောက်ရောရော ဆန္ဒပြပွဲတွေဖြစ်လာလို့ ကျွန်မတော့ လမ်းပေါ်မထွက်ဖြစ်ဘူး။ နေပူထဲထွက်တော့ အသားကလည်းမည်း၊ ရက်ကများလာတော့ ဝင်ငွေကလည်းမရှိနဲ့မို့ မသွားဖြစ်တော့တာ။ အချိန်တန်တော့လည်း ကိုယ်လုပ်မှ ကိုယ်စားရတာပဲကို လူပျိုကြီးရဲ့။ သံပုံးတီးဖို့ကျတော့လည်း ဘေးပတ်ဝန်းကျင်က လူကြီးသူမတွေကို နားမခံသာအောင်လုပ်သလိုဖြစ်လာတယ်လို့ ခံစားလာမိလို့ လျှော့ထားလိုက်ပါပြီ”

### အပြန်အလှန်လေးစား

“လူထုဆန္ဒဖော်ထုတ်တာက အရှိန်အဟုန်နဲ့ အင်အား၊ အချိန်ကာလအကန့်အသတ်တွေရှိတယ် အပျိုကြီးရဲ့။ CDM ကို ဝန်ထမ်းတွေ လုပ်နေကြတာကလည်း တစ်နိုင်ငံလုံး ပိုပြီးကျပ်တည်းဆင်းရဲတာ၊ ကသောင်းကနင်း ဖြစ်တာမျိုးပဲ တိုးလာနိုင်တာပေါ့။ အခုတောင် တစ်သက်လုံးရှာကျွေးလာတဲ့ အဖေကို အမြင်မတူလို့ဆိုပြီး အသိအမှတ်မပြုတာ၊ အသက်ကယ်ပေးတဲ့ဆရာဝန်ကို ဆဲဆိုလှောင်ပြောတာ ကြားနေရတယ်။ နောက်ဆိုရင် မိဘနဲ့ သားသမီး၊ သူငယ်ချင်းအချင်းချင်း၊ ညီအစ်ကိုချင်း၊ မောင်နှမချင်း၊ ဆရာနဲ့ တပည့်ကြားအချင်းချင်း အမြင်မတူ၊ အရောင်မတူတိုင်း ကွဲရဲ့လှောင်ပြောင်စော်ကားနေကြရင် နောက်ဆုံးမှာ ပြုတ်ကျမှာက စစ်တပ်မဟုတ်ဘူးဗျ။ ပြည်သူအချင်းချင်းကြားက စာနာမှု၊ နားလည်မှု၊ အပြန်အလှန်လေးစားတန်ဖိုးထားတတ်မှုတွေပဲ မဟုတ်ဘူးလား မစာဥရယ်”

“ဟုတ်ပါပြီရှင်။ ကျွန်မက မတရားမှုဆိုရင် ဘယ်ဘက်ကမှ လက်မခံပါဘူးနော်။ အခုအချိန်မှာ ကျွန်မကလည်း ပြည်သူတစ်ယောက်အနေနဲ့ ပြည်သူခံစားချက်တော့ ရှိတာပေါ့။ အခုအခြေအနေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာကို ကျွန်မလည်း စောင့်ကြည့်နေပါတယ်။ ဘယ်အရာမဆို အတိုင်းအတာတစ်ခုအထိပဲ ကောင်းတယ်ဆိုတာကိုတော့ ပြည်သူတွေ သဘောပေါက်စေချင်တယ်။ ကျွန်မကတော့ တည်ငြိမ်အေးချမ်းချင်တယ်။ ရပ်ကွက်ထဲ ပုံမှန်အထည်လေး အကြွေးလိုက်ရောင်းလိုက်၊ အချိန်ကျပြန်သိမ်းလိုက်နဲ့ သာယာချင်တာတော့ အမှန်ပဲရှင်။ စကားလည်းကောင်းနေလိုက်တာ အိမ်ပြန်နောက်ကျရင် အမေက ခိုးရာလိုက်ပြေးတယ် ထင်တော့မှာပဲ”

“ကျွန်တော့်ကိုတော့ စိတ်ကူးမလွဲနဲ့ အပျိုကြီးရေ။ ခေတ်ကောင်းတာနဲ့ တင့်တောင့်တင့်တယ်ထားနိုင်အောင် ရှာဖွေကျွေးမွေးမယ်လေဗျာ”

“ရှင်က ဖေ့စ်ဘွတ်ခ်ပေါ်ပလူပျံနေတဲ့ ခရက်ဒစ်ဆိုတဲ့ အမည်မသိစာရေးသူအတိုင်း ပွဲလန့်တုန်းဖျာကိုခင်းဖို့မကြိုးစားပါနဲ့။ ကျွန်မက ဆုံးဖြတ်ထားပြီးသားပဲ တော်လှန်ရေးမပြီးမချင်း ချစ်သူမရှာဘူး။ ဒါပဲ..”

ရှက်ရှက်နှင့် လှည့်ထွက်သွားသော မစာဥကို ကြည့်ရင်း ကိုသံချောင်း သက်ပြင်းရှည်တစ်ခုကို ချမိသည်။ အသွင်တူမှ အိမ်သူဖြစ်နိုင်သတဲ့။ အပျိုကြီးဆီက စိတ်ဝင်စားမှုကိုရအောင် နောက်တစ်ရက် ဘယ်လိုအကြောင်းတွေနဲ့များ ချဉ်းကပ်ရမလဲ သူသိချင်မိပါသည်။

# နိုင်ငံတော်အား ဆန့်ကျင်ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူ သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော်အားဆန့်ကျင်ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာရေးတို့ကို ထိခိုက်ပျက်ပြားမှုနှင့် ရုန်းရင်းဆန်ခတ်မှုများ မဖြစ်ပွားစေရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစ၍ မြို့နယ်အချို့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) အား ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ အမိန့်ထုတ်ပြန်ခဲ့ပြီးသည့်ကာလ နောက်ပိုင်းတွင်လည်း နိုင်ငံတော်ဆန့်ကျင်ရေးကို နည်းမျိုးစုံဖြင့် ကြိုးပမ်းလုပ်ဆောင်နေသည့် အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ(၁၄၄) ပြဋ္ဌာန်းချက်များကို ချိုးဖောက်လာပါက ထိရောက်စွာအရေးယူခြင်းခံရမည်ကို ထပ်မံထုတ်ပြန်ခဲ့ကြောင်း။

### အကြိမ်ကြိမ်သတိပေးတားမြစ်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ၊ စမ်းချောင်းမြို့နယ် မြေနီကုန်းဂုံးတံတားအောက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံရင်ပြင်၊ တာမွေမြို့နယ် ၅ ခွဆုံ၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမအနီး၊ ဗဟန်းမြို့နယ် Ocean Center ရှေ့၊ စင်ကာပူသံရုံးရှေ့၊ အင်းလျားမြိုင်လမ်းထိပ်၊ ကမာရွတ်မြို့နယ် အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီးတို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြိမ်ကြိမ်သတိပေးတားမြစ်ခဲ့သော်လည်း လူစုကွဲမှုမရှိသဖြင့် နေရာအချို့တွင် အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၁၀၆ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၆၆ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရပြီး လမ်းကန့်လန့်ဖြတ်လုပ်ထားသည့် မော်တော်ယာဉ်လေးစီး၊ ရွက်ဖျင်တဲ နှစ်ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။



မုံရွာမြို့ မြန်မာ့စီးပွားရေးဘဏ်ရှေ့ လူစုလူဝေးဖြင့် ပိတ်ဆို့နေမှုကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။

### ဖမ်းဆီးထိန်းသိမ်း

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၆၆ လမ်း၊ (၃၃ နှင့် ၃၄ လမ်းကြား)၊ လမ်း ၃၀၊ (၇၇ နှင့် ၇၈ လမ်းကြား) မန္တလေးဘူတာကြီးအရှေ့၊ မဟာအောင်မြေမြို့နယ် ၅၈ လမ်း၊ (၃၅ နှင့် ၃၆ လမ်းကြား)၊ မဟာမြိုင်ရပ်ကွက် ၆၂ လမ်း၊ (၃၉ နှင့် ၄၀ လမ်းကြား) တို့တွင်လည်း လူစုလူဝေးပြုလုပ်ကာ ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် နေရာအချို့တွင် အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၃၉ ဦး၊ စုစုပေါင်း ၉၂ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အေးသာယာရပ်ကွက်၊ ဆင်ဖြူရာမပြာသာဒ်ကျောင်းအတွင်း လူစုလူဝေးဖြစ်ပေါ်မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေနှင့်အညီ သွားရောက်ထိန်းသိမ်းပြီး လူစုခွဲရန် အကြိမ်ကြိမ်သတိပေးပြောဆိုခဲ့သော်လည်း လိုက်နာမှုမရှိခြင်း၊ လမ်းများအား အကြောင်းမဲ့ပိတ်ဆို့ခြင်းများကြောင့် အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၁၀၄ ဦး၊ အမျိုးသမီး ၆၉ ဦး၊ စုစုပေါင်း ၁၇၃ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

### လူစုလူဝေးဖြစ်ပွား

အလားတူ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်း၊ မြိတ်နှင့် ထားဝယ်မြို့တို့တွင်လည်း ယနေ့နံနက်ပိုင်းတွင် လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ခြောက်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့တွင်လည်း အမှုဖွင့်လှစ် ဖမ်းဆီးထိန်းသိမ်းထားသည့် တရာခံအား ပြန်လွှတ်ပေးရေးအတွက် ပေါက်မြို့မ ရဲစခန်းရှေ့တွင် အင်အား ၃၀၀ ခန့် ဖြင့် ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးအသုံးပြု၍ လည်းကောင်း၊ ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရားရှေ့တွင်လည်း လူစုလူဝေးများ လာရောက်စုဝေးခဲ့သဖြင့် အသံမြည်ဗုံးအသုံးပြုကာ လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ခြောက်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်တွင်လည်း ယနေ့နံနက်ပိုင်းတွင် လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံးဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူအမျိုးသား ရှစ်ဦး၊ အမျိုးသမီး ကိုးဦး၊ စုစုပေါင်း ၁၇ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ကရင်ပြည်နယ်၊ ဘားအံမြို့နှင့် မြဝတီမြို့၊ အမှတ်(၁)ချစ်ကြည်ရေးတံတားထိပ်တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး လေးဦး၊ စုစုပေါင်း ၁၅ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ချင်းပြည်နယ်၊ ဟားခါးမြို့တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

### ဆူပူဆန္ဒပြ

အလားတူ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသမီး နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်ဖြစ်ရပ်များတွင် လက်ရှိဖမ်းဆီးထိန်းသိမ်းထားရှိသူများအနက်မှ နိုင်ငံတော်အား ဆန့်ကျင်ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## သာစည်၊ ရပ်စောက်၊ နောင်ချိုနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်တွင် စိုးကျော်အောင် မောင်းနှင်ပြီး ဝေယံစိုး လိုက်ပါသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စု ကွန်ဟိန်းကျေးရွာရှိ ဝင်းညွန့်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀ ကို လည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၈၀) အနီးတွင် စောဝင်းဟန်(ခ)ကိုငယ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မလွင်လွင်ဦး လိုက်ပါလာသည့် HIJET အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၁၉၆၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေ့ရဲကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ယောက်ျားအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



စောဝင်းဟန်(ခ)ကိုငယ်၊ မလွင်လွင်ဦး တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



## ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွားပြီး ဂိုဒေါင် ၁၁ လုံးနှင့် အလုပ်သမားလိုင်းခန်း တစ်ခန်း မီးလောင်ဆုံးရှုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား၍ ဂိုဒေါင် ၁၁ လုံးနှင့် လိုင်းခန်း တစ်ခန်း ဖေဖော်ဝါရီ ၂၆ ရက်က မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၂ နာရီခွဲက ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၅၂)ရပ်ကွက်နေ ဇော်မြင့်လွင်(ခ) ကိုလွင်(၃၆နှစ်) ပိုင်ဆိုင်သော တံမြက်စည်းကုန်ကြမ်းပစ္စည်း သိုလှောင်ရုံဘေးရှိ မီးဖိုချောင်၌ ထင်းမီးဖြင့် ထမင်းချက်ပြုတ်ရာမှ မီးပွားလွင့်စဉ်၍ မီးစတင်လောင်ခဲ့ရာ နံနက် ၆ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် သွပ်မိုး၊ သွပ်ကာ ဂိုဒေါင် ၁၁ လုံးနှင့် အလုပ်သမား လိုင်းခန်းတစ်ခန်းမီးလောင်ဆုံးရှုံးခဲ့သဖြင့် ဇော်မြင့်လွင်(ခ) ကိုလွင်အား ဒဂုံအရှေ့မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဥရောပတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှု များပြားလာခြင်းနှင့် ရင်ဆိုင်နေရ

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၇**
ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုမှာ ဥရောပတွင် လျင်လျင်မြန်မြန် ပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် ဥရောပ နိုင်ငံများမှ အစိုးရများအနေဖြင့် ကန့်သတ်ချက်များ ပိုမိုပြုလုပ်နိုင်ရေးအတွက် လုပ်ဆောင်နေကြပြီဖြစ်သည်။

ပြင်သစ်နိုင်ငံတွင်လည်း ဖေဖော်ဝါရီ ၂၄ ရက် ကူးစက်မှုအသစ် ၃၀၀၀၀ ကျော် တွေ့ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ကူးစက်မှုအများဆုံး စံချိန်နှင့် အတူတူပင်ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ကူးစက်ခံရသူများထဲမှ ထက်ဝက်ခန့်မှာ ဗြိတိန်တွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုဖြစ်သည်ဟု အစိုးရက ပြောသည်။

နောက်ထပ် ၆ ရာခိုင်နှုန်းမှာမူ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှုပင်ဖြစ်သည်ဟု သိရသည်။

ထို့အပြင် နိုင်ငံတစ်ဝန်း ညဘက် သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားပြီး သီတင်းပတ်အကုန်များတွင် နေ့ဘက်အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကိုပါ ပြုလုပ်လာကြသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်း နိစ်တွင် အဆိုပါ အမိန့်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ပါရီမြို့နှင့် ကူးစက်မှုတိုးနေသည့် အခြားသော ဇရိယာများတွင်လည်း အလားတူကန့်သတ်မှုများ ပြုလုပ်မည်ဟု အစိုးရက ပြောသည်။

ဥရောပနိုင်ငံများအနက် ဖင်လန်နိုင်ငံသည် မတ် ၈ ရက်မှစတင်ကာ စားသောက်ဆိုင်များ၊ ဘားများနှင့် အရက်ဆိုင်များကို သုံးပတ်ကြာ ပိတ်ထားရန် အမိန့်ထုတ်ထားခဲ့သည်။ နယ်သာလန်အစိုးရသည်လည်း ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို မတ် ၁၅ ရက်အထိ အချိန်တိုးမြှင့်ထားသည်။

**အင်န်အိတ်ချ်ကေ**





ဟူစတန်မြို့ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသည့် စင်တာသို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဖေဖော်ဝါရီ ၂၆ ရက်က ရောက်ရှိလာစဉ်။

# နိုင်ဂျီးရီးယားနိုင်ငံတွင် ကျောင်းသူများ ရာနှင့်ချီ၍ ပြန်ပေးဆွဲခံရ

**လေဂို့စ် ဖေဖော်ဝါရီ ၂၇**
နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် ဇမ်ဖာရာတွင် သေနတ်သမားများက ကျောင်းသူ ၃၀၀ ကျော်ကို ပြန်ပေးဆွဲသွားခဲ့သည်ဟု သိရသည်။ ယင်းပြန်ပေးဆွဲမှုမှာ မည်သူ၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။ ကျောင်းသူများအား ပြန်ပေးဆွဲသွားမှုကို ရှုတ်ချပြီး ချက်ချင်း ပြန်လွှတ်ပေးရန် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဖေဖော်ဝါရီ ၂၆ ရက်က အစိုးရကျောင်းရှိ ကျောင်းသူများ ပြန်ပေးဆွဲခံရခြင်း ဖြစ်သည်။ သေနတ်သမားများက ကျောင်းသူများကို ဖွက်ထားနိုင်သည်ဟု ယူဆရသည့် နေရာများနှင့် သစ်တောများအတွင်းသို့ ရဲများနှင့် တပ်ဖွဲ့ဝင်များက ရှာဖွေမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ သေနတ်သမားများသည် အနီးအနားရှိ နိုင်ဂျီးရီးယား တပ်ဖွဲ့ဝင် အခြေစိုက်စခန်းနှင့် စစ်ဆေးရေးဂိတ်များကို တိုက်ခိုက်ခဲ့ပြီး ကျောင်းအတွင်း ပြန်ပေးဆွဲမှု ပြုလုပ်သည့်အခါ နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များ ဝင်ရောက်နိုင်ခြင်း မရှိစေရေးအတွက် လုပ်ဆောင်ခဲ့ကြသည်ဟု ဒေသခံတစ်ဦးဖြစ်သူ မူဆာ မူစတက်ဖာက ပြောသည်။

လက်နက်ကိုင် အုပ်စုများသည် ကလေးများကို ဖမ်းဆီးကာ ပြန်ပေးငွေ ရရှိနိုင်ရေးအတွက် လုပ်ဆောင်နေကြသည်။

၂၀၁၄ ခုနှစ်ကလည်း စစ်သွေးကြွအုပ်စုဖြစ်သည့် ဘိုကိုဟာရမ်တို့သည် တိုင်းပြည်၏ အရှေ့မြောက်ပိုင်းတွင် ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားခဲ့ဖူးသည်။ ၂၀၂၀ ဒီဇင်ဘာလအတွင်းကလည်း ကျောင်းသား ၃၀၀ ကျော်ကို အိပ်ဆောင်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ၎င်းတို့ထဲမှ အများစုမှာ ပြန်လည်လွတ်မြောက်လာခဲ့သည်။ **ဆင်ဟွာ**


ကျောင်းသူများကို ပြန်ပေးဆွဲသွားပြီးနောက် စာသင်ခန်းအလွတ်ကို တွေ့ရစဉ်။

# ဆီးရီးယားကို လေကြောင်းမှ တိုက်ခိုက်မှုအပြီးတွင် အီရန်ကို အမေရိကန်သမ္မတ သတိပေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**
ဆီးရီးယားတွင် အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှု ပြုလုပ်ပြီးနောက်ပိုင်းတွင် အီရန်နိုင်ငံအနေဖြင့်သတိထားရန် သတင်းစကားပါးလိုက်ခြင်း ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

တောင်ပိုင်းပြည်နယ် တက္ကဆက်သို့ သွားရောက်စဉ် သတင်းထောက်များကို အမေရိကန်သမ္မတက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ အီရန်က ကျောထောက်နောက်ခံပြုပေးထားသည့် စစ်သွေးကြွများကို အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ပြီး နောက်ပိုင်းတွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မဟာမိတ်များကို မကြာသေးမီအတွင်း တိုက်ခိုက်ခံရမှုအတွက် ပြန်လည်လက်တုံ့ပြန်ကာ လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ပင်တဂွန် က ပြောသည်။

အမေရိကန်၏ အကျိုးစီးပွားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်သည့် စစ်သွေးကြွများကို ထောက်ပံ့ပေးသည့် အကျိုးဆက်ကိုလည်း စဉ်းစားထားရမည်ဟု ဂျိုးဘိုင်ဒင်က သတိပေးပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များကို ကာကွယ်ရန်အတွက် သမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျန်ပါဆာကီက ပြောသည်။

**ဆင်ဟွာ**

# အပစ်အခတ်ရပ်စဲရေးကို လိုက်နာရန် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ သဘောတူ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၇**
အိန္ဒိယနှင့် ပါကစ္စတန်တို့သည် အငြင်းပွားဖွယ် နယ်စပ်များဖြစ်သည့် ဂျမ္မူနှင့် ကက်ရှ်မီးယားတို့တွင် အပစ်အခတ်ရပ်စဲရေးကို လိုက်နာရန် သဘောတူထားကြောင်း သိရသည်။ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ရှာဖွေရန်အတွက် နှစ်ဖက်စလုံးမှ ရည်ရွယ်ထားကြသည်။ ဖေဖော်ဝါရီ ၂၄ ရက်ညပိုင်းမှစတင်ကာ အဆိုပါ သဘောတူညီမှုမှာ အသက်ဝင်လာခဲ့ခြင်း ဖြစ်သည်။

လက်ရှိ အရေးပေါ်ဆက်သွယ်ရေးလိုင်းများမှတစ်ဆင့် နှစ်နိုင်ငံစလုံးမှ တပ်ဖွဲ့ဝင်အကြီးအကဲများက ဆွေးနွေးပွဲပြုလုပ်ခဲ့ကြပြီး ပူးတွဲကြေညာချက်ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ငြိမ်းချမ်းရေးကို အနှောင့်အယှက်ဖြစ်စေသည့် ပြဿနာများ၏ အဓိကအရင်းအမြစ်ကို ပြန်လည်သုံးသပ်စဉ်းစားရန်လည်း နှစ်ဖက်စလုံးမှ သဘောတူခဲ့သည်။ ၂၀၁၉ ဖေဖော်ဝါရီလအတွင်းမှစတင်ကာ နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။ ကက်ရှ်မီးယားတွင် ကြောက်မက်ဖွယ်တိုက်ခိုက်ခံရမှု ဖြစ်ပွားအပြီးတွင် အခြေအနေတင်းမာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပူးတွဲသဘောတူညီမှုကို အမေရိကန်က ကြိုဆိုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောသည်။ နှစ်ဖက်စလုံးမှ ဆက်ဆံရေးတိုးတက်လာစေရေးနှင့် တင်းမာမှုများ လျှော့ချနိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်ရန်လည်း တိုက်တွန်းကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က ပြောသည်။ အိန္ဒိယ-ပါကစ္စတန် ဆွေးနွေးမှုများကိုလည်း အမေရိကန်က ဆက်လက်ထောက်ခံမည်ဟု ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ရောဂါကို သတိမပြတ် ဆက်လက်ထားရန် ဂျပန်အုပ်ချုပ်ရေးမှူးများ တိုက်တွန်း




ဂျပန်ခရိုင်အုပ်ချုပ်ရေးမှူးများ အွန်လိုင်းအစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

တိုကျို ဖေဖော်ဝါရီ ၂၇

**ပြည်နယ်ခြောက်ခုအတွက် ကိုဗစ်-၁၉ ဆိုင်ရာ နိုင်ငံတော်အရေးပေါ် အခြေအနေ ကြေညာချက်ကို ဖယ်ရှားခြင်းမပြုမီ တစ်ရက်က ဂျပန်နိုင်ငံရှိ ခရိုင် ၄၀ ခန့်မှ အုပ်ချုပ်ရေးမှူးများသည် အွန်လိုင်းတွင် တွေ့ဆုံခဲ့ကြသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန် စီမံဆောင်ရွက်ချက်များ ပြုလုပ်ခြင်းသည် အရေးကြီးကြောင်း ၎င်းတို့က ဆွေးနွေးခဲ့ကြသည်။**

အမျိုးသားအုပ်ချုပ်ရေးမှူးများအဖွဲ့က အရေးပေါ် အွန်လိုင်းလုပ်ငန်းအဖွဲ့ အစည်းအဝေးတစ်ရပ်ကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသည်။

အရေးပေါ်ကြေညာချက်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် အိုဆာကာနှင့် အိုင်ချီ ခရိုင်အပါအဝင် ခရိုင်ခြောက်ခုအတွက် ရုပ်သိမ်းပေးမည်ဖြစ်သည်။ သို့သော်လည်း တိုကျိုနှင့် အနီးဝန်းကျင်ဒေသများတွင် အဆိုပါအရေးပေါ် ကြေညာချက်ကို မတ် ၇ ရက်အထိ ထားရှိမည်ဖြစ်သည်။

အိုဆာကာအုပ်ချုပ်ရေးမှူး ယူရှီမူရာ ဟီရိုဖူမီက ကိုဗစ်-၁၉ ဆိုင်ရာ ကူးစက်မှုကို အဆိုးမှအကောင်းဘက်သို့ ရောက်ရှိရန်အတွက် ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်ခြင်းများသည် အလွန်အရေးကြီးကြောင်း ပြောကြားလိုက်သည်။

၎င်းက အိုဆာကာစီတီရှိ စားသောက်ဆိုင်များနှင့် ဘားများကို မတ် ၂၁ ရက်အထိ ည ၉ နာရီမတိုင်မီ ပိတ်ရန်ပြောကြားခဲ့သည်။ အဆိုပါ နေရာများကို အရေးပေါ် အခြေအနေတွင် ည ၈ နာရီ နောက်ဆုံးထားပြီး ပိတ်ရန်ပြောကြားထားသည်။

ထို့အပြင် လူမှုရေးဆောင်ရွက်ချက်များနှင့် စီးပွားရေးဆောင်ရွက်ချက်များကို ခွင့်ပြုလိုက်သောအခါတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်ကျဆင်းနေသည်ကို တွေ့မြင်လိုကြောင်း ယိုရှိမူရာက ပြောကြားလိုက်သည်။

အိုင်ချီအုပ်ချုပ်ရေးမှူး အိုမူရာဟီဒဲ့စကီက အိုင်ချီခရိုင်၏ ကိုယ်ပိုင် ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးခြင်းများကို မတ်လ ပထမသီတင်းပတ် နှစ်ပတ်အထိ ဆက်လက် ပြဋ္ဌာန်းထားဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၎င်းက ပြည်သူများအား ထပ်မံဖြစ်ပွားလာနိုင်သည့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို ကာကွယ်ရန် သတိနှင့် နေထိုင်ကြရန် ပြောကြားလိုက်သည်။

ဆိုင်တာမာအုပ်ချုပ်ရေးမှူး အိုနိုမိုတိုဟီရိုက ဆိုင်တာမာခရိုင်တွင် ကိုဗစ်-၁၉ ဆိုင်ရာ အရေးပေါ်ကြေညာချက်များကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ဆိုင်ရာ ကူးစက်မှုများ ကျဆင်းလာကြောင်း ပြောကြားလိုက်သည်။ ဆေးရုံခုတင် လိုအပ်ချက်များ မြင့်မားခြင်းနှင့် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်သစ်များ ထပ်မံဖြစ်ပွားမည့် အရေးကို စိုးရိမ်ပူပန်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ယင်းခရိုင်တွင် အရေးပေါ်ကြေညာချက်ကို ဖယ်ရှားပေးရန် အဆင်သင့်မဖြစ်သေးကြောင်း ကိုရိုနာဗိုင်းရပ်စ်အသစ် ထပ်မံကူးစက်မှုကို တားဆီးရန် မတ် ၇ ရက် အထိ ဆက်လက်ပြဋ္ဌာန်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



# ကိုဗစ်-၁၉ ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် ဖြေလျှော့ပေးရမည့် အချိန် မကျရောက်သေးကြောင်း ဘိုင်ဒင်ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုင်ငံသူ နိုင်ငံသားများကို ကာကွယ်ဆေးထိုးခြင်း၊ လက်ဆေးခြင်း၊ လူမှုဝေးကွာနေထိုင်ခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်ခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ်ကို ဆက်လက်သတိထားနေထိုင်သွားကြရန် တိုက်တွန်းထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်က တက္ကဆက်ပြည်နယ် ဟူစတန်တွင် ကာကွယ်ဆေးအမြောက်အမြား ထိုးနှံနေသည့်နေရာသို့ သွားရောက်ကြည့်ရှုပြီးနောက် ဘိုင်ဒင်က ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဘိုင်ဒင်က ကာကွယ်ဆေးထိုးခံရသည့် လူဦးရေအရေအတွက်တွင် အမေရိကန်သည် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်နှင့် ဆေးရုံတက်ရသည့် အရေအတွက် လျော့နည်းကျဆင်းလာကြောင်း၊ သို့သော်လည်း အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားမှုများ တိုးလာခဲ့ကြောင်း ပြောကြားခဲ့သည်။ ယခုအချိန်သည် ဖြေလျှော့ပေးရမည့် အချိန်မဟုတ်သေးကြောင်း ဘိုင်ဒင်က ဆက်လက်ပြောကြားလိုက်သည်။

ဗြိတိန်နှင့် တောင်အာဖရိကတို့တွင် အတည်ပြုခဲ့သော အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားခဲ့သည်ဟု ဖော်ပြချက်များရှိကြောင်းနှင့် နောက်ထပ်အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်သစ်တစ်မျိုးသည် နယူးယောက်စီးတီးနှင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် ကူးစက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဌာနက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဆိုင်ရာ အခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

# အကြံပေးအဖွဲ့က ဂျေအင်န်ဂျေ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပေးရန် ခွင့်ပြုသင့်ကြောင်း အက်ဖ်ဒီအေကို အကြံပြုတိုက်တွန်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

ကိုဗစ်-၁၉ ဆိုင်ရာ အကြံပေးအဖွဲ့တစ်ဖွဲ့က အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (အက်ဖ်ဒီအေ) ကို ဂျွန်ဆင်နှင့် ဂျွန်ဆင် (J & J) က ထုတ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ် အသုံးပြုခွင့်ပြုရန် ခွင့်ပြုသင့်ကြောင်း အကြံပေး တိုက်တွန်းထားသည်။

အက်ဖ်ဒီအေက ကာကွယ်ဆေး၏ ထိရောက်မှုနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ထင်မြင်ယူဆချက်များကို ဖေဖော်ဝါရီ ၂၆ ရက် အစည်းအဝေးတွင် ကြားနာခဲ့သည်။ ကိုဗစ်-၁၉ ဆိုင်ရာ အကြံပေးအဖွဲ့တွင် ပြင်ပကျွမ်းကျင်သူများလည်း ပါဝင်သည်။ အများစုက အဆိုပါ ကာကွယ်ဆေးကို အသက် ၁၈ နှစ်သို့မဟုတ် ၁၈ နှစ်နှင့်အထက် အသက်ကြီးပိုင်းများကို ထိုးနှံပေးလျှင် ပိုမိုထိရောက်မှုရှိကြောင်း မှတ်ချက်ပြုကြသည်။

အက်ဖ်ဒီအေက အဆိုပါ ဂျေအင်န်ဂျေ ကာကွယ်ဆေးကို မကြာမီ ခွင့်ပြုပေးတော့မည်ဖြစ်သည်။ အကယ်၍ ခွင့်ပြုခဲ့မည်ဆိုပါက အမေရိကန်တွင် ရရှိသည့် တတိယ ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြစ်လာမည်ဖြစ်သည်။ အခြားခွင့်ပြုပေးခဲ့သော ကာကွယ်ဆေးနှစ်မျိုးမှာ ဖိုက်ဇာနှင့် မော်ဒါနာကာကွယ်ဆေးများဖြစ်ပြီး နှစ်ကြိမ်ထိုးနှံခံရန် လိုအပ်ကြောင်း သိရသည်။ ဂျေအင်န်ဂျေ ကာကွယ်ဆေးမှာ တစ်ကြိမ်သာ ထိုးရန်လိုအပ်သည်။



ဂျေအင်န်ဂျေမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

ဂျေအင်န်ဂျေ ကာကွယ်ဆေးကို အပူချိန် နှစ်မှ ရှစ်ဒီဂရီဆဲလ်စီးရပ်စ်ကြား အနည်းဆုံးသုံးလကြာ သိုလှောင် သိမ်းဆည်းနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ကာကွယ်ဆေးထိုးရာတွင် ပိုမိုထိရောက်မြန်ဆန်စွာ ထိုးနိုင်ရန် ကူညီမည်ဟု မျှော်လင့်ရသည်။

ဂျေအင်န်ဂျေက အမေရိကန်အစိုးရနှင့်သဘောတူညီထားသည့်အတိုင်း အရေးပေါ်အသုံးပြုခွင့်ပေးသည်နှင့် တစ်ပြိုင်နက် ဇွန်လအကုန်တွင် ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာဂျင်တီးနားကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း အတည်ပြု

**ဗျူနိုအေရိစ် ဖေဖော်ဝါရီ ၂၇**

အာဂျင်တီးနားကျန်းမာရေးဝန်ကြီး ကာလာဗစ်ဇော်တီက ၎င်းတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသောကြောင့် ကန့်သတ်စောင့်ကြည့်မှု လုပ်ဆောင်နေကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က ပြောကြားခဲ့သည်။

မတ် ၁ ရက်တွင် လွှတ်တော်ထဲဝင်ရောက်ရန် လိုအပ်သည့် ကိုဗစ်-၁၉ စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ကြောင်းနှင့် သူတို့က မိမိတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း အသိပေးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

ထို့ကြောင့် မိမိအနေဖြင့် နောက်ထပ် ရက်အနည်းငယ်အထိ ကန့်သတ်စောင့်ကြည့်မှု လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက တွစ်တာတွင် ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ရောဂါသည် မပြီးဆုံးသေးကြောင်း၊ ဂရုစိုက်စောင့်ကြည့် လမ်းညွှန်မှုများကို ဆက်လက်လိုက်နာကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ယခင်ကျန်းမာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်သွားပြီးနောက် ၎င်းတာဝန်ယူပြီး တစ်ပတ်အကြာတွင် ယခုလို ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒန်နီရယ်အာရိုယိုနှင့် သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတက်ရေးဝန်ကြီး ဂျူအန်ကာဗန်တီတို့ ကိုဗစ်-၁၉ ကူးစက်ပြီးနောက် ဗစ်ဇော်တီသည် ကိုဗစ်-၁၉ ကူးစက်ခံရသော တတိယမြောက်အာဂျင်တီးနား အစိုးရအဖွဲ့ဝင်ဝန်ကြီး တစ်ဦးဖြစ်သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် တိုကျိုအနီးတစ်ဝိုက်ဧရိယာမှလွဲ၍ အခြားသောနေရာများတွင် အရေးပေါ်အခြေအနေကြေညာမှုကို ရုပ်သိမ်းပေးတော့မည်

ကေကေစိုး

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ နှင့်ဆက်စပ်၍ ထုတ်ပြန်ထားသည့် အရေးပေါ်အခြေအနေကြေညာမှုကို အိုဆာကာ၊ ဖူကူအိုကာ အပါအဝင် အခြားသော ခရိုင်ခြောက်ခုတို့တွင် ထုတ်ပြန်ထားရာ ယင်းအခြေအနေမှာ ဖေဖော်ဝါရီလကုန်ပိုင်းတွင် အဆုံးသတ်သွားတော့မည်ဖြစ်သည်။ သို့သော်လည်း တိုကျိုမြို့ ဧရိယာတစ်ဝိုက်နှင့် အိမ်နီးချင်းခရိုင်များတွင်မူ အရေးပေါ်အခြေအနေထားရှိမှုကို ဆက်လက်ထားရှိဦးမည်ဖြစ်သည်။




အိုဆာကာတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကာ သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

## လူနာဦးရေ ကျဆင်းလာ

ပြီးခဲ့သည့်လအတွင်းမှစတင်ကာ ဂျပန်အစိုးရသည် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန် အာဏာပိုင်များက တိုက်တွန်းခဲ့ပြီး စားသောက်ဆိုင်များ၊ အရက်ဆိုင်များအနေဖြင့်လည်း ဆိုင်ဖွင့်ချိန်ကို လျှော့ချပေးရန်အတွက် အာဏာပိုင်များက တောင်းဆိုခဲ့သည်။ အိုဆာကာ၊ ဟယိုဂို၊ ကျိုတို၊ အိုင်ချီနှင့် ဖူကူအိုကာတို့မှ အုပ်ချုပ်ရေးမှူးများသည် စီစဉ်ထားသည်ထက် အချိန်စောစီးစွာ အရေးပေါ်အခြေအနေ ကြေညာထားမှုကို အဆုံးသတ်ပေးရန်အတွက် ဗဟိုအစိုးရထံ တောင်းဆိုခဲ့ကြသည်။ ကိုဗစ်-၁၉ ကူးစက်မှုများ၊ ကိုဗစ်-၁၉ ကြောင့် ဆိုးရွားစွာ ဝေဒနာခံစားရပြီး ဆေးရုံတက်ကုသမှုခံယူနေရသည့် လူနာဦးရေမှာ ကျဆင်းလာသည့်အတွက် အရေးပေါ်အခြေအနေ ကြေညာမှုကို ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။

## ဖြေလျှော့မှုများ ပြုလုပ်သွားမည်

ဗိုင်းရပ်စ်နှိမ်နင်းရေးနှင့် စီးပွားရေးလှုပ်ရှားမှုများတွင် ထောက်ပံ့ပေးရန်တို့မှာ မျှတမှုရှိရန် အရေးကြီးသည်ဟု ကိုဗစ်-၁၉ တုံ့ပြန်ရေး ကြီးကြပ်ရေးဝန်ကြီး နစ်ရှီမူရာ ယာဆူတိုရှိ က ပြောကြားခဲ့သည်။ နောက်ထပ် ကူးစက်မှုများကို ရှောင်ရှားနိုင်ရေးအတွက် အဆင့်အလိုက် ဖြေလျှော့မှုများ ပြုလုပ်ပေးသွားမည်ဟု ၎င်းက ပြောကြားသည်။ အရေးပေါ်အခြေအနေ ကြေညာမှု ရုပ်သိမ်းသွားမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများကို တားဆီးရန်အတွက် ကန့်သတ်ချက်များကို ဆက်လက်ထားရှိဦးမည်ဟု ၎င်းက ပြောသည်။ ရောဂါကူးစက်မှု ပြန်လည်ခေါင်းထောင်လာခြင်း ရှိ မရှိ ဖျော်ဖြေရေးလုပ်ငန်းများ အဓိကလုပ်ကိုင်နေသည့် ခရိုင်များတွင် အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဟု နစ်ရှီမူရာက ပြောသည်။

## အကြံပေးချက်များ ထုတ်ပြန်ထား

ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်ခြင်းကြောင့် ကူးစက်မှုများ ထပ်မံဖြစ်ပေါ်လာမည်ကို စိုးရိမ်မိသည်ဟု အစိုးရအကြံပေးအဖွဲ့ဝင်များက ပြောသည်။ စားသောက်ဆိုင်တွင် စားပွဲတစ်ဝိုင်းတည်း ထိုင်စားသောက်သည့်အခါ လူလေးဦးထက် မပိုစေရန်နှင့် ချယ်ရီပန်းပွင့်သည့် ရှုခင်းကို ကြည့်ရင်း စားသောက်ခြင်းမှ ရှောင်ကြဉ်ကြရန်လည်း အကြံပေးချက်များကို ထုတ်ပြန်ထားသည်။ စားသောက်ဆိုင်များနှင့် ဘားများတွင်လည်း လေဝင် လေထွက်ကောင်းအောင် လုပ်ဆောင်ကြရန်လည်း တိုက်တွန်းထားသည်။ တိုကျိုမြို့အနီးတစ်ဝိုက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ပြီးနောက် ကိုဗစ်-၁၉ ကူးစက်မှုမှာ လျော့ကျလာသော်လည်း ဖေဖော်ဝါရီလအတွင်း၌မူ ပြန်လည်မြင့်တက်လာခဲ့သည်။

## အပြည့်အဝထောက်ခံသည်ဟု မပြောနိုင်

အချို့သောနေရာများတွင် ဖြေလျှော့မှုများ ပြုလုပ်ရန် ဆုံးဖြတ်ချက်သည် ပုံမှန်ဘဝပြန်လည်စတင်ရန် လုံခြုံစိတ်ချရသည်ဟု အယူအဆမှားယွင်းသွားနိုင်သည်ဟု ဂျပန်နိုင်ငံ၏ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲဖြစ်သူက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။ စတုတ္ထမြောက်ကူးစက်မှု အကျော့မှ ရှောင်ရှားရန်မှာ အရေးကြီးဆုံးကိစ္စပင်ဖြစ်ပြီး ကပ်ရောဂါအဆုံးသတ်ရေး လုပ်ဆောင်ရန်လည်း အရေးကြီးသည်ဟု ဂျပန်နိုင်ငံ၏ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းဥက္ကဋ္ဌဖြစ်သူ နာကာဂါဝါ တိုရှီယိုက ပြောသည်။ အရေးပေါ်အခြေအနေ ကြေညာမှုကို စောစီးစွာ ဖြေလျှော့ပေးခြင်းကို အပြည့်အဝထောက်ခံသည်ဟု မပြောနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## ကာကွယ်ဆေးထိုးရာတွင် အခက်ကြုံလာနိုင်

ဗိုင်းရပ်စ် နောက်တစ်ကြိမ် ကူးစက်ပျံ့နှံ့ပြီး စတုတ္ထအကျော့နှင့် ရင်ဆိုင်ရပါက ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ အခက်အခဲများကြုံတွေ့လာနိုင်သည်ဟု ၎င်းက သတိပေးပြောကြားခဲ့သည်။ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ဖရိုဖရဲ အခြေအနေများနှင့် ကြုံတွေ့နိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရေးလုပ်ငန်းများ စတင်ခဲ့ပြီး ဆေးဝန်ထမ်းများကို ဦးစားပေးကာ ကာကွယ်ဆေးထိုးပေးခဲ့သည်။ လူပေါင်း ၁၇၈၀၀ ကို ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် လူသုံးဦးတွင် ဘေးထွက်ဆိုးကျိုးများ ပြသသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

## အသေးစားလက္ခဏာများသာ ခံစားရ

ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်ခဲ့သည့် လူသုံးဦးတွင်လည်း အသေးစားလက္ခဏာများသာ ခံစားရကြောင်း သိရသည်။ ဧပြီ ၁၂ ရက်တွင် ဒုတိယအသုတ်ကာကွယ်ဆေးထိုးနှံမှုကို လုပ်ဆောင်သွားမည်ဟု ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံပေးရေး ကြီးကြပ်မှုဝန်ကြီး ကိုနိုတာရိုက ကြေညာခဲ့သည်။ ယင်းအသုတ်ကို ကာကွယ်ဆေးထိုးပေးရာတွင် သက်ကြီးရွယ်အိုများပါ ပါဝင်လာမည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် အရေအတွက်အနည်းငယ်အတွက်သာ ကာကွယ်ဆေးရရှိခဲ့သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ကိုနိုက ပြောကြားခဲ့သည်။

## ကန့်သတ်ချက်များ ကျန်ရှိဦးမည်

လူပေါင်း ၃၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ သို့သော်လည်း ကာကွယ်ဆေးစထိုးပေးရာတွင် လူတိုင်းလူတိုင်းကို ကာကွယ်ဆေးထိုးပေးနိုင်ဦးမည်မဟုတ်ဟု ၎င်းက ပြောသည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် ခရိုင်ခြောက်ခုတို့၌ ကိုဗစ်-၁၉ နှင့် စပ်လျဉ်း၍ အရေးပေါ်အခြေအနေကြေညာမှုကို ရုပ်သိမ်းပေးမည်ဖြစ်သော်လည်း တိုကျိုနှင့် အိမ်နီးချင်း ခရိုင်သုံးခုတွင်မူ ကန့်သတ်ချက်များ ကျန်ရှိဦးမည်ဖြစ်သည်။ ယခုအချိန် အရေးအကြီးဆုံးအချက်မှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမှ တားဆီးနိုင်ရေးဖြစ်ပြီး တိုင်းပြည်တစ်ဝန်း အရေးပေါ်အခြေအနေကြေညာမှုကို မတ် ၇ ရက်တွင် ဖြေလျှော့ပေးနိုင်ရေးပင် ဖြစ်သည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက ပြောသည်။

## ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာမည်ကို စိုးရိမ်

တိုကျို၊ ကာနာဂါဝါ၊ ဆိုင်တမာနှင့် ချီဘာတို့တွင်မူ အရေးပေါ်အခြေအနေကြေညာမှုမှ ကင်းလွတ်ရန်အတွက် မတ် ၇ ရက်အထိ စောင့်ဆိုင်းရမည်ဖြစ်သည်။ မကြာမီအတွင်း ဖြေလျှော့မှုများလည်း ရှိလာမည်ဟု မျှော်လင့်ထားကြသည်။ အိုဆာကာတွင် နေထိုင်သော အမျိုးသားတစ်ဦးကမူ နောက်ထပ် ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာမည်ကို စိုးရိမ်သည်ဟု ပြောကြားခဲ့သည်။ အရေးပေါ်အခြေအနေကြေညာမှု မရုပ်သိမ်းမီ ဗိုင်းရပ်စ်ကူးစက်မှုကို ကောင်းကောင်းနှိမ်နင်းနိုင်ရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။ ။

ကိုးကား - အင်န်အိတ်ချ်ကေ

> “ကိုဗစ်-၁၉ နှင့် စပ်လျဉ်း၍ အရေးပေါ်အခြေအနေကြေညာမှုကို ရုပ်သိမ်းပေးမည်ဖြစ်သော်လည်း တိုကျိုနှင့် အိမ်နီးချင်း ခရိုင်သုံးခုတွင်မူ ကန့်သတ်ချက်များ ကျန်ရှိဦးမည်ဖြစ်သည်။ ယခုအချိန် အရေးအကြီးဆုံးအချက်မှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမှ တားဆီးနိုင်ရေးဖြစ်ပြီး တိုင်းပြည်တစ်ဝန်း အရေးပေါ်အခြေအနေကြေညာမှုကို မတ် ၇ ရက်တွင် ဖြေလျှော့ပေးနိုင်ရေးပင်ဖြစ်သည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက ပြော”

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၇–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၁၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၄၈၉,၈၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၉၀) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၁၃၁,၄၅၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၃,၁၉၉) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ရောက်နေသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးစဉ်။

# စဉ့်ကိုင်မြို့နယ်တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်နေသူများအား ကိုဗစ် - ၁၉ ရောဂါပိုး ရှိ၊ မရှိစစ်ဆေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်စု ကျောက်မိုင်းကျေးရွာရှိ ဝန်ထမ်းအိမ်ရာတွင် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်နေသူများအား ယနေ့ နံနက် ၈ နာရီက ကိုဗစ်–၁၉ရောဂါပိုး ရှိ၊ မရှိစစ်ဆေးပေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်ကြီးကြပ်၍ အဖွဲ့ခေါင်းဆောင် ဒေါက်တာသိမ့်အိသူ၊ ကျန်းမာရေးဦးစီးအဆင့်(၁) ဒေါ်ယဉ်နွယ်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဘယ်လင်းပရဟိတအဖွဲ့တို့ ပူးပေါင်း၍ ကိုဗစ်–၁၉ ကူးစက်ရောဂါပိုး တွေ့ရှိသူများနှင့် ထိစပ်ခဲ့သူ ၂၄ ဦး၊ အနံ့ပျောက်သူတစ်ဦး စုစုပေါင်း ၂၅ ဦး တို့အား Rapid Diagnostic Test Kit (RDT) ဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ရာ အားလုံးရောဂါပိုး မတွေ့ရှိရကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည် ဝင်ရောက်လာသူ ၁၃၂ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မော်လမြိုင်မြို့နယ်၌ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးစဉ်။

### ၂၇-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၁၃၇၈၈၇ | ၁၉၅၃၄၃၁၉ | ၅၂၃၀၉၂ |
| ၂။ | အိန္ဒိယ | ၁၁၀၇၉၉၇၉ | ၁၀၇၆၃၄၅၁ | ၁၅၆၉၇၀ |
| ၃။ | ဘရာဇီး | ၁၀၄၅၇၇၉၄ | ၉၃၅၅၉၇၄ | ၂၅၂၉၈၈ |
| ၄။ | ရုရှား | ၄၂၃၄၇၂၀ | ၃၇၉၉၄၀၆ | ၈၅၇၄၃ |
| ၅။ | ဗြိတိန် | ၄၁၆၃၀၈၅ | ၂၇၇၉၁၆၉ | ၁၂၂၄၁၅ |
| ၆။ | ပြင်သစ် | ၃၇၁၂၀၂၀ | ၂၅၄၈၆၈ | ၈၆၁၄၇ |
| ၇။ | စပိန် | ၃၁၈၈၅၅၃ | ၂၆၄၇၄၄၆ | ၆၉၁၄၂ |
| ၈။ | အီတလီ | ၂၈၈၈၉၂၃ | ၂၃၈၇၀၃၂ | ၉၇၂၂၇ |
| ၉။ | တူရကီ | ၂၆၈၃၉၇၁ | ၂၅၅၆၇၈၅ | ၂၈၄၃၂ |
| ၁၀။ | ဂျာမနီ | ၂၄၃၆၅၀၆ | ၂၂၄၃၂၀၀ | ၇၀၄၂၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၂၇ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၂၉၀၇၄ | ၁၁၃၆၀၅၄ | ၃၅၉၈၁ |
| ဖိလစ်ပိုင် | ၅၇၄၂၄၇ | ၅၂၄၈၆၅ | ၁၂၂၈၉ |
| မလေးရှား | ၂၉၈၃၁၅ | ၂၇၀၁၆၆ | ၁၁၂၁ |
| မြန်မာ | ၁၄၁၈၉၀ | ၁၃၁၄၅၄ | ၃၁၉၉ |
| စင်ကာပူ | ၅၉၉၂၅ | ၅၉၈၀၃ | ၂၉ |
| ထိုင်း | ၂၅၈၈၁ | ၂၅၀၂၂ | ၈၃ |
| ဗီယက်နမ် | ၂၄၂၆ | ၁၈၃၉ | ၃၅ |
| ကမ္ဘောဒီးယား | ၇၆၇ | ၄၇၇ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဇမ္ဗူအေး အေတီတပ်ဦး ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဥတ္တမ အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော် အပါး၂၀ အား သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်း၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော် အပါး ၂၀ အား မြစေတီစာသင်တိုက်၌ လည်းကောင်း တိုင်းစစ်ဌာနချုပ်များမှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုဖူးမြော်ကြည်ညိုကြပြီး နဝကမ္မ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေမှုကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုး ဖူးမြော်ကြည့်ရှုစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၃၆၁၃၃ ဦး၊ အတွင်းလူနာ ၃၅၅၀ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။



ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၅၉၂ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၈၇၀၊ စုစုပေါင်း ၂၄၆၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၉၀၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၃၃၁ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၂၂၄၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော် ဆေးရုံတို့တွင် သွေးလိုအပ်ချက်များ အထောက်အကူ ဖြစ်စေရန်အတွက် ယနေ့တွင် ဆရာတော်၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် နယ်မြေခံတပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက် ကုသပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ် ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါး ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာတိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက် ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော် ဆေးရုံမှ၊ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကုန်စည်စီးဆင်းမှုများနှင့်ဈေးများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံအတွင်းကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ အထွေထွေကုန်ပစ္စည်းများ အတင်အချပြုလုပ်နိုင်သော အေးရှားဝေါလ်ဆိပ်ကမ်း၊ ဝါးတန်းဆိပ်ကမ်း၊ MIP ဆိပ်ကမ်းတို့တွင် ကုန်သေတ္တာပစ္စည်းများ အတင်အချ ပြုလုပ်ခြင်းကို ပုံမှန်အတိုင်းလည်ပတ် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ လမ်းမကြီးများတွင်လည်း ယာဉ်သွား၊ ယာဉ်လာများဖြင့် အများပြည်သူ ပုံမှန်သွားလာလည်ပတ်လျက်ရှိပြီး ရန်ကုန်မြို့တွင်းရှိ သီရိမင်္ဂလာဈေး၊ ဘုရင့်နောင်ဈေး၊ ရွှေပိတောက်ငါးဈေးတို့သို့ ကုန်ပစ္စည်းများအား ကုန်တင်ယာဉ်ကြီးများဖြင့် ပို့ဆောင်လျက်ရှိသကဲ့သို့ ဈေးများအတွင်းတွင်လည်း စားသောက်ကုန်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက် အသီးအနှံများ၊ အသား၊ ငါးများကို လက်လီလက်ကား ရောင်းဝယ်ဖောက်ကားလျက်ရှိရာ ရောင်းသူ၊ ဝယ်သူများဖြင့် ပုံမှန်လည်ပတ် ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ ဓညဝတီဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် မီတာ ၄၀၀ ပြေးလမ်း ရော်ဘာပြားခင်းခြင်းလုပ်ငန်းပန္နက်တင်ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏ စစ်တွေမြို့ရှိ ဓညဝတီဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် မီတာ ၄၀၀ ပြေးလမ်း Synthetic Rubber ခင်းခြင်းလုပ်ငန်း ပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘောလုံးအားကစားကွင်းရှိ ရှင်းလင်းဆောင်၌ ပြုလုပ်ရာ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်စောမြ၊ ဇေယုခိုင်ကုမ္ပဏီနှင့် Coral Akyab ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်တိုင်းမှူးတို့က မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်ရိုက်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ (ယာပုံ)

အဆိုပါ ဓညဝတီဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ရေစိမ့်မြောင်း ၂၁ မြောင်းအပါ ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေကျပ်သိန်း ၁၅၀၀နှင့် မီတာ ၄၀၀ ပြေးလမ်း Synthetic Rubber ခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်းတစ်သောင်း ကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရေတာရှည်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့ ရွှေပြည်ကုန်းစစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




## မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပုံမှန်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများ ရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင် တံခါးများကို သော့ခတ်ခြင်း၊ တံခါးများကို သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများကို မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှုယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။



အဆိုပါ ဥပဒေမဲ့ လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက် သံလျက်မော်ရပ်ကွက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အမရပူရမြို့နယ် ငယ်တိုးကျေးရွာ၊ ရွှေကြက်ယက်ကျေးရွာ၊ ညောင်ဦးမြို့နယ်၊ အရှေ့ရွာ၊ အနောက်ရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ် ဘုတာရပ်ကွက်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မင်းကံကြီးရပ်ကွက်၊ မင်းဘူးမြို့နယ် အမှတ်(၄) ရပ်ကွက်၊ မြို့သစ်မြို့နယ် မင်းရပ်ကွက်၊ နတ်မောက်မြို့နယ် ဖက်သန်းတောင်ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂)ရပ်ကွက်နှင့် ရေနံချောင်းမြို့နယ် ရွာသစ်ရပ်ကွက်တို့ရှိ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူး ရုံးများသို့ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ရပ်မိ/ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## Facebook စာမျက်နှာပေါ်၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ခြိမ်းခြောက်သည့်စာများတင်ဆောင်သူနှင့် လက်ခံထားရှိသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဓမ္မိဘူတာတွင် ဒုရုံပိုင်ဖြစ်သူ ဟန်မင်းစိုး (ဘ)ဦးကြည်ဝင်း သည် CDM တွင် ပါဝင်ရန်အတွက် ၎င်း၏ ဇာတိဖြစ်သော နတ်မောက်မြို့သို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြန်သွားခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် ၎င်း၏ Facebook စာမျက်နှာပေါ်၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ပြန်ပေးဆွဲရန်၊ အသက်အန္တရာယ်ခြိမ်းခြောက်သည့်စာများနှင့် ညစ်ညမ်းစွာပြောဆိုသည့် စာများဖြန့်ချိနေကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာမှ ဖေဖော်ဝါရီ ၂၃ ရက်တွင် ၎င်းအား ဖမ်းဆီးရမိရေး အမှုဖွင့်ထားရှိခဲ့သည်။

အဆိုပါ ဟန်မင်းစိုးသည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ ဘော့ကျေးရွာ၏ အရှေ့ဘက်ရှိ တစ်ရွာတည်းနေ ဦးတင်ဝင်း ၏ တောင်ယာတဲတွင် ရောက်ရှိနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့များက သွားရောက်ဖမ်းဆီးရာ ၎င်းအား ဆင်းကတ်ထုတ်ထားသည့် ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် တရားခံ ဟန်မင်းစိုးအား လက်ခံထားရှိပြီး သက်ဆိုင်ရာ သတင်းပေးပို့ရန် ပျက်ကွက်ခဲ့သူ ဦးတင်ဝင်းအား ယနေ့နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီး၍ အမှုဖွင့်အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဖေဖော်ဝါရီ ၂၇**
ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဖေဖော်ဝါရီ ၂၅ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပဲခူးမြို့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကျင်းပသည်။ **(ယာပုံ)**



တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရန်ကုန်မြို့ရှိ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် လေဆိပ်ဧရိယာ ထပ်မံတိုးချဲ့ရန် အခက်အခဲများရှိနေသဖြင့် ရန်ကုန်မြို့နှင့် အနီးကပ်ဆုံးရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်ထွက်ပေါက်ဧရိယာအတွင်းရှိသည့် ပဲခူးမြို့တွင် ၁၉၉၄ ခုနှစ်၌ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရန် စီမံကိန်းစတင်ရေးဆွဲ ဆောင်ရွက်ကြောင်း၊ နိုင်ငံတော်အဆင့်မှ လေဆိပ်ဖြစ်မြောက်နိုင်ရေး ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်စေရန် ကျူးကျော်စာရင်း ကောက်ယူခြင်း၊ လျော်ကြေးငွေပေးချေခြင်း၊ လေဆိပ်ပတ်လမ်းပေ ၁၀၀ အကျယ် ဖော်ထုတ်ခြင်းနှင့် မြေယာပိုင်ဆိုင်မှု ရရှိနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်အလိုက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လျော်ကြေးငွေ ပေးချေနိုင်ရေး ဘဏ္ဍာငွေလျာထားလျက်ရှိသည်ကို သိရှိရ၍ သက်ဆိုင်ရာ ကော်မတီများမှ မြန်မြန်ဆန်ဆန် လျော်ကြေးငွေပေးချေနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ပဲခူးမြို့အတွက်သာမက နိုင်ငံအတွက်လည်း အလွန်အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြေယာစာရင်းကောက်ယူရေး ဆပ်ကော်မတီ၊ သီးပင်၊ စားပင်၊ နှစ်ရှည်ပင်နှင့် ရာသီ သီးနှံပင်များ စာရင်းကောက်ယူရေးဆပ်ကော်မတီ၊ ကျူးကျော်အဆောက်အအုံစာရင်းကောက်ယူရေး ဆပ်ကော်မတီနှင့် တန်ဖိုးတွက်ချက်ရေး ဆပ်ကော်မတီတို့၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လေကြောင်းဦးစီးဌာနပိုင်မြေအဖြစ် ပိုင်ဆိုင်မှုရရှိရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပဲခူးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ ဖေဖော်ဝါရီ ၂၇**
ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ ရက်က ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် တာဝန်ယူရသည့်ကာလ အလွန်တိုတောင်းသည့်အတွက် ဆောင်ရွက်စရာရှိသည်များကို လျင်လျင်မြန်မြန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများရှိသည်ကိုလည်း မြင်တွေ့ကြားသိရကြောင်း၊ CDM ဝန်ထမ်းအချို့လည်း ရုံးပြန်တက်နေကြသည်ကို မြင်တွေ့ကြားသိရကြောင်း၊ နေ့စဉ်ရုံးပြန်တက်သည့်စာရင်းတွင် တိုးတက်မှုရှိလာသည်ကိုလည်း မြင်တွေ့ရကြောင်း၊ လစာများထုတ်ပေးရာတွင် ခွင့်မဲ့ပျက်ကွက်နေသူများကို တာဝန်ထမ်းဆောင်ခြင်းမရှိသည့်အတွက် လစာခံစားခွင့်မရှိဘဲ နောက်လတွင် ပြန်လည်ပေးသွင်းနိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ဘတ်ဂျက်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ခံကောင်စီဝင်များ၏ ထောက်ခံချက်ဖြင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီထံသို့ ဆက်လက်တင်ပြစေလိုကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခက်အခဲများရှိပါက ဆွေးနွေးတင်ပြကြစေလိုပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၁)မှ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြကာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

**ပင်းတယ ဖေဖော်ဝါရီ ၂၇**
ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၅)ရပ်ကို ပြန်လည်ချပြဆွေးနွေးပြောကြားပြီး လုပ်ငန်းများ ကဏ္ဍအလိုက် မြန်ဆန်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက်ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သိလိုသည်များကိုဆွေးနွေးတင်ပြကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြောက်ဦးမြို့တွင် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲပြုလုပ်

**မြောက်ဦး ဖေဖော်ဝါရီ ၂၇**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွက် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က အဆိုပါ ဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းရန်နိုင်သူက မြစိမ်းရောင်ကျေးရွာ စီမံကိန်း သုံးသပ်ဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များက စီမံကိန်းကျေးရွာ ရွေးချယ်ခြင်း၊ ရန်ပုံငွေထုတ်ချေးခြင်း၊ ရန်ပုံငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် အကဲဖြတ်ခြင်းဆိုင်ရာများနှင့် ပတ်သက်ပြီး လုပ်ငန်းအားနည်းချက်၊ အားသာချက်များကို ကျေးရွာအုပ်စုများအလိုက် သုံးသပ်တင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ပြောကြားသည်။

မြောက်ဦးမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ယူနစ်(၅၀)၏ အကျိုးပြုကျေးရွာ ၅၁ ရွာမှ အကျိုးပြုလူဦးရေ ၆၆၆၇ ဦး၏ ချေးငွေကျပ် ၂၉၂၉ ဒသမ ၃၃သန်း ရန်ပုံငွေလည်ပတ်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးမှ သိရသည်။

**တင်ဝင်း (ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ The Nippon Foundation တို့ ပူးပေါင်းဖွင့်လှစ်သည့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖြစ်သော ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က Virtual System ဖြင့် ပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် The Nippon Foundation မှ အမှုဆောင်အရာရှိချုပ် Mr.Yuji Mori က အမှာစကား ပြောကြားပြီး International University of Japan မှ Dean and Professor, Dr. Aung Myoe က သင်တန်းဖွင့်လှစ်သည့် ကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ထိုအခမ်းအနားကို ဦးစီးဌာနမှ တာဝန်ရှိသူများ၊ The Nippon Foundation မှ အမှုဆောင်အရာရှိချုပ် Mr. Yuji Mori၊ Professor Dr. Aung Myoe, IUJ Dean နှင့် သင်တန်းသားသင်တန်းသူ ၂၇ ဦး Virtual System ဖြင့် တက်ရောက်သည်။

အဆိုပါ သင်တန်းကို ၃၀-၁၁-၂၀၂၀ ရက်မှ ၂၆-၂-၂၀၂၁ ရက်အထိ ရက်သတ္တ ၁၃ ပတ်ကြာ ဖွင့်လှစ်ပြီး ထူးချွန်သင်တန်းသား သင်တန်းသူများအား ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာတွင် ပြည်သူနှင့်ကျေးလက်ပူးပေါင်းပြီး အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းမည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံ(ဘူတာ)ကျေးရွာတွင် အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်းကို ဒေသခံပြည်သူများ ကိုယ်တိုင် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ရေပိုက်သွယ်တန်းခြင်းကို ဝက်ဝံ(ဘူတာ)ကျေးရွာနေ ပြည်သူများ၏ တောင်းဆိုချက်အရ ကျေးလက်ဦးစီးဌာန(ရုံးချုပ်)က ရေပိုက်များ ထောက်ပံ့ကာ ဆောင်ရွက်မည်ဖြစ်ပြီး ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဇေယျာညိုနှင့် တာဝန်ရှိသူများ ယမန်နေ့က လက်ရှိမြေပြင်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ပါ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်ဒေသ အားလုံးအတွက် သောက်သုံးရေ ဝန်ဆောင်မှုနှင့် အိမ်သွယ်ရေတိုင်စနစ် ၂၀ ရာခိုင်နှုန်း ရရှိစေရေး ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# လျှော်ဖြူစေး(ဆေးကုလားမ) ဈေးကွက်တိုးတက်စေရေး စုပေါင်းကြိုးပမ်းနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

လျှော်ဖြူစေး (ဆေးကုလားမ) ဈေးကွက်တိုးတက်စေရေး အတွက် စုပေါင်းကြိုးပမ်းနေကြကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းမှ သိရသည်။

"အခုလက်ရှိမှာ လျှော်ဖြူအစေးက တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ဝန်းကျင် ဖြစ်နေတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်က သင်္ကြန်အပြီးမှာ လျှော်ဖြူအစေး တစ်ပိဿာကို ငွေကျပ် ၆၅၀၀၀ ရခဲ့ပါတယ်။ ဈေးနှုန်းကွာခြားမှု ပြဿနာကို ထိန်းညှိနိုင်အောင်နဲ့ ဈေးကွက်တည်ငြိမ်မှုရှိပြီး ခိုင်မာလာအောင် လျှော်ဖြူအသင်းအားလုံးကလည်း တတ်စွမ်းသလောက် ကြိုးပမ်းနေကြပါတယ်"ဟု တိုင်းဒေသကြီး လျှော်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းကပြောသည်။

ကိုဗစ်-၁၉ ပထမအကျော့ ကာလမှစတင်၍ မြန်မာ့လျှော်ဖြူစေးဈေးကွက်ကျဆင်းလာပြီး လျှော်ဖြူဈေး မတည်ငြိမ်မှုကြောင့် ထိခိုက်နစ်နာသည့် တောင်သူများလည်း ရှိသည်။

"လျှော်ဖြူရဲ့ အဓိကပြဿနာက ဈေးကွက်ပါ။ ဈေးကွက် အနေအထားအရ တရုတ်နိုင်ငံဘက်ကလာတဲ့ ပွဲစားအဆင့်ဆင့်က တစ်ဆင့်ပဲ အရောင်းအဝယ် ပြုလုပ်ခဲ့ရတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ စစ်ကိုင်းတိုင်းက လျှော်ဖြူတောင်သူတွေ စုစည်းပြီး တိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းခဲ့တယ်။ အသင်းအနေနဲ့ ပြည်တွင်း ကုန်စည်ပြပွဲတွေမှာ ပါဝင်ပြသရောင်းချပြီး ဈေးကွက်ရှာဖွေခဲ့တယ်။ တိုင်းဒေသကြီး လျှော်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းအနေနဲ့ အစိုးရတာဝန်ရှိသူတွေထံကို စာတင်ထားတာလည်း ရှိပါတယ်။ တရုတ်တစ်နိုင်ငံတည်းကို အားထားပြီး ရောင်းချနေရတဲ့အတွက် လျှော်ဖြူဈေးက မတည်ငြိမ် ဖြစ်နေတယ်။ နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်ရောင်းချနိုင်အောင် ကူညီပေးပါလို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံကို စာတင်ထားတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန အဆင့်ဆင့်က တာဝန်ရှိသူတွေကလည်း ကူညီဆောင်ရွက်ပေးပါမယ်လို့ ပြောထားတာလေး ရှိပါတယ်"ဟု ၎င်းက ဆက်လက် ပြောသည်။

လျှော်ဖြူသည် စက်မှုကုန်ကြမ်း သီးနှံအမျိုးအစားတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၏ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့်အတွက် စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးများရှိ နေရာအချို့တွင် စိုက်ပျိုးထုတ်လုပ်နေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**






အမြို့မြို့အနယ်နယ်

ပျံ့နှံ့သည့် သတင်းစာ

မြန်မာ့အလင်း

သတင်းစာတွင်

ကြော်ငြာပါ

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကေသမုတ္တိမှ ကာလာမ လူမျိုးတို့၏ မေးခွန်းပုစ္ဆာ

ညိုချော

ကေသမုတ္တိကို ရွာကြီးတစ်ရွာ ဒါမှမဟုတ် မြို့ပြနိုင်ငံငယ်လို့ ဖွင့်ဆိုကြပါတယ်။ ဗုဒ္ဓမြတ်စွာပွင့်တော်မူတဲ့အချိန်တုန်းက ထိုဒေသဟာ အလွန်ကိုသာယာဝပြောပြီး အယူဝါဒအမျိုးမျိုးကိုလည်း ကိုးကွယ်ယူဆကြတာရှိပါတယ်။ မြတ်ဗုဒ္ဓက ကေသမုတ္တိကို ကြွရောက်လာတဲ့အခါ ဒေသခံကာလာမလူမျိုးတွေဟာ ဘုရားရှင်ကို မေးခွန်းတွေ မေးမြန်းလျှောက်ထားပါတယ်။ မြတ်စွာဘုရားက လူ့လောကသဘာဝအခြေအနေအရလည်း အမှန်ဆုံး၊ သံသရာကောင်းကျိုးအတွက်လည်း အမှန်ဆုံးဖြစ်တော်မူတဲ့ Universal Truth လည်းဖြစ်တဲ့ ကာလာမသုတ္တန်ကို ဟောကြားခဲ့ဖူးပါတယ်။

**"မြတ်စွာဘုရားရှင်က "ကာလာမလူမျိုးတို့. . .သင်၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဦးစွာစဉ်းစားဆင်ခြင်သုံးသပ်ကာ ဤတရားသည် မကောင်းမှုတရားတို့ပေတည်း၊ ဤတရားတို့ကား.. အကျိုးမဲ့အပြစ်ကိုသာ ဖြစ်စေသော တရားတို့တည်း။ ဤတရားတို့ကား .. ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားတို့တည်း။ ဤတရားတို့ကား.. ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်းမဟုတ်သော တရားတို့ပေတည်း..ဟု ရှောင်ရှားပယ် စွန့်သင့်သည်တို့ကို စွန့်ပစ်ကာ လက်ငင်းအကျိုးကျေးဇူးအမှန်တကယ်ပြုနိုင်သော တရားတို့ကိုသာ လက်တွေ့ကျင့်သုံးပြီးမှ ယုံကြည်လက်ခံကြပါ"လို့ မိန့်တော်မူခဲ့တာ ဖြစ်ပါတယ်"**

လောကမှာ အယူဝါဒမတူညီတဲ့အတွက် ငြင်းကြ၊ ခုံကြရတာဟာ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့တာပါ။ တစ်အုပ်စုနှင့်တစ်အုပ်စု အမြင်မတူ၊ အသွင်ကွဲပြားတာကို မိမိကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြား ကျင့်သုံးကြည့်ပြီးမှသာ လက်ခံသင့်တဲ့အကြောင်းနဲ့ ယင်းအတွက် စစ်ထုတ်ရမယ့် အချက်တွေကို ညွှန်ကြားပြသပေးခဲ့ခြင်း ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့တရားတော်တွေဟာ လက်ရှိကာလအထိ အသုံးဝင်ဆဲ၊ ကျင့်သုံးရန်သစ်လွင်နေဆဲ အယူအဆ ဒဿနတရားတော်တွေ ဖြစ်ပါတယ်။

"ဝါဒအယူမှားတဲ့သူက အဆူဆူဗုဒ္ဓ ကယ်မရသည် လေးဝပယ်ဘုံ ဘေးတွေ့ကြုံသည် စိတ်ကိုဉာဏ်ဖြင့် မျှော်ထောက်ချင့်က တစ်ဆင့်ကြားသိ မိရိုးဖလာကောလာဟလ ကျမ်းစာမျှနှင့် ကြံဆနည်းမှီ ဆီလျော်သုံးသပ် လူချင်းထပ်၍ ယုံအပ်သည်ဘဲ ဆရာစွဲဖြင့် လွဲပုံစိတ်ချ မယူကြနှင့် ဒိဋ္ဌသိဌာန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှားမှန်ကောင်းဆိုး သိအောင်ကြိုးဟု မျိုးကာလာမ ဟောညွှန်ပြသည် ဝါဒအယူစစ်တမ်းနည်း" လို့ ဆရာတော်ကြီးများက ဟောကြားခဲ့ကြပါတယ်။

ကာလာမလူမျိုးတို့ကို မြတ်စွာဘုရားက "အို..ကာလာမလူမျိုး၊ အမျိုးကောင်းသားတို့... သင်တို့သည် လက်ခံကျင့်သုံးအပ်သော အမှန်တရားဓမ္မတို့ကို ဤဆယ်ချက်ဖြင့် ဆင်ခြင်စိစစ်၍ ဆုံးဖြတ်အားထုတ်ကြကုန်လော့.." ဆိုပြီး မိန့်တော်မူခဲ့ပါတယ်။

ရှေးစကားဖြစ်ရုံနဲ့လည်း အယူဝါဒတစ်ခုကို လက်မခံပါနှင့်။ ဓလေ့ထုံးစံဖြစ်ရုံနဲ့ အားလုံးကို အမှန်လို့လက်မခံပါနှင့်။ လူအများပြောနေကြရုံ၊ နာမည်ကျော်ကြားရုံနဲ့ မစုံစမ်းမဆင်ခြင်ဘဲ အယူဝါဒကို လက်မခံပါနှင့်။ ရှေးဟောင်းစာပေကျမ်းဂန်တွေမှာ ပါတိုင်းလည်း လက်မခံပါနှင့်။ မိမိဉာဏ်ရှိသမျှ တွေးခေါ်ကြံဆတဲ့အယူဝါဒဆိုတိုင်း မှန်တယ်လို့ လက်မခံပါနှင့်။ အဲဒီအယူဝါဒမှာ ထောက်ပံ့အမှီပြုနိုင်တဲ့ နည်းနာနိဿယတွေရှိတယ်ဆိုပြီး အလွယ်တကူလက်မခံပါနှင့်။ မိမိဘာသာတွေးတောကြံစည်မိတိုင်း ဟုတ်ပြီဆိုပြီး လက်မခံပါနှင့်။ ဒီအယူဝါဒတွေဟာ မိမိတွေးတောတာနဲ့ တူညီတယ်ဆိုပြီးလည်း လက်မခံပါနှင့်။ အများက လေးစားရှိသေအပ်တဲ့ ပုဂ္ဂိုလ်ကြီးတွေစကားမို့ဆိုပြီးလည်း လက်မခံပါနှင့်။ မိမိတို့ ရင်းနှီးကျွမ်းဝင်ချစ်ခင်တဲ့ ဆရာသမားတွေစကားပဲ ဆိုပြီးလည်း အပြီးသတ်လက်ခံယုံကြည်မှုကို မပြုလိုက်ပါနဲ့ဦးလို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။

မြတ်စွာဘုရားရှင်က "ကာလာမလူမျိုးတို့...သင်၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဦးစွာစဉ်းစား ဆင်ခြင်သုံးသပ်ကာ ဤတရားသည် မကောင်းမှုတရားတို့ပေတည်း၊ ဤတရားတို့ကား.. အကျိုးမဲ့အပြစ်ကိုသာ ဖြစ်စေသော တရားတို့တည်း။ ဤတရားတို့ကား .. ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း။ ဤတရားတို့ကား.. ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်းမဟုတ်သော တရားတို့ပေတည်း..ဟု ရှောင်ရှားပယ်စွန့်သင့်သည်တို့ကို စွန့်ပစ်ကာ လက်ငင်းအကျိုးကျေးဇူး အမှန်တကယ်ပြုနိုင်သော တရားတို့ကိုသာ လက်တွေ့ကျင့်သုံးပြီးမှ ယုံကြည်လက်ခံကြပါ"လို့ မိန့်တော်မူခဲ့တာဖြစ်ပါတယ်။

မြတ်ဗုဒ္ဓ၏ မိန့်ဆိုချက်တွေက နှစ်ပေါင်းများစွာကြာမြင့်ခဲ့ချိန် ယနေ့အထိပင် တန်ဖိုးရှိနေဆဲဖြစ်ပါတယ်။ မိမိတို့ဟာ အယူဝါဒတစ်ခု၊ ယုံကြည်မှုတစ်ခုကို ရွေးချယ်ဆုပ်ကိုင်ဖို့အတွက် အရေးအကြီးဆုံးကတော့ ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားဆင်ခြင် သုံးသပ်ပြီးမှသာ အဖြေတစ်ခုကိုချမှတ်ပြီး လက်တွေ့လိုက်နာကျင့်သုံးကြည့်ကြဖို့ လိုအပ်ပါတယ်။

မိမိတို့နိုင်ငံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ ဦးတည်ချက် ၉ ရပ်နဲ့ လုပ်ငန်းစဉ်တွေကို မြန်မြန်ဆန်ဆန် ချမှတ်ဆောင်ရွက်နေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအနက် နိုင်ငံရေးဦးတည်ချက်များအဖြစ် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်ရေး၊ ထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာကျင့်သုံးရေးဆိုပြီး ချမှတ်ထားတာကို မြင်တွေ့ရပါတယ်။

တရားမျှတမှုရှိရှိနဲ့ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ဖို့၊ ငြိမ်းချမ်းဖို့နဲ့ နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ဖို့ ကြိုးပမ်းနေတယ်လို့ အတိအကျဖော်ထုတ်ထားပြီး ဖြစ်တဲ့အတွက် ဒီလိုဦးတည်ချက်တွေ မမှိတ်မသုန်ဆောင်ရွက်နိုင်စေဖို့ ပြည်သူအားလုံးက လက်တွဲညီညီနဲ့ ဆောင်ရွက်နေကြရမည့်အချိန်လို့ မှတ်ယူပါတယ်။ ဒီအချိန်မှာ တိုင်းပြည်အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည့်အစား တိုင်းပြည်ထိခိုက်အောင်၊ မငြိမ်သက်အောင်၊ ပြည်သူတွေပင်ပန်းနစ်နာအောင် သွေးထိုးမြှောက်ပင့်ဆောင်ရွက်နေကြသူတွေကို ရှုတ်ချမိပါတယ်။

ယခုအချိန်မှာ မိမိတို့နိုင်ငံက ပြည်သူတွေဟာ ခေါင်းအေးအေးနဲ့ ဆင်ခြင်သုံးသပ်ပြီး နေထိုင်သွားခြင်းကသာ အကောင်းဆုံးဆောင်ရွက်မှုဖြစ်မှာပါ။ "ဆူပူလျှင် စစ်သက်ပိုရှည်မယ်"ဆိုတဲ့ ဆိုရိုးစကားရှိခဲ့ဖူးပါတယ်။ ယခုအခြေအနေဟာ မလိုလားသူအချို့ ပြောဆိုနေကြတဲ့ Military Coup အာဏာသိမ်းတာ မဟုတ်ဘူးဆိုတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လက်တွေ့ဆောင်ရွက်နေမှု၊ မြန်မြန်ဆန်ဆန် လုပ်ငန်း အကောင်အထည်ဖော်မှုတွေကိုကြည့်ရင် သိရှိနိုင်ပါတယ်။ တစ်နှစ်တာကာလ နိုင်ငံတော်အာဏာကို အရေးပေါ်အခြေအနေ ကြေညာထိန်းထားတာသာဖြစ်ပြီး မကြာခင်မှာ ပြည်သူတွေအတွက် စစ်မှန်ပြည့်ဝတဲ့ ဒီမိုကရေစီတစ်ရပ်ကို ရရှိမယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အုပ်ချုပ်မှုယန္တရား စတင်လည်ပတ်နေခဲ့တာ သီတင်းပတ်သုံးပတ်ကျော်လာခဲ့ပါပြီ။ ဒီလိုအခြေအနေမှာ အနှောင့်အယှက်မျိုးစုံနဲ့ ပြည်သူတွေကို ခြောက်လှန့်၊ မြှောက်ပင့်ပေးတာဟာ အရေးပေါ်ကာလ ပိုမိုတာရှည်နိုင်တာကို သတိပြုသင့်ပါတယ်။ လူမှုနိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်မှသာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ လုပ်ငန်းစဉ်များကို အပြည့်အဝအကောင် အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

လုပ်ငန်းစဉ်ငါးရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့ပြီး လုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပစ်ပယ်ထားလို့ မရပါဘူး။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ ရှေ့ဆောင်ရွက်ရမယ့်အရာတွေကို ငြိမ်းငြိမ်းချမ်းချမ်းသိမ်သိမ်မွေ့မွေ့ ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တည်ငြိမ်အေးချမ်းမှုကို အဆုံးစွန်သော စိတ်ရှည်မှု (Maximum Reframe) နဲ့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေတယ်လို့ စာရေးသူကတော့ ယူဆမိပါတယ်။ ဒီလိုအခြေအနေကို ပြည်သူအားလုံးက နားလည်လက်ခံပြီး ပူးပေါင်းပါဝင်ပေးကြဖို့ အထူးလိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

ပြည်သူလူထုအများစုရဲ့တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ဥပဒေမဲ့၊ မင်းမဲ့စရိုက်အသွင်ရောက်ရှိစေဖို့ အရှိန်မြှင့်တင်လာခြင်းက နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားတွေအားလုံးကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ကြာရှည်လာတဲ့ လူထုလှုပ်ရှားမှုတွေဟာ ရေရှည်မှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝကို ထိခိုက်လာနိုင်စေတဲ့အပြင် ထိခိုက်ဆုံးရှုံးမှုများ ရှိလာစေနိုင်တဲ့အတွက် ဥပဒေနဲ့အညီ မလွဲမရှောင်သာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမယ်ဆိုတာကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေးထားပြီးလည်း ဖြစ်ပါတယ်။

"လူတစ်ယောက်ကို အကဲဖြတ်တိုင်းတာချင်ရင် သူ့မှာရှိတဲ့ အာဏာပါဝါကိုသုံးပြီး ဘာလုပ်သလဲဆိုတာကိုကြည့်ပါ"လို့ ပလေတိုက ပြောကြားခဲ့ဖူးပါတယ်။ လက်ရှိမှာ ပြည်သူတွေရဲ့ ဘုံလိုလားတောင့်တမှုဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ ရွေးချယ်နိုင်အောင်၊ ကြားကာလမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းစေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ အားလုံးပူးပေါင်းခြင်းဖြင့်သာ ပကတိအခြေအနေကို အကောင်းဆုံးအခြေအနေအဖြစ် ပြောင်းလဲမှတ်ယူဆောင်ရွက်ကြပါဟု တိုက်တွန်းလိုက်ပါရစေ။

**"လုပ်ငန်းစဉ်ငါးရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့ပြီး လုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပစ်ပယ်ထားလို့မရပါဘူး။ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ ရှေ့ဆောင်ရွက်ရမယ့်အရာတွေကို ငြိမ်းငြိမ်းချမ်းချမ်း သိမ်သိမ်မွေ့မွေ့ ဆက်လက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့ တည်ငြိမ်အေးချမ်းမှုကို အဆုံးစွန်သော စိတ်ရှည်မှု (Maximum Reframe) နဲ့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေတယ်လို့ စာရေးသူကတော့ ယူဆမိပါတယ်။ ဒီလိုအခြေအနေကို ပြည်သူအားလုံးက နားလည်လက်ခံပြီး ပူးပေါင်းပါဝင်ပေးကြဖို့ အထူးလိုအပ်တယ်လို့ ထင်မြင်မိပါတယ်"**

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ဖိုးလမင်းကြီးအကြောင်း ကလေးတို့ကို ပြောပြမယ် . . .

**ဟာမီယွန်နီ**

ကလေးလေးတို့အားလုံး မင်္ဂလာပါနော်။ ဒီတစ်ပတ်မှာ မမက ကလေးတို့အားလုံးသိပြီးသား၊ မြင်ဖူးပြီးသားဖြစ်တဲ့ ဖိုးလမင်းကြီးရဲ့အကြောင်းကို ပြောပြပေးမှာဖြစ်ပါတယ်။ မိုးပေါ်က ဖိုးလမင်းကြီးကို မြင်ဖူးတယ်မဟုတ်လား။ လပြည့်ညတွေမှာ ဖိုးလမင်းကြီးကိုကြည့်ရင် ဆန်ဖွပ်နေတဲ့အဘိုးကြီးရယ်၊ ဘေးနားမှာရှိနေတဲ့ ယုန်ကလေးရယ်ကို ကလေးတို့က မြင်နေရတယ်။ လမင်းကြီးကို ငွေသော်တာ၊ စန္ဒာ စသည်ဖြင့် တင်စားခေါ်ဝေါ်ကြပါတယ်။

အမှန်က ကလေးတို့ လှမ်းကြည့်ရင်မြင်ရတဲ့ ယုန်ကလေးတို့၊ အဘိုးကြီးတို့ဆိုတာ တကယ်မရှိပါဘူးနော်။ ဖိုးလမင်းကြီးက ကလေးတို့၊ မမတို့အားလုံးနေထိုင်တဲ့ ကမ္ဘာကြီးရဲ့ အရန်ဂြိုဟ်တစ်လုံးပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ လေးပုံတစ်ပုံသာရှိတဲ့ လက မမတို့ဆီကနေ မိုင်ပေါင်း ၂၃၈၉၀၀ မိုင်သာ ဝေးပါတယ်။ အားကောင်းတဲ့ မှန်ပြောင်းနဲ့ကြည့်မယ်ဆိုရင် လရဲ့မျက်နှာပြင်ကို ထင်ထင်ရှားရှား မြင်တွေ့နိုင်ပါတယ်။

လပေါ်မှာ မမတို့၊ ကလေးတို့အားလုံး အေးအေးဆေးဆေး လမ်းမလျှောက်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လပေါ်မှာ ဆွဲငင်အားတော်တော်နည်းတဲ့အတွက် ကလေးတို့ လကမ္ဘာပေါ်ရောက်တဲ့အခါ



လမ်းလျှောက်ဖို့ အနည်းငယ်တော့ အခက်အခဲရှိနိုင်ပါတယ်။ ကမ္ဘာပေါ်မှာ ကလေးတို့က ပေါင် ၆၀ ရှိတယ်ဆိုရင် လပေါ်မှာ ၁၀ ပေါင်ပဲ အလေးချိန်ရှိတော့မှာပါ။

လပေါ်မှာ ဖုန်မှုန့်တွေ၊ ကျောက်မှုန့်တွေ၊ ကျောက်ဆောင်တွေနဲ့ ချိုင့်ဝှမ်းတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ကလေးတို့ သောက်သုံးဖို့ ရေလုံးဝမရှိပါဘူး။ အဲဒီလိုပဲ ကလေးတို့ရှူရှိုက်ဖို့ လေလည်းမရှိပါဘူး။ လေထုမရှိတဲ့အတွက် ကလေးတို့က အေးတဲ့အခါ သိပ်ကိုအေးပြီး၊ နေရောင်ရတဲ့အခါမှာလည်း သိပ်ကို ပူပြင်းနိုင်ပါတယ်။ လပေါ်မှာ ရေမရှိပေမယ့် အရင်တုန်းက ရေရှိခဲ့တယ်ဆိုတဲ့ ပုံသဏ္ဍာန်တွေကိုလည်း မြင်တွေ့နိုင်ပါတယ်။ မြစ်တွေ၊ ချောင်းတွေ ခြောက်သွေ့သွားတဲ့ပုံစံကို လပေါ်မှာ မြင်တွေ့နိုင်ပါတယ်။

မမတို့ကမ္ဘာကြီးက နေမင်းကြီးကို လည်ပတ်နေပြီး ကမ္ဘာက နေကိုတစ်ပတ်ပတ်ဖို့ ၃၆၅ ရက်ကြာပါတယ်။ အဲဒီလိုပဲ လမင်းကြီးက မမတို့ ကမ္ဘာကို လပတ်လမ်းကြောင်းနဲ့ လည်ပတ်နေပါတယ်။ နောက်တစ်ခုက လမင်းကြီးဟာ ညဘက်မှာ ကမ္ဘာပေါ်ကို အလင်းရောင်ပေးပါတယ်။ ဒါပေမယ့် သူ့မှာ ကိုယ်ပိုင်အလင်းရောင် မရှိပါဘူး။ နေမင်းကြီးဆီက ရလာတဲ့အလင်းက လမင်းကြီးဆီကိုရောက်တဲ့အခါ အလင်းပြန်ထွက်လာတဲ့ မျက်နှာပြင်ကိုပဲ မမတို့ ကမ္ဘာပေါ်က လူတွေက မြင်တွေ့ရတာပါ။



လပေါ်ကို ၁၉၆၉ ခုနှစ်မှာ အမေရိကန်လူမျိုး အာကာသယာဉ်မှူးတွေက ပထမဆုံးရောက်ရှိခဲ့ကြသူတွေ ဖြစ်ပါတယ်။ အဲဒီနှစ်မတိုင်ခင်မှာ စမ်းသပ်ယာဉ်တွေကို ပို့လွှတ်ပေမယ့် လူသားအနေနဲ့ကတော့ သိမ်းငှက်ဆိုတဲ့ လဆင်းယာဉ်နဲ့ ဆင်းသက်ခဲ့ကြတာ ဖြစ်ပါတယ်။

ဖိုးလမင်းကြီးဟာ ညချမ်းအခါ အေးအေးချမ်းချမ်းနဲ့အလင်းရောင်ကို ပေးပါတယ်။ လမင်းကြီးရဲ့ အလင်းရောင်မှာ ရှေးရှေးတုန်းက ကလေးတွေ ဝိုင်းဖွဲ့ဆော့ကစားကြတယ်။ လူကြီးတွေက ထွေရာလေးပါး စကားစမြည်ပြောကြတယ်။ တောရွာကလေးတွေမှာ မီးမရသေးတဲ့အခါ လမင်းကြီးရဲ့ အလင်းရောင်က အတော်လေး အကျိုးပြုပါတယ်။ အခုနောက်ပိုင်းမှာ လျှပ်စစ်မီးတွေ ရရှိသုံးစွဲလာကြတဲ့အတွက် ဖိုးလမင်းကြီးရဲ့အလင်းရောင်ကို လူတွေက သိပ်ပြီးသတိမပြုမိကြတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် လပြည့်ညတွေမှာတော့ ဖိုးလမင်းကြီးက အစွမ်းကုန် ထိန်ထိန်သာလျက် ရှိနေတုန်းပါပဲ။

## လောကဝတ် (Etiquette)

# ကိုဗစ်ရောဂါကို သတိမမေ့ဘဲ လိုက်နာကြရမယ့် လောကဝတ်တွေ

**မျိုးမျိုး**

ကလေးတို့အားလုံး မင်္ဂလာရှိတဲ့ တနင်္ဂနွေနေ့ ဖြစ်ပါစေကွယ်။ ကျောင်းတွေကလည်း အခုအချိန်အထိ မဖွင့်ကြသေးတဲ့အတွက် ကလေးတို့အားလုံး ကျောင်းဖွင့်ရက်ကို စောင့်မျှော်နေကြပြီမဟုတ်လား။ ကိုဗစ်ရောဂါအန္တရာယ်က စိတ်ချရတဲ့အခါ ကလေးတို့အားလုံး ကျောင်းတွေပြန်တက်ကြရမှာမို့ ခဏစောင့်ပေးကြပါဦးနော်။

ပြီးခဲ့တဲ့နှစ်အထိ မမတို့၊ ကလေးတို့အားလုံး တွေ့ဆုံတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ပွေ့ဖက်ကြတယ်။ အတူတူ



မုန့်စားကြတယ်၊ အားလုံးအတူတူ သွားကြလာကြနဲ့ သိပ်ကိုပျော်စရာကောင်းခဲ့တာပေါ့နော်။ အခုနောက်ပိုင်း ကလေးတို့တွေ့ဆုံတဲ့အခါ အရင်လို ဖက်လဲတကင်းနေလို့ မဖြစ်တာကိုတော့ ကလေးတို့ မေ့ထားလို့မရပါဘူးနော်။

ကိုဗစ်ရောဂါဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးတစ်ခုကြောင့် ဖြစ်ရတာပါ။ အသက်ရှူထုတ်တဲ့အခါရောဂါပိုးမွှားတွေက တစ်နေရာကနေ နောက်တစ်နေရာကို ပျံ့နှံ့သွားတာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအကွာမှာ နေကြဦးမှ စိတ်ချရမှာပါ။

သူငယ်ချင်းအချင်းချင်း ဘယ်လောက်ပဲ ချစ်ခင်ပါစေ ကလေးတို့ လုံးဝအနီးကပ်ဆော့ကစားတာ မလုပ်သင့်ပါဘူး။ ဆော့ကစားတဲ့အခါ လေဝင် လေထွက် ကောင်းတဲ့နေရာမှာ နေထိုင်ကြဖို့ လိုအပ်သလို၊ စာအုပ်တွေ၊ ခဲတံနဲ့ ကွန်ပါဘူးတွေ၊ ပန်းကန်၊ အစားအသောက်တွေနဲ့ အသုံးအဆောင်တွေအားလုံးမှာ ကိုဗစ်ရောဂါပိုးတွေက ကပ်နေနိုင်တာဖြစ်လို့ ခဏခဏလက်ဆေးကြဖို့ လုံးဝမေ့လို့မရပါဘူးနော်။

ပြီးတော့ လူအများ နီးနီးကပ်ကပ်နဲ့ ကျင်းပတဲ့ မွေးနေ့ပွဲတွေကိုလည်း ကလေးတို့က အားနာပေမယ့် မသွားသင့်ပါဘူး။ ကလေးတို့ရဲ့ မွေးနေ့ပွဲကို ကျင်းပတဲ့အခါမှာလည်း လာမယ့်သူငယ်ချင်းတွေအတွက် သက်သောင့်သက်သာဖြစ်စေပြီး ကိုဗစ်ကူးမှာ မကြောက်ရတဲ့ အနေအထားမျိုး ပြင်ဆင်ပေးထားဖို့ လိုပါတယ်။ ဥပမာပြောရရင် ကလေးတို့မွေးနေ့မှာ နေရာကျဉ်းကျဉ်းနဲ့ ကလေးတွေ အများကြီး စုပြုံဆော့ကစားကြရင်း ကိုဗစ်ရောဂါကူးစက်တာမျိုး ဖြစ်နိုင်လို့ပါ။ ဒါကြောင့် အလှူအတန်းတွေ၊ မွေးနေ့တွေ ကျင်းပတော့မယ်ဆိုရင် လာရောက်မယ့် ဧည့်သည်တွေ ကျယ်ကျယ်လွင့်လွင့်နဲ့ လေဝင်လေထွက်ရဖို့ စီစဉ်ထားပေးသင့်ပါတယ်။

သူငယ်ချင်းအချင်းချင်း ဆော့ကစားတဲ့အခါ အဝေးကလှမ်းပြီး ဆော့ကစားနိုင်တဲ့ ကစားနည်းတွေကို စဉ်းစားရွေးချယ်ထားဖို့လိုအပ်ပြီး အစားအသောက်တွေကို စားသောက်တဲ့အခါမှာလည်း ကိုယ့်တစ်ဦးချင်း သီးသန့်စားသောက်ကြဖို့ မမက အကြံပေးပါရစေ။ ဒါမှသာ ကိုဗစ်ရောဂါကို ကလေးတို့ ကာကွယ်နိုင်မှာပါ။ စကားပြောတဲ့အခါ၊ နှာချေတဲ့အခါ၊ ချောင်းဆိုးတဲ့အခါတိုင်း အကာအကွယ်တွေနဲ့ လုပ်ဆောင်သင့်ပြီး လူများများရှိတဲ့နေရာမှာ မက်စ်တပ်သွားဖို့လည်း



လုံးဝ မေ့လို့မရပါဘူး။

နောက်ဆုံးအချက်က ကိုဗစ်ရောဂါ မကူးစက်အောင် စိတ်ပူတာက ရှက်စရာမဟုတ်သလို အားနာစရာလည်း မဟုတ်ပါဘူး။ ကိုယ့်ကို မကူးစက်နိုင်အောင်၊ မတော်တဆ ကိုယ်က ကူးစက်ခံရရင်လည်း အခြားကိုထပ်ပြီးမကူးစက်အောင် ကလေးတို့က သူငယ်ချင်းတွေကို ရှင်းပြပေးဖို့လိုပါတယ်။ ကိုဗစ်အန္တရာယ်ကို ကလေးတို့အားလုံးကသိရှိပြီး ခပ်ဝေးဝေးနေကြမယ်ဆိုရင် ကိုဗစ်က ကလေးတို့ဆီကို ဘယ်တော့မှ လာရောက်နိုင်မှာမဟုတ်ပါဘူးလို့ မမက ပြောပြလိုပါတယ်။

အားလုံးပဲပျော်ရွှင်ဖွယ် နေ့ရက်ကလေးတွေ ပိုင်ဆိုင်နိုင်ကြပါစေ။

# ဝန်ထမ်းနှင့် CDM

**စွမ်းထက်နိုင် (အင်းတိုင်)**

**လူသားတိုင်းသည် စိတ်ခံစားမှုကိုယ်စီရှိကြသည်။ ယုံကြည်ချက်၊ ခံယူချက်အပေါ် မူတည်ပြီး စိတ်ခံစားချက်များ ရှိသကဲ့သို့ ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့်လည်း စိတ်ခံစားမှုများ ပြောင်းလဲတတ်ကြသည်။ စိတ်ခံစားချက်ကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ မလိုမုန်းထားခြင်း၊ ဆန့်ကျင်ခြင်း၊ ပေါင်းစုခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ ကိန်းအောင်းလာတတ်ကြသည်။ စိတ်ခံစားချက်ကိုသာ ဦးစားပေး၍ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာဆိုသည့်ချွန်း အုပ်ပြီး မဆောင်ရွက်နိုင်ပါက စစ်မှန်သည့် ကောင်းကျိုးချမ်းသာရရှိမည် မဟုတ်ပါ။**

### ဉာဏ်ပညာနှင့် ဝေဖန်ပိုင်းခြားသုံးသပ်

စိုက်ပျိုးသည့်အပင်ကို ပြန်လည်ရိတ်သိမ်းရမည်ဖြစ်သည်။ အချဉ်ပင်စိုက်ပြီး အချိုသီးစားချင်၍ မရပါ။ ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်အားလုံးသည် အကြောင်းတရားများဖြစ်ပြီး ရရှိလာသည့် ရလဒ်သည် အကျိုးတရားဖြစ်ပါသည်။ ရလဒ်ကောင်းခြင်း၊ ဆိုးခြင်းသည် လုပ်ဆောင်ခဲ့သမျှ အကြောင်းအရာများအပေါ်တွင်သာ မူတည်ပါသည်။ ထို့ကြောင့် ရလဒ်တစ်ခုပေါ်ထွက်လာလျှင် စိတ်ခံစားချက်ကို ဦးစားပေးပြီး အလိုဆန္ဒနှင့် မကိုက်ညီ၍ လက်သင့်မခံနိုင်ဟု ငြင်းပယ်ဆန့်ကျင်နေပါက အဖြေမှန်နှင့် ဝေးသထက်ဝေးနေမည်သာဖြစ်သည်။ ဉာဏ်ပညာနှင့် ဝေဖန်ပိုင်းခြားသုံးသပ်ပြီး ပကတိ အမှန်တရားရလဒ်ကို လက်ခံကြရပါမည်။ အကြောင်းတရားများကို မျက်ကွယ်ပြုပြီး အကျိုးတရားကိုသာ ဦးတည်ပုံဖော်နေသရွေ့ ပကတိ အမှန်တရားကို ဥပက္ခာပြုသည့် အစွဲဝါဒီများ ဖြစ်မှန်းမသိ ဖြစ်နေကြမည်မှာ သေချာပါသည်။ အကြောင်းတရားများ မရှိခဲ့ဘဲ မည်သည့်အကျိုးတရားမှ မဖြစ်နိုင်သည်ကို သတိချပ်စေလိုပါသည်။

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်သင့်သည်။ ပါတီစုံဒီမိုကရေစီစနစ်အရ ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ပြည်သူများ၏ ဆန္ဒနှင့်အညီ အစိုးရတစ်ရပ်ကို ရွေးချယ်ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်၏အသက်မှာ ရွေးကောက်ပွဲတရားမျှတရေးပင်ဖြစ်သည်။ တပ်မတော်နှင့် နိုင်ငံရေးပါတီများက ရွေးကောက်ပွဲမသမာမှုများရှိခဲ့သည်များကို တိုင်ကြားခြင်း၊ ပြည်တွင်းပြည်ပ မီဒီယာများကို ဖိတ်ခေါ်၍ ခိုင်မာသော အထောက်အထားများဖြင့် ရှင်းလင်းအသိပေး ဆောင်ရွက်ခဲ့ကြသည်။ မဲမသမာမှုများကို ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ သန့်ရှင်းပြီး တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်က ပြန်လည်ရှင်းလင်းချေပရမည်ဖြစ်သည်။ ကော်မရှင်က မရှင်းလင်းနိုင်ပါက သမ္မတက ရှင်းလင်းပေးရန် တာဝန်ရှိပါသည်။ မဲမသမာမှုများကို မသိကျိုးကျွန်လျစ်လျူရှုပြီး အစိုးရဖွဲ့၍ နိုင်ငံတော်အာဏာကို ရယူရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ဖျက်ဆီးခဲ့ခြင်းပင်ဖြစ်သည်။ စာမေးပွဲတစ်ရပ်တွင် ရမှတ်အပြည့်ရသော်လည်း စာခိုးချဖြေဆိုထားသည်ကို အထောက်အထားခိုင်လုံစွာဖြင့်မိပါက စာမေးပွဲကျရှုံးမည့်အပြင် ကျောင်းမှထုတ်ပယ်သည့်ပြစ်ဒဏ်ခံရတတ်သည်ကို အားလုံးသိရှိလက်ခံကြပြီး ဖြစ်သည်။

### အတိအလင်းကြေညာခဲ့ပြီးဖြစ်

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံတော်သမ္မတတို့က မဲမသမာမှုများကို ဖြေရှင်းခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်နှင့် မလျော်ညီသော နည်းလမ်းများဖြင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ရယူရန်အတွက် တတိယအကြိမ်လွှတ်တော်ခေါ်ယူကာ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကိုသာ အစွမ်းနည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လာကြသည်။ ထိုသို့ မလွှဲမရှောင်နိုင်သော အခြေအနေဖြစ်ပေါ်လာပြီး မည်သို့မျှညှိနှိုင်းအဖြေရှာ၍ မရတော့သဖြင့် တပ်မတော်သည် (၁.၂.၂၀၂၁) ရက်နေ့မှစတင်၍ နိုင်ငံတော်အာဏာအရပ်ရပ်ကို ခေတ္တလွှဲပြောင်းရယူခဲ့သည့်ဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) အရေးပေါ်ကာလ ပြဋ္ဌာန်းချက်နှင့်အညီ စစ်မှန်သောရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပကာ ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ကမ္ဘာသိ

> ❑ **CDM တွင် ပါဝင်ကြသော ဝန်ထမ်းအနည်းစုသာရှိပါသည်။ ထိုသို့ CDM တွင် ပါဝင်နေသည့် ဝန်ထမ်းများသည်လည်း ဌာနဆိုင်ရာ စည်းကမ်း၊ ဥပဒေများနှင့်အညီ အရေးယူခံကြရမည်ဖြစ်ပါသည်။ ဆွဲဆောင်စည်းရုံးမှုကြောင့် CDM တွင် ပါဝင်နေကြသူ ဝန်ထမ်းအချို့ကိုလည်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြုထားပြီးဖြစ်သဖြင့် သတ်မှတ်ရက်အတွင်း ပြန်လည်ဝင်ရောက်ကာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါက ဌာနဆိုင်ရာ အရေးယူခြင်းမှ သက်သာခွင့်ရရှိကြမည်ဖြစ်**

ကြေညာခဲ့ပြီး ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည်။ အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တလွှဲပြောင်းရယူခဲ့ခြင်းသာဖြစ်ကြောင်း အတိအလင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပြီး နိုင်ငံတော်ယန္တရားလည်ပတ်နိုင်ရေး မြန်မာ့တပ်မတော်က ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ ထိုသို့ မလွှဲသာ၍ ဆောင်ရွက်ခဲ့သည်ကို လျစ်လျူရှုပြီး တပ်မတော်က နိုင်ငံတော်အာဏာသိမ်းသည်ဟု မဟုတ်မမှန်စွပ်စွဲကာ သွေးထိုးလှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် စနစ်တကျအကွက်ချပြီး စီစဉ်လာကြသူ အချို့ကြောင့် ဆန္ဒပြမှုများရှိလာခဲ့သည်။ ဌာနဆိုင်ရာဝန်ထမ်းများကို အဓိကဦးတည်ကာ Civil Disobedience Moment (CDM) ပြုလုပ်လာကြသည်။ လုပ်ငန်းခွင် မဝင်ရောက်ရေးအတွက် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးကြသည်။ ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်ရောက်လျှင် အစိုးရယန္တရား ပျက်ယွင်းမည်ဖြစ်သည့်အတွက် ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်ရောက်နိုင်ရေးနည်းမျိုးစုံဖြင့် ဆောင်ရွက်ကြသည်။ CDM ဆိုသည်မှာ ကာလတိုဆောင်ရွက်ရသည့်သဘောဖြစ်သည်။ ကာလတိုအတွင်း မဆောင်ရွက်နိုင်ပါက အောင်မြင်စရာ အကြောင်းမရှိနိုင်ပါ။ ယခုလည်း မည်သည့်ဝန်ကြီးဌာနမှ လုပ်ငန်းများရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်ဆောင်ရွက်လျက် ရှိကြပါသည်။

### သက်သာခွင့်ရရှိမည်ဖြစ်

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းသည် မိမိသဘောဆန္ဒအလျောက် လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြသည်။ ထိုလွတ်လပ်မှုများသည် သူတစ်ပါးအား ထိပါး၍မရပါ။ မိမိနှင့်သဘောထားအယူအဆ မတူသူများကိုလည်း ကွဲလွဲခွင့် ပေးရသည်။ တားဆီးထိပါးခြင်း မပြုရပါ။ သို့ရာတွင် CDM ဆောင်ရွက်သူများသည် ဒီမိုကရေစီလူ့အခွင့်အရေးကို လိုရာပုံဖော်ကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့်ဝန်ထမ်းများအား အုပ်စုဖွဲ့အတင်းအကျပ် ဖိအားပေးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ရစေရန် ပြုမူပြောဆိုခြင်းများအထိ ဥပဒေများကို ချိုးဖောက်မှုပြုသည်များ ရှိလာခဲ့ပါသည်။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေကြသူများဖြစ်ပါသည်။ ဝန်ထမ်းတိုင်းသည် မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင်နေကြသူများ မဟုတ်ပါ။ CDM တွင် ပါဝင်ကြသော ဝန်ထမ်းအနည်းစုသာရှိပါသည်။ ထိုသို့ CDM တွင် ပါဝင်နေသည့် ဝန်ထမ်းများသည်လည်း ဌာနဆိုင်ရာ စည်းကမ်း၊ ဥပဒေများနှင့်အညီ အရေးယူခံကြရမည် ဖြစ်ပါသည်။ ဆွဲဆောင်စည်းရုံးမှုကြောင့် CDM တွင် ပါဝင်နေကြသူ ဝန်ထမ်းအချို့ကိုလည်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြုထားပြီးဖြစ်သဖြင့် သတ်မှတ်ရက်အတွင်း ပြန်လည်ဝင်ရောက်ကာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါက ဌာနဆိုင်ရာ အရေးယူခြင်းမှ သက်သာခွင့်ရရှိကြမည် ဖြစ်ပါသည်။

### အထူးဂရုပြုကြရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”ဟု အတိအလင်းကတိပြု ကြေညာထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားနှစ်သက်သော ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေရန်အတွက် ဒီမိုကရေစီစံနှုန်းများကို အလေးဂရုပြုလိုက်နာ ပြုမူကြဖို့ လိုအပ်ပါသည်။ ယခုကာလသည် ဒီမိုကရေစီစနစ် ဆိတ်သုဉ်းသွားခြင်းမဟုတ်ပါ။ ဒီမိုကရေစီစံနှုန်းနှင့်ကျင့်စဉ်များ စစ်မှန်အားကောင်းပြီး စည်းကမ်းတကျဖြစ်စေရန် အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။ ချစ်ခြင်း၊ မုန်းခြင်းဖြင့် နိုင်ငံတည်ဆောက်၍မရပါ။ သွေးထိုးလှုံ့ဆော်မြှောက်ပင့်စည်းရုံးပြီး အဖျက်အမှောင့် လုပ်ဆောင်နေကြသူများသည် နိုင်ငံတော်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြခြင်းမဟုတ်ဘဲ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသူများ ဖြစ်သည်ကို အထူးဂရုပြုကြရပါမည်။

CDM တွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ထမ်းအချို့သည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲရှိကြသူများလည်း ပါဝင်နေကြမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းသည် ကျင့်ဝတ်စည်းကမ်းနှင့်အညီ ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို CDM တွင် ပါဝင်ခြင်းမရှိသဖြင့် ဝေဖန်တိုက်ခိုက်ခြိမ်းခြောက်ကြသူများလည်း ရှိပါသည်။ ကိုယ်ရေးကိုယ်တာ အရှက်ရစေရန် မဟုတ်မမှန်သော အကြောင်းများဖြင့် လုပ်ကြံဖန်တီးပြီး လူမှုကွန်ရက်တွင် ဖော်ပြကြသည်များလည်း ပြုလုပ်ကြပါသည်။ အင်မတန်သေးသိမ်နုံချာသည့် လုပ်ရပ်များဖြစ်ပြီး ဒီမိုကရေစီကျင့်ဝတ်နှင့် ဆန့်ကျင်ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ ဆင်ခြင်ဉာဏ်မရှိဘဲ အလိုမတူသူကို ရန်ပြုတိုက်ခိုက်ဆဲဆိုနေ ကြသူများသည် ယိုသူမရှက်၊ မြင်သူရှက်ဆိုသလို ဖြစ်နေပါသည်။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် ဂုဏ်သိက္ခာရှိကြသူများ ဖြစ်ပါသည်။ CDM တွင် ပါဝင်သည့် ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်မညီဘဲ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို လျစ်လျူရှုကြသူများဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျောသား ရင်သား မခွဲခြားဘဲ ဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရန်၊ ကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန် အသိပေးထားရှိပါသည်။

အကြောင်းတရားများစွာရှိ၍ အကျိုးတရားဆိုသောရလဒ်ကို ရရှိလာခြင်းဖြစ်ပါသည်။ ဖြစ်တည်လာသော ကွင်းဆက်များကို ချိတ်ဆက်သုံးသပ်ပြီး ဘက်ပေါင်းစုံမှ ရှုမြင်နိုင်မှသာ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်ဖက်ကို လျစ်လျူရှုပြီး အတ္တကိုအခြေခံ၍ လိုလားနှစ်သက်မှုကို ဦးစားပေးရပ်တည်နေသူများဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ်ရရှိမည်မဟုတ်ပါ။ ဒီမိုကရေစီစံနှုန်းများနှင့်ညီညွတ်သော နိုင်ငံတော်ဖြစ်တည်လာစေရေးအတွက် ပြည်သူများ၊ ဝန်ထမ်းများအားလုံးသည် ဆိုင်ရာကျင့်ဝတ်များကို လိုက်နာ၍ ဥပဒေနှင့်အညီ နေထိုင်ပြုမူ ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

# ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများဖွင့်လှစ်နိုင်ရေး အစည်းအဝေးကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၇**

၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

### ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးစောမြင့်ဦးက ပြည်နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများကို ကိုဗစ် - ၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့် အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပထမအဆင့်ပြင်ဆင်ခြင်းအနေဖြင့်ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ကျောင်းများရှိ ပရိဘောဂမှအစ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာ ပြင်ဆင်ထားရှိရမည်ဖြစ်ပြီး ကျောင်းများပြန်လည် ဖွင့်လှစ်ပါကသင်ကြားပေးနိုင်သည့် ဆရာ ဆရာမ အင်အားကိုလည်း စုစည်းထားရန်လိုကြောင်း၊ ယခုအစည်းအဝေးတွင် မြို့နယ်အလိုက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များ၊ အခက်အခဲများ၊ ဆောင်ရွက်လိုသည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းနှင့် ရင်းရင်းနှီးနှီး တင်ပြဆွေးနွေးပေးစေလိုပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးရဲထွန်းဦးက အခြေခံပညာကျောင်းများ ဖွင့်လှစ်ပါက ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်အပိုင်းအခြားအရ ကိုင်ဆောင်သင့်သည့်သက်ဆိုင်ရာ နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုးကို ဆောင်ရွက်ပေးရန် စီမံချက်များရေးဆွဲထားပြီးဖြစ်ကြောင်းနှင့် အဖွဲ့ဝင်(၅) ဦးဇော်ဝင်းက အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်းပြီး ကျောင်းအဆောက်အအုံသစ်ဆောက်လုပ်ငန်းခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သင်ကြားမှု ဆရာ ဆရာမအခက်အခဲအခြေအနေ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ အခြေအနေ၊ ပညာရေးနယ်ပယ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြညှိနှိုင်းစေလိုကြောင်း ပြောကြားသည်။

### ပေါင်းစပ်ဆောင်ရွက်

ဆက်လက်ပြီး တက်ရောက်လာသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများက အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်းပြီး လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

# လူမှုကွန်ရက်ပေါ်မှ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ဖြစ်စဉ်မှာ မှန်ကန်မှု မရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်တွင် ဆလွန်းကားပေါ်မှ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့အား အသံဗုံး၊ တပ်မတော်မှ စာရွက်စာတမ်းအချို့၊ ငွေကျပ်သိန်း ၃၀ တို့နှင့်အတူ ဖမ်းဆီးရမိကြောင်း လူမှုကွန်ရက်ပေါ်တွင် မသမာသူလူအုပ်စုမှ ဝါဒဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်မှာ ယနေ့ညပိုင်းတွင် အောင်မြေသာစံမြို့နယ် အမှတ်(၅) မီးသတ်စခန်းမှ မီးသတ်ယာဉ်မောင်းဖြစ်သူ ဦးဌေးနှင့် ၎င်း၏ ဇနီး ဒေါ်အေးရွှေ၊ အကူယာဉ်မောင်း ဦးငြိမ်းအောင်တို့ သုံးဦးသည် ဥယျာဉ်စုညောင်ကွဲရပ်ကွက်တွင်ပြုလုပ်သည့် ထမနဲထိုးပွဲသို့ သွားရောက်ပြီး ၎င်းတို့နေအိမ်ဖြစ်သည့် လမ်း ၈၀၊ ၁၈ x ၁၉ လမ်းကြားသို့ ပြန်လာစဉ် ပုလဲငွေရောင်ရပ်ကွက်သို့ အရောက်၌ လူ ၂၀ ခန့်ပါသော အုပ်စုက ယာဉ်ကိုတားဆီး၍ ဖမ်းဆီးခဲ့ပြီး ယာဉ်ပေါ်တွင် ပါရှိလာသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမည်ပါ ဖိုင်အလွတ်အဟောင်းတစ်ခုအား တွေ့ရှိ၍ ဖေဖော်ဝါရီ ၂၆ ရက် ဆူပူအုံကြွမှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသုံးပြုပြီး ပေါက်ကွဲမှုမရှိသောအသံဗုံးကို အသုံးပြုကာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဝါဒဖြန့်ချိခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့လျက်ရှိသော ပုံတွင်ပါရှိသည့် ငွေကျပ်သိန်း ၃၀ မှာလည်း ဦးဌေး၏ ကိုယ်ပိုင်ငွေများသာဖြစ်ကြောင်း သိရှိရပြီး ဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ဦးဌေးတို့ သုံးဦးအား ပြန်လည်ခေါ်ယူခဲ့ကြောင်းနှင့် ဆူပူအကြမ်းဖက်ရန် လှုံ့ဆော်သွေးထိုးသူများအား ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




---

# နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားများကို တာချီလိတ်မြို့မှတစ်ဆင့် လွှဲပြောင်းပို့ဆောင်ပေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် နေထိုင် အလုပ်လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံသူ အမျိုးသမီးလေးဦးတို့မှာ ထိုင်းနိုင်ငံသို့ ပြန်လိုသဖြင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက်တွင် တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပို့ဆောင်ခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ပြီး စနစ်တကျ ပြန်လည်လွှဲပြောင်းပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားသေးခင်အချိန်ကပင် တာချီလိတ်မြို့သို့ လာရောက်အလုပ်လုပ်ကိုင် နေထိုင်ခဲ့ကြသူများဖြစ်ပြီး ကိုဗစ် -၁၉ ရောဂါဖြစ်ပွားချိန်တွင် စက်ရုံ အလုပ်ရုံများ ပိတ်ထားမှုကြောင့် အလုပ်အကိုင် ရှားပါးလာသဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာနေကြခြင်းဖြစ်သည်။

နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသူများကို တာချီလိတ်မြို့ လဝက ဌာနခွဲ(၆)မှလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံဘက်မှ ကျန်းမာရေးဌာနအရာရှိ၊ တံတား(၂)မှ တာဝန်ခံ ရဲအရာရှိနှင့် လဝကအရာရှိတို့ ဦးစီးသည့် အဖွဲ့ထံသို့ လွှဲပြောင်းပေးခဲ့ရာတွင် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးခြင်းကို စနစ်တကျလုပ်ဆောင်၍ ပြန်လည်လက်ခံကြကြောင်း သိရသည်။ **ယာဆေး(ပြန်/ဆက်)**

---

# ရေအခက်ကြုံနေသည့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၁၆၀၀ လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု နဖူးပြားတဲတိုက်မှ ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေကြောင်း သိရ၍ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ပရဟိတရေလှူအဖွဲ့က သောက်သုံးရေဂါလန် ၁၆၀၀ ကို ဖေဖော်ဝါရီ ၂၆ ရက်က သွားရောက်လှူဒါန်းကြောင်း သိရသည်။

သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအဖွဲ့က ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ကို အိမ်ခြေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲခြင်းဖြစ်သည်။

အဆိုပါ နဖူးပြားတဲတိုက်တွင် အိမ်ခြေ ၃၆ အိမ် လူဦးရေ ၁၀၀ ကျော်ခန့် နေထိုင်လျက်ရှိပြီး မြေသားမိုးရေလှောင်ကန်နှင့် စက်ရေတွင်း မရှိသဖြင့် ဒေသခံ ကျေးလက်နေပြည်သူများမှာ နှစ်စဉ် သောက်သုံးရေအတွက် အနီးဝန်းကျင် ကျေးရွာများမှ သောက်ရေကို ဝယ်ယူသုံးစွဲရကာ သောက်သုံးရေရှားပါးသည့် အခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရကြောင်း ယင်းတဲတိုက်၌ နေထိုင်သည့် ဒေသခံပြည်သူများထံမှ သိရသည်။

ထို့အပြင် ညောင်ဦးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလအတွင်းက မိုးရွာသွန်းမှု အားနည်းခဲ့သည့်အတွက် ကျေးလက်ဒေသများရှိ မြေသား မိုးရေလှောင်ကန်များအတွင်းသို့ ရေဝင်ရောက်မှု နည်းပါးခဲ့ပြီး မိုးရာသီအကုန်တွင် ဆောလျင်စွာ ရေခန်းခြောက်မှုများ ဖြစ်လာ၍ ကျေးရွာအချို့တွင် သောက်သုံးရေရှားပါးမှု အခက်အခဲများကို စတင် ကြုံတွေ့နေရပြီဖြစ်ကြောင်းနှင့် စေတနာရှင် ပြည်သူများအနေဖြင့် သောက်သုံးရေလှူဒါန်းရာတွင် ကုသိုလ်ပြုပါဝင်လှူဒါန်းလိုပါက မြင်းကပါကျေးရွာ ပရဟိတရေလှူအဖွဲ့မှ ဦးဝင်းမင်းထွန်း၊ ဖုန်း - ၀၉၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# သံစဉ်များနဲ့ ခဏတာ ..

## မောင်နိုင်

**ဘဝတစ်ခု ရေရှည်ရှင်သန် နေထိုင်နိုင်ဖို့ဆိုရင် အလုပ်အကိုင်ရယ်၊ ငွေကြေး(ဝင်ငွေ)ရယ်၊ ဆွေးနွေးပြောဆိုနိုင်ဖို့ မိတ်ဆွေကောင်းရယ် မရှိမဖြစ် လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ လုပ်ငန်းခွင်၊ ထိုက်သင့်တဲ့ ဝင်ငွေ(လစာ)၊ ဆုံးမလမ်းညွှန် ဆွေးနွေးပေးမယ့် ဆရာသမားတွေ၊ မိတ်ဆွေတွေ ရှိနေတာတောင်မှ တစ်ခါတရံ စိတ်မကြည်တာတို့၊ စိတ်ပင်ပန်းတာတို့က ရှိတတ်စမြဲပါ။**

လူလတ်ပိုင်းအရွယ်အတွက် စိတ်ပင်ပန်းမှု၊ စိတ်မကြည်မလင်ဖြစ်မှုကို အကောင်းဆုံးကုစားပေးနိုင်တာကတော့ အခန်းထဲ တစ်ယောက်တည်း ရှိချိန်မှာ လွတ်လွတ်လပ်လပ်နဲ့ စိတ်ကိုမျောလွင့်ပြီး ဂီတနဲ့ ထိတွေ့ပေးလိုက်ခြင်းပါပဲ။ ငယ်စဉ်အချိန်က တိပ်ခွေတို့၊ စီဒီတို့ခေတ်တွေမှာ ကိုယ်ကြိုက်တဲ့ အဆိုတော်တွေရဲ့ ထွက်ရှိသမျှ သီချင်းခွေတွေကို မုန့်ဖိုးထဲကစုပြီး ဝယ်ယူစုဆောင်းခဲ့ပေမယ့် ခုချိန်မှာတော့ အဲ့ဒီတိပ်ခွေတွေ၊ စီဒီချပ်တွေဖွင့်ဖို့ စက်တွေရော အခွေတွေ၊ စီဒီတွေရော ကိုယ့်နားမှာမရှိ။

ကမ္ဘာဟာ ရွာကြီးကဲ့သို့ နီးစပ်ဆက်စပ်နေတဲ့ ခုလိုခေတ်ကြီးမှာ ဖုန်းထဲက အင်တာနက်လိုင်းဖွင့်လိုက်ရုံနဲ့ သီချင်တာတွေ၊ ကြားချင်တာတွေ၊ မြင်ချင်တာတွေကို သိမြင်ကြားခွင့် ရရှိနေပြီ မဟုတ်လား။ သီချင်းခပ်အေးအေးလေးတွေ၊ ခံစားလို့ကောင်းတဲ့ သီချင်းတွေသာ နားထောင်ချင်စိတ်ဖြစ်လာတာနဲ့ စိုင်းထီးဆိုင်၊ ခင်မောင်တိုး၊ ရဲသွင်စတဲ့ အဆိုတော်နာမည်တွေကိုရှာပြီး သူတို့ရဲ့ သီချင်းတွေနားထောင်နေရင်းနဲ့ Search Box မှာ ပေါ်လာတဲ့ အဆိုတော် ဗဒင်ရဲ့ သီချင်းတွေကိုလည်း နားထောင်ဖြစ်ခဲ့တယ်။

နားထောင်နေရင်း ရောက်လာတဲ့ သီချင်းက 'သိုးမည်းတွေအကြောင်း'။ အဲ့ဒီသီချင်း တစ်ခေါက်ဆုံးသွားချိန် ထပ်နားထောင်ချင်သေးတာနဲ့ Repeat လေး နှိပ်ထားပြီး နှုတ်ကလည်း သီချင်းစာသားကို ရသလောက်လေး လိုက်ညည်းနေမိတယ်။ ဟိုးငယ်ငယ်တုန်းက နားထောင်ခဲ့ရတဲ့ သီချင်းကို ခုအရွယ် ပြန်လည်နားထောင်လိုက်ချိန်မှာ သီချင်းစာသားပါ အကြောင်းအရာတွေနဲ့ လက်ရှိကာလ အဖြစ်အပျက်တွေကို ချိန်ညှိပုံဖော်မိလိုက်ရာ သိုးမည်းတွေရဲ့နေရာမှာ ကိုယ်ချစ်ခင်လေးစားရတဲ့ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ပုံရိပ်တွေ စီတန်းပြီး ပေါ်လာတော့တယ်။

သီချင်းစာသားလေးကို ပြန်ပြီးသတိရအောင် အနည်းငယ်ဖော်ပြပေးချင်ပါတယ်။ "xxx ဘုရားကျောင်းလဲ မင်းကမတက်တာ အတော်ကြာပြီ xxx အပေါင်းအသင်းများ စုမိတဲ့အခါ ငယ်စဉ်က အကြောင်းတွေကို ပြန်ပြီးပြောဖြစ်တယ်ဆို မင်းသတင်း မင်းနာမည် မင်းအကြောင်းများ ရောက်လာရင် ပြောရင်း စိတ်ထိခိုက်တယ် မင်းကတော့ တို့နဲ့ပါမလာပဲ အမှောင်ထဲမှာ ဆက်လျှောက်နေဆဲ xxx ဘုရားကျောင်းရှေ့ လမ်းမကြီးပေါ် ငါကိုယ်တိုင် အတွေးများနဲ့ မျောလွင့်ရင်း အိမ်ပြန်မလို့ လမ်းလျှောက်လာစဉ် ဒီကနေ့ပွဲတော်ဆိုတာ ဘုရားကျောင်းက ထွက်လာသူတွေ တွေ့လိုက်မှ သိလာစဉ် အလွန်ပဲဝမ်းနည်းသွားပြီး ရုန်းထွက်ဖို့ ဆုံးဖြတ်တာတွေလဲ ငါမင်းကို ပြောပြချင်တယ် xxx တို့ကတော့ တို့ကတော့ တို့ကတော့ ဘုရားကျောင်းထဲ ပြန်ရောက်တဲ့အချိန် မင်းကတော့ ဝေးဝေးနေနေဆဲ xxx တို့ကတော့ တို့ကတော့ တို့ကတော့ ဝေးဝေးကနေ ဆုတောင်းပေးမယ် ရုန်းထွက်လို့ လွတ်မြောက်နိုင်ပါစေ xxx မင်းဆိုးလို့ဝရင် မင်းမိုက်လို့ဝရင် ဘုရားကျောင်းထဲ မင်းလေး လိုက်လာနော် သိုးမည်းဟောင်းကြီးတွေ ပြေးထွက်လာပြီး မင်းကိုကြိုနေမယ် xxx"။

သီချင်းလေးက ခေတ်တွေကြာခဲ့ပေမယ့် ခုချိန်ကာလ Civil Disobedience Movement–CDM လုပ်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတချို့အတွက် စာသားလေးသာ ပြောင်းလိုက်ရင် ကွက်တိ ဒက်ထိပါပဲ။ သီချင်းကို အကြိမ်ကြိမ်နားထောင်နေရင်း ကိုယ်နဲ့ သွေးမတော် မျိုးမစပ်ပေမယ့် နိုင်ငံ့ဝန်ထမ်းအများစုနဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်မှာ ဆုံခဲ့ကြဖူးတယ်။ ရင်းနှီးခဲ့ကြဖူးတယ်။ ရိုင်းပင်းကူညီခဲ့ကြဖူးတယ်။ ဌာနတွေကိုယ်စီ အသီးသီးရောက်ခဲ့ပြန်တော့လည်း အလုပ်ကိစ္စတွေနဲ့ အစည်း အဝေးတွေ၊ နီးနှောဖလှယ်ပွဲတွေမှာ ဆုံခဲ့ကြရပြန်တယ်။ ကျရာဌာနကို ကိုယ်စားပြုပြီး လုပ်ငန်းကိစ္စတွေမှာလည်း အပြန်အလှန် ကူညီပေးခဲ့ကြတာတွေကို ပြန်လည်မြင်ယောင်ရင်း လော်ဘီစကားတွေကြားက ရုန်းမထွက်နိုင်ဘဲ ရုံးမတက်နိုင်ဖြစ်နေကြတဲ့ မိတ်ဆွေဝန်ထမ်းတွေ၊ ညီငယ် ညီမငယ်ဝန်ထမ်းတွေအတွက် စိတ်မကောင်း ဖြစ်ရပြန်တယ်။

CDM မှာပါဝင်ဖို့ ဒိတ်ဒိတ်ကြဲ စာသားတွေ လူမှုမီဒီယာမှာ အပြိုင်အဆိုင်တင်ခဲ့ကြတဲ့ တချို့နိုင်ငံ့ဝန်ထမ်းတွေကတော့ ကိုဗစ်–၁၉ ကာလရဲ့ မွန်းကျပ်မှုတွေကို တစ်ပတ်ကျော်လောက် ဖော်ထုတ်ခဲ့ပြီးချိန်မှာ ဆိုးလို့လည်း ဝသွားပြီ၊ မိုက်လို့လည်းဝခဲ့ပြီ ဖြစ်တာကြောင့် လမ်းမှားကနေ လမ်းမှန်ကို ပြန်လှည့်လာပြီး အပြုံးမပျက်ဘဲ ရုံးပြန်လည်တက်နေကြပြီဖြစ်တဲ့အတွက် ဘဝအနေမပျက် ဆက်လက်ရပ်တည်နေနိုင်တာတွေကို တွေ့မြင်ကြားသိရတာကလည်း ဝမ်းသာစရာပါပဲ။ သီချင်းထဲကလိုပဲ လမ်းမှန်နဲ့ ပို၍ပို၍ အဝေးကို ရောက်သွားကြပြီး CDM ဆိုတဲ့ လမ်းမှားကို လျှောက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက်လည်း ဆုတောင်းပေးရုံမှတစ်ပါး အခြားမရှိတော့သလို လမ်းမှန်ကို ပြေးဝင်လာပြီး ရုံးပြန်တက်ကြမယ့် နိုင်ငံ့ဝန်ထမ်းများကိုလည်း လုပ်ဖော်ကိုင်ဖက်တွေ၊ ဆရာသမားတွေက နွေးထွေးစွာကြိုဆိုနေကြမယ်ဆိုတာ ယုံကြည်နေမိတယ်။

> ❍ **လူသားတွေရဲ့ စိတ်ဆိုတာက မကောင်းမှုမှာ မွေ့လျော်တတ်တာကြောင့် မကောင်းမှု စရိုက်ဆိုးတွေကို မပြုလုပ်မိဖို့၊ မကျူးလွန်မိဖို့အတွက် မင်္ဂလသုတ်အစမှာကို 'အသေဝနာစ ဗာလာနံ' ဆိုပြီး တားမြစ်ထားတာ ဖြစ်ပါတယ်။ 'မကောင်းမှုတွေဟူသမျှကို မတွေ့ခင်ကရှောင်ကြဉ်လေ။ တွေ့ကြုံလာရင် မလွန်ကျူးနဲ့ အထူးသဖြင့် စောင့်စည်းနေ' ဆိုတဲ့ မင်္ဂလာတရားတော်လာ အဆုံးအမအတိုင်း ကိုယ့်စိတ်နှလုံးကို ပူလောင်စေမယ့်၊ ဆင်းရဲဒုက္ခ ရောက်စေနိုင်မယ့် CDM မှာ ပါဝင်ခြင်းတွေကို မပြုလုပ်မိအောင်၊ သွေးထိုးလှုံ့ဆော်မှု မပြုမိအောင် နိုင်ငံ့ဝန်ထမ်းအသီးသီးက ဝိုင်းဝန်းထိန်းသိမ်းလိုက်နာကြဖို့လို**

လူသားတွေရဲ့ စိတ်ဆိုတာက မကောင်းမှုမှာ မွေ့လျော်တတ်တာကြောင့် မကောင်းမှု စရိုက်ဆိုးတွေကို မပြုလုပ်မိဖို့၊ မကျူးလွန်မိဖို့အတွက် မင်္ဂလသုတ်အစမှာကို 'အသေဝနာ စ ဗာလာနံ'ဆိုပြီး တားမြစ်ထားတာ ဖြစ်ပါတယ်။ 'မကောင်းမှုတွေဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ။ တွေ့ကြုံလာရင် မလွန်ကျူးနဲ့ အထူးသဖြင့် စောင့်စည်းနေ' ဆိုတဲ့ မင်္ဂလာတရားတော်လာ အဆုံးအမအတိုင်း ကိုယ့်စိတ်နှလုံးကို ပူလောင်စေမယ့်၊ ဆင်းရဲဒုက္ခ ရောက်စေနိုင်မယ့် CDM မှာ ပါဝင်ခြင်းတွေကို မပြုလုပ်မိအောင်၊ သွေးထိုးလှုံ့ဆော်မှု မပြုမိအောင် နိုင်ငံ့ဝန်ထမ်းအသီးသီးက ဝိုင်းဝန်းထိန်းသိမ်း လိုက်နာကြဖို့ လိုပါတယ်။

သီတဂူဆရာတော်ကြီးရဲ့ ဆုံးမသြဝါဒ စကားတစ်ခုကို ထုတ်နုတ်ဖော်ပြရရင် "အမှားလုပ်ပြီး လူချစ်မခံပါနဲ့၊ အမှန်လုပ်ပြီး လူမုန်းခံလိုက်ပါ၊ အဲ့ဒီအမှန်တရားက သံသရာမှာ အားဆေးတစ်ခွက်ဖြစ်လိမ့်မယ်" လို့ မိန့်ကြားထားတာ မှတ်သားထားခဲ့ဖူးတယ်။ မကောင်းမှုအမှားကို ဆက်လုပ်ရင် 'အပြစ်' ဆိုတဲ့ အကျိုးသက်ရောက်မှုကလည်း မဖိတ်ခေါ်ဘဲ ဘဝထဲကို ရောက်ရှိလာတတ်ပြီး စိတ်နှလုံးကို ပူလောင်စေတတ်တယ်ဆိုတာကို မမေ့လျော့စေချင်ပါဘူး။

ဒါကြောင့် CDM ဆိုတဲ့ ခေတ်မမီတော့တဲ့ အတွေးအခေါ်အမှားတွေကို ဟန်ရေးတပြင်ပြင်နဲ့ မာန်မချဘဲ ဆက်လုပ်နေကြမှာလား။ ပြည်သူတွေအတွက် မှန်ကန်တည့်မတ်တဲ့ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ဖို့ ရုံးပြန်လည်တက်ကြမလားဆိုတာကို ခေတ်ပညာတတ် နိုင်ငံ့ဝန်ထမ်းတွေက မှန်ကန်သောလုပ်ရပ်ကို သံသရာအတွက် အမြန်ဆုံးရွေးချယ်နိုင်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

## ပေါင်မြို့နယ်၌ (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၂၇**

(၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ပေါင်မြို့နယ် ပေါင်းရပ်ကွက် ဘုရားကြီးကျောင်းတိုက်အတွင်း၌ ကျင်းပရာ မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက နှုတ်ခွန်းဆက်စကား မြွက်ကြားသည်။

ယင်းနောက် မွန်ပြည်နယ်၏ (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ (ဗဟို)မှ ပေးပို့လာသော သဘာပတိမိန့်ခွန်းကို နိုင်ထွန်းမြင့်က လည်းကောင်း၊ ဥက္ကဋ္ဌ မိန့်ခွန်းကို နိုင်စိုးတင်က လည်းကောင်း၊ မြေစိုက်ပိုစတာ သမိုင်းအကျဉ်းကို မိမွန်ထေဝက လည်းကောင်း၊ မွန်စာပေ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းငယ်ကို ဝင်းမော်ပကာက လည်းကောင်း ဖတ်ကြားခဲ့ကြသည်။

မွန်အမျိုးသားနေ့သည် မွန်လူမျိုးတို့အတွက် နေ့ထူးနေ့မြတ်တစ်ခုဖြစ်ပြီး မွန်လူမျိုးတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာ ဓလေ့ထုံးတမ်းများ မပျောက်ကွယ်မတိမ်ကောသွားအောင် ထိန်းသိမ်းသွားရန်နှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်း မြှင့်တင်သွားရန်၊ မွန်လူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန် အစဉ်နိုးကြား တက်ကြွပြီး စည်းလုံးညီညွတ်နေရန်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး အစဉ် စည်းလုံးညီညွတ်အောင် ကြိုးပမ်းသွားရန်၊ တိုင်းရင်းသားလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှမှုအခွင့်အရေး အပြည့်အဝရရှိရန်နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု မဖြစ်မနေ တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်



သွားရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌ၏မိန့်ခွန်းတွင် ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားသို့ မွန်တိုင်းရင်းသားများ အပါအဝင် ကရင်နှင့် ပအိုဝ်းတိုင်းရင်းသားများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**

## ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ အထက-တနသ်္ာရီ ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တနင်္သာရီ ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်၏ လမ်းညွှန်မှုအရ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာရေးနှင့် ကျောင်းများပြန်လည်ဖွင့်ပါက အဆင်သင့်ရှိနေစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ အထက-တနင်္သာရီကျောင်း၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့မှ ဒု-ဦးစီးမှူး ဦးမျိုးပြည့်ထွန်းနှင့် ဝန်ထမ်း ၂၇ ဦး၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးရဲနောင်အောင်နှင့် အရာရှိစစ်သည် ၁၁ ဦးနှင့် ရဲမေ ၁၅ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်သောင်းကြည်နှင့် တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးတင့်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးအောင်နှင့် ဝန်ထမ်းများ၊ အထက-တနင်္သာရီ ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်နှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၀၀ ခန့် ပါဝင်ကာ အထက-တနင်္သာရီ ကျောင်းဝင်းအတွင်းနှင့်အပြင်ရှိ အမှိုက်များနှင့် မြက်များကို ရှင်းလင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## မယ်စဲ့မြို့နယ်၌ ကျေးလက်ဒေသ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဖေဖော်ဝါရီ ၂၇**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ကျေးလက်ဒေသ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မယ်စဲ့မြို့နယ်အတွင်း ကျေးလက်ဒေသများ၌ ရေရရှိရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ရွှေတြိဂံကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကျောက်စုကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းမှာ ၈၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ကျောက်စုကျေးရွာအတွင်း နှစ်လက်မ PVC ရေပိုက်လိုင်း အရှည်ပေ ၂၀၄၈၀ သွယ်တန်းခြင်းလုပ်ငန်း၊ လယ်တောကျေးရွာ ရေတားတမံ (၂၅x၃x၆)ပေ တည်ဆောက်ခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်း **(အောက်ပုံ)** နှင့် ကျေးရွာတွင်း နှစ်လက်မ PVC ပိုက်လိုင်း အရှည်(၁/၄)မိုင် သွယ်တန်းခြင်းလုပ်ငန်းနှင့် ဟိုဂျစ်ကျေးရွာ၌ အရှည်ပေ ၃၀၀၀ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းများမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီမှု ရှိ/မရှိကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဖေဖော်ဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**



## လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ အကြိမ် (၂၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်(တပို့တွဲလပြည့်နေ့)နံနက်ပိုင်းက ဘုရားရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က ဧည့်ပရိသတ်များအား သီလချီးမြှင့်ပြီးနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် အမှူးပြုသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးက တရားတော်များ ဟောကြားချီးမြှင့်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ -မျိုးကြီး**



ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေက အင်းစိန်ရွာမဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။

## ဒီးမော့ဆိုမြို့နယ်၌ လိုဘာခို-ခူးပရာ ကျေးရွာချင်းဆက်လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဒီးမော့ဆို ဖေဖော်ဝါရီ ၂၇**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေ ကျပ် ၂၄၃ ဒသမ ၆၁၅ သန်းဖြင့် လိုဘာခိုကျေးရွာအုပ်စုအတွင်း လိုဘာခို-ခူးပရာ ကျေးရွာချင်းဆက် ကျောက်ခင်းလမ်း အရှည် ၇ မိုင်အနက် ၁ မိုင် ၂ ဖာလုံ၌ ကတ္တရာခင်းခြင်းနှင့် ယင်းလမ်းပေါ်၌ ပြွန်တံတားငါးစင်း ဆောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြီးကြပ်လျက်ရှိရာ ယခုအချိန်တွင် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယင်းကျေးရွာချင်းဆက်ကတ္တရာလမ်း လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာကိုးရွာရှိ အိမ်ခြေ ၅၆၀ ကျော်မှ လူဦးရေ ၃၃၀၀ ခန့်အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်ရေး ဆောင်ရွက်ပေးနေသလို နယ်စပ်ရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန် နှစ်ရပ်ဖြစ်သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာနက လက်ရှိကျင့်သုံးချမှတ်ထားသော "အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်ပြည်မ အကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန်" ဟူသည့် မဟာဗျူဟာနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမည့် စီမံကိန်းမြို့နယ် ၁၆၈ မြို့နယ်အနက် ကယားပြည်နယ်မှ ဒီးမော့ဆိုမြို့နယ်သည်လည်း အဓိက အပါအဝင်ဖြစ်ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

## နမ္မတူမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ ဇာထိုး၊ ပန်းထိုး သင်တန်းဆင်း

**နမ္မတူ ဖေဖော်ဝါရီ ၂၇**

နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ ဇာထိုး ပန်းထိုး သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က နမ္မတူမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးလှမိုးက အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းဆိုင်လှိုင်းက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်နှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် သင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ ရရှိသည့် အတတ်ပညာများဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရာမှ အသက်မွေး ဝမ်းကျောင်းမှုအတွက် အထောက်အကူဖြစ်ရန်နှင့် မိသားစုအပို ဝင်ငွေရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသူများအား တာဝန်ရှိသူများက ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

နမ္မတူမြို့နယ်၌ အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ ဇာထိုး ပန်းထိုးသင်တန်းကို သင်တန်းနည်းပြ နှစ်ဦးဖြင့် ဖွင့်လှစ်ပို့ချ သင်ကြားခဲ့ရာတွင် သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလအနေဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးကြောင်း နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ (၇၄)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနားသို့ တက်ရောက်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၇**

(၇၄) ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားကို ယနေ့နံနက်က မော်လမြိုင်မြို့ အထက်လမ်းမကြီးရှိ မွန်ဓမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် သဘာပတိဆရာတော် ဘဒ္ဒန္တကေတုမာလာက ဩဝါဒစကား မြွက်ကြားပြီး သဘာပတိ နိုင်စိုးဝင်းနှင့် မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ(ဗဟို)ဥက္ကဋ္ဌ မင်းအောင်ထူးတို့ က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ယနေ့တွင် ကျရောက်သော မွန်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ် ဂုဏ်ယူတန်ဖိုးထား နေ့ထူး နေ့မြတ်ဖြစ်သည့် (၇၄)ကြိမ်မြောက် မွန်အမျိုးသား နေ့ အခါသမယတွင် မွန်တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း၊ ဟံသာဝတီမင်း နေပြည်တော်ကို စတင်တည်ထောင်ခဲ့သော သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်ကို မွန်အမျိုးသားနေ့အဖြစ် ၁၉၄၆ ခုနှစ်တွင် ကျင်းပသည့် မွန်အမျိုးသား ညီလာခံက ဆုံးဖြတ်ပြီး နှစ်စဉ် မွန်အမျိုးသားနေ့ အခမ်းအနားများကို ကျင်းပ ရာ ယခုဆိုလျှင် (၇၄)ကြိမ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ မွန်တိုင်းရင်းသားများသည် သမိုင်းအစဉ်အလာ ကြီးမားသည့် တိုင်းရင်းသားလူမျိုးဖြစ်ပြီး မြန်မာ နိုင်ငံသမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မ ရှင်စော ပု၊ သာသနာပြု မင်းကောင်းမင်းမြတ် ဓမ္မစေတီမင်း စသည့် ထူးခြားထင်ရှားသည့် မွန်အမျိုးသားများရှိ သကဲ့သို့ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲနှင့် မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုများတွင်လည်း မွန် တိုင်းရင်းသားများသည် အခြားတိုင်းရင်းသား များနှင့်အတူ လက်တွဲပါဝင်ကြကြောင်း ပြောကြား သည်။

ဆက်လက်၍ မွန်အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများနှင့် (၇၄) ကြိမ် မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် မြေစိုက် ပိုစတာ ရှင်းလင်းချက်စာတန်းကို တာဝန်ရှိသူများက ဖတ်ကြားပြီး မွန်အမျိုးသားနေ့အထိမ်းအမှတ် စာပေ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆရာတော်များနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် အဖြစ် သံဃာတော် ၇၄ ပါးကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး တက်ရောက်လာသူများအား မွန်တိုင်း ရင်းသား ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

အဆိုပါအခမ်းအနားသို့ ဆရာတော် သံဃာတော် များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ မွန်အမျိုးသားနေ့ ကျင်းပရေး ကော်မတီ(ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်သစ် ပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မွန်တိုင်းရင်းသား၊ တိုင်းရင်း သူများ တက်ရောက်သည်။ **ခရိုင် (ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၇**

မိတ္ထီလာမြို့နယ်၌ မီးလောင်မှုလျော့နည်း ကျဆင်းရေးနှင့် ထိရောက်သည့် မီးငြိမ်းသတ်ရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အကြိုအခြေခံ မီးသတ်ပညာ သင်တန်းကို အမှတ်(၁)တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)ဝင်းအတွင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်၌ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာ အုပ်စု ၅၈ အုပ်စုရှိရာ နှစ်စဉ်တိုးတက်လာသည့် လူဦးရေ၊ အိမ်ခြေ၊ စက်ရုံအလုပ်ရုံများကြောင့် မီးလောင်မှု များပြားလာသည့်အတွက် မီးလောင်မှုလျော့နည်း ကျဆင်းရေးနှင့် ထိရောက်သည့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပါ ပူးပေါင်း လုပ်ကိုင်နိုင်ရန်အတွက် ခရိုင်မီးသတ်ဦးစီးဌာနမှ နှစ်စဉ် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သန္နေမီးသတ် တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးလောင်မှု များ လျော့နည်းကျဆင်းအောင် ရည်မှန်းပြီး မီးဘေးလုံခြုံရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စက်ရုံ၊ အလုပ်ရုံများ၌ မီးလောင်မှုများ လျော့နည်းကျဆင်းရန်နှင့် မီးလောင်မှုဖြစ်ပေါ်ပါက ဆုံးရှုံးမှုတန်ဖိုး လျော့နည်းအောင် ဆောင်ရွက်နိုင်စေရန် အကြိုအခြေခံ မီးသတ်ပညာ သင်တန်း(၁/၂၀၂၁)ကို အမှတ်(၁) တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)မှ ဝန်ထမ်းများအား မီးသတ် ပညာဘာသာရပ်နှင့် အခြေခံ လက်နက်မဲ့စစ်ရေးပြ ဘာသာရပ်များကို ဖေဖော်ဝါရီလ ၈ ရက်မှစတင်၍ ရက်သတ္တ နှစ်ပတ် စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးကြောင်း ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

အဆိုပါ သင်တန်းကို အမှတ်(၁) တပ်မတော်ချည်မျှင်နှင့် အထည် စက်ရုံ (မိတ္ထီလာ)မှသင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြု ခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာ ထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြု တတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကား သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရှည်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မကွေးမြို့ပြည်သူ့ဆေးရုံရှိဝန်ထမ်းများနှင့် တိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းများအား တွေ့ဆုံအားပေး

**မကွေး ဖေဖော်ဝါရီ ၂၇**
မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၅ ရက်က မကွေးမြို့ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနတွင် ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီး၊ တာဝန်ခံဆရာဝန်များနှင့်ဝန်ထမ်းများအားတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းပြောကြားပြီး ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား မိမိတို့၏ လုပ်ငန်းခွင်သို့ တာဝန်သိစွာ ပြန်လည်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ ရောက်ရှိပြီး ယင်းအဆောက်အအုံရှိ ဗိုလ်မင်းရောင်ခန်းမတွင် တိုင်းဒေသကြီး လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဌေးဌေးခိုင်နှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လွှတ်တော်အစည်းအဝေးခန်းမကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့် ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဆိပ်ခံတံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၂၇**
ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် ဖေဖော်ဝါရီ ၂၆ ရက်က အဖွဲ့ဝင် (၁)ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်လွင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီ ညွှန်ကြားရေးမှူး ဦးဖုန်းလွင်၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် ခရိုင်/ မြို့နယ် တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ကမ်းနားလမ်းရှိ ဆိပ်ခံတံတားတည်ဆောက်ခြင်းကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ဆိပ်ခံတံတားသည် ပုသိမ်မြို့ကမ်းနားလမ်းကို တိုးချဲ့ဆောက်လုပ်ထားခြင်း ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး မူလခွင့်ပြုရန်ပုံငွေကျပ် ၈၅၄ ဒသမ ၀၄ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက အများပြည်သူအပန်းဖြေနေရာအဖြစ် ဆောင်ရွက်မည်ဖြစ်ရာ ပုသိမ်မြို့ ငဝန်မြစ်တစ်ဖက်ကမ်းရှိ စက်ကလေး၊ တာကိုင်း၊ ပိတောက်ချောင်းကျေးရွာတို့မှ ပြည်သူများ နေ့စဉ် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး စသည့်ကိစ္စရပ်များအတွက် လှေငယ်များ အသုံးပြုသွားလာနိုင်ရန်အတွက် အဆင်ပြေချောမွေ့စေရန် ရေဆင်းလှေကားကို ထည့်သွင်းဆောင်ရွက်သင့်ကြောင်း၊ အရေးပေါ်ထွက်ပေါက်တစ်ခု အဖြစ်လည်း အသုံးပြုရန် လိုအပ်လျက်ရှိကြောင်း တင်ပြလာမှုအပေါ် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ယာယီရှင်းလင်းဆောင်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နယ်မြေကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလိုအပ်သည်များ မှာကြားကြောင်း သိရသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

### မြေပုံမြို့နယ်တွင် ကျေးရွာဆိပ်ခံတံတား တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မြေပုံ ဖေဖော်ဝါရီ ၂၇**
ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်နေသော မြေပုံမြို့နယ် ငခူချောင်းကျေးရွာ ဆိပ်ခံတံတားတည်ဆောက်နေမှုတို့ကို ယနေ့တွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဘစော (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူတည်ဆောက်နေသော ကုမ္ပဏီက တာဝန်ရှိသူတို့ထံ လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရန်နှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် မြို့နယ်ကျေးလက်ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

ထို့အပြင် အဆိုပါ ငခူချောင်းကျေးရွာ ဆိပ်ခံတံတား ပြီးစီးပါက ကျေးရွာသူ ကျေးရွာသားများ၊ အခြားဒေသမှ လာရောက်သော ပြည်သူများအတွက် ရေကြောင်းပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများ၊ အဆင်ပြေစွာ သွားလာဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး)က ပြောသည်။

အောင်လှဖြူ(ရမ်းဗြဲ)


### အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းရှင်များ ဆောင်ရွက်လိုသည့် ပြည်သူများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းနှင့်လုပ်ငန်းသစ်များ ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် -၀၁- ၈၃၀၁၃၉၇၅၊ ၀၁-၈၃၀၂၁၇၅

**ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**


## လိပ်သိုမြို့၌ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖွင့်

**လိပ်သို ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် လိပ်သိုမြို့ မိုင်းလွန်ကျေးရွာအုပ်စု ငပိုးကြီးကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ပြီးစီးမှု ဖွင့်ပွဲကို ယမန်နေ့က ငပိုးကြီးကျေးရွာ၌ ပြုလုပ်သည်။

ဖွင့်ပွဲတွင် လိပ်သိုမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခင်က အဆိုပါ မြေသားလမ်းပိုင်း၏ အရှည်မှာ နှစ်မိုင်၊ လေးဖာလုံ၊ အကျယ်သုံးပေ ဆိုင်ကယ်သွားလမ်းသာရှိခဲ့ပြီး ယခုအခါ ခြောက်ပေ အကျယ် မြေသားလမ်းကို ဒေသနေပြည်သူများက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ရည်ရွယ်၍ ကျေးရွာသူကျေးရွာသားများက ကိုယ်ထူကိုယ်ထ စုပေါင်းလုပ်အားဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစတင်၍ ဖောက်လုပ်ခဲ့ပြီးလမ်းပြီးစီးသွားပါက လိပ်သို-မိုင်းလွန်သွားလမ်းပေါ်ရှိ ကျေးရွာများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ သွားလာမှုပိုမိုအဆင်ပြေလာ၍ ဒေသထွက်သီးနှံများ တင်ပို့ရောင်းချမှု ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

နွယ်နွယ်ခိုင် (ပြန်/ဆက်)

## မာန်အောင်မြို့နယ်၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မာန်အောင် ဖေဖော်ဝါရီ ၂၇**
ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားခဲ့သော အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့သစ်အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များနှင့် ချုံနွယ်ပေါင်းပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျန်အေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးတို့က လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီး တောင်သူလယ်သမားနေ့အခမ်းအနားနှင့်ပတ်သက်၍ စကားသံများ

**တွေ့ဆုံမေးမြန်းသူ/ဓာတ်ပုံ - ကိုတွတ်၊ မောင်မောင်မြင့်၊ ဇင်နွယ်လှိုင်(ပြန်/ဆက်)**

ပုသိမ် ဖေဖော်ဝါရီ ၂၆

**မတ် ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ရောဝတီတိုင်းဒေသကြီး၌ နှစ်စဉ် စည်ကားစွာ ကျင်းပ၍ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးမှုများလည်း ပြုလုပ်ခဲ့ရာ ယခုနှစ် အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်းမှ တောင်သူများအနေဖြင့် စပါးသာမက ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများပါ စတင်စိုက်ပျိုးနိုင်ရန် လက်တွေ့စိုက်ပျိုးပြသခြင်းနှင့် လိုအပ်သော အသိပညာပေးမှုများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ တောင်သူလယ်သမားနေ့ အခမ်းအနားအတွက် စီစဉ်ထားမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူတို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**

**ဦးရဲမြင့်(ဥက္ကဋ္ဌ)**
**တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**



တောင်သူတွေ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ လယ်ယာကဏ္ဍမှာ ဘက်စုံဖွံ့ဖြိုးဖို့၊ နည်းပညာများကို တောင်သူများ ရယူနိုင်ဖို့ တောင်သူလယ်သမားနေ့ကို နှစ်စဉ်မပြတ် ကျင်းပပေးနေတာဖြစ်ပါတယ်။ တောင်သူကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တောင်သူလယ်သမားတွေကို အသိပညာပေးအနေနဲ့ဖြစ်အောင် ဒီပြပွဲလေးကို ကျွန်တော်တို့က လုပ်တာဖြစ်တယ်။ ကျွန်တော်တို့ ရောဝတီတိုင်းဒေသကြီးမှာ အခုဆိုရင် လယ်တင်မဟုတ်တော့ဘူး။ ထူးထူးခြားခြား ဆီထွက်သီးနှံတို့၊ စက်မှုကုန်ကြမ်းသီးနှံတို့ စိုက်လို့ရပြီဆိုတဲ့အကြောင်း ပြချင်တာပါ။ ဒီမြေတွေမှာ စိုက်ခဲ့ဖူးတဲ့ အစဉ်အလာမရှိဘူး။ ဒါပေမယ့် ကျွန်တော်တို့ အခု စိုက်ပြတယ်။ ဒီမြေမှာလည်း စိုက်လို့ရပါလားဆိုတာသိအောင်။ မဟုတ်ရင် မိုးတွင်းကာလမှာ မိုးစပါးလေးတစ်ခုတည်းနဲ့ ပြီးသွားတယ်။ အဲဒါကြောင့် မြေကိုပြုပြင်ပြီး ဘယ်လိုစိုက်မလဲ၊ စက်မှုကုန်ကြမ်းသီးနှံလည်း စိုက်မယ်၊ ဆီထွက်သီးနှံလည်း စိုက်မယ်၊ စိုက်လို့ရသမျှ အကုန်စိုက်မယ်။ အဲဒီအတွက် ဒီဟာကိုပြတာဖြစ်တယ်။ စိတ်ဝင်စားတဲ့သူတွေဆိုရင် စိုက်ပျိုးရေးနဲ့ချိတ်ဆက်ပြီး ဒီနည်းပညာတွေကို ယူလို့ရတယ်။ စိုက်ပျိုးရေးကလည်း ဖြန့်ဝေပေးနေတယ်။ အခု လက်တွေ့မျက်မြင် စိုက်ပြထားတာ။ အဓိကကတော့ နည်းပညာဖြစ်တယ်။ နွေရာသီမှာ မြေကြီးကို အလကားပစ်ထားမယ့်အစား ဆီထွက်သီးနှံ/ စက်မှုကုန်ကြမ်းသီးနှံ စိုက်မယ်ဆိုရင် အဆင်ပြေသွားတာပေါ့။ ရောဝတီတိုင်းဒေသကြီးက စပါးပဲမဟုတ်ဘူး၊ စပါးမစိုက်တဲ့အချိန်မှာ ဆီထွက်သီးနှံလည်း စိုက်လို့ရတယ်ဆိုတဲ့အကြောင်းကို တောင်သူတွေ ဗဟုသုတတိုးပွားပြီး လက်တွေ့စိုက်ပျိုးချင်တဲ့ဆန္ဒ ဖြစ်အောင်လို့ တောင်သူတွေကို မျက်ဝါးထင်ထင် တင်ပြတာပါ။

**ဦးသန်းဆွေဝင်း(အတွင်းရေးမှူး)**
**တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့်**
**တောင်သူလယ်သမားနေ့ကျင်းပရေး ဦးစီးကော်မတီ**

ရောဝတီတိုင်းဒေသကြီးအနေနဲ့ တောင်သူလယ်သမားနေ့ နေ့ထူးနေ့မြတ်မှာ ပညာပေးစံပြစိုက်ကွက်တွေကို တောင်သူများ သိရှိနားလည်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ရည်ရွယ်ပြသရခြင်း ဖြစ်ပါတယ်။ ရောဝတီတိုင်းဒေသကြီးမှာ မိုးစပါး ဧက ၃၇ သိန်းကျော်၊ နွေစပါး ဧက ၁၄ သိန်းခန့် စိုက်ပျိုးလျက်ရှိပါတယ်။ တောင်သူလယ်သမားများ သားစဉ်မြေးဆက် ဘဝအာမခံချက် ရရှိရေးအတွက် ဆန်၊ ပဲ၊ နှမ်း၊ ငရုတ်၊ ကြက်သွန် အပါအဝင် စားပင်သီးနှံအမျိုးပေါင်း ၁၀၀ ကျော်ကို အောင်မြင်ဖြစ်ထွန်းနေမှုနဲ့အတူ စိုက်နည်းစနစ်များကို ပြသ လမ်းညွှန်မှုပေးသွားမှာဖြစ်ပါတယ်။ ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာပြီး တစ်မြို့နယ်ကို တောင်သူ ၃၀ ခန့်နှုန်းနဲ့ တောင်သူ ၇၈၀ ကို အခမ်းအနားသို့ စရိတ်ငြိမ်း သယ်ပို့ခြင်းနှင့် အစားအသောက်စီစဉ်ပေးခြင်းကို တိုင်းဒေသကြီးကောင်စီက စီစဉ်ပေးခဲ့ပြီး စိုက်ပျိုးရေးနည်းပညာများကို လက်တွေ့ပြသပြီး နည်းပညာမျှဝေပေးသွားမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ အိမ်ခြံကို ပြန်ရောက်တာနဲ့ စားပင်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**ဦးစိန်မောင်မြင့်(ဦးစီးမှူး)**
**တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန**

ကျွန်တော်တို့ ရောဝတီတိုင်းဒေသကြီးဟာ လယ်ယာကဏ္ဍကို အခြေခံတဲ့ တိုင်းဒေသကြီးဖြစ်ပြီး တောင်သူလယ်သမားအများစု နေထိုင်တဲ့ နိုင်ငံတော်ရဲ့စပါးကျီလည်း ဖြစ်ပါတယ်။ တောင်သူ လယ်သမားများရဲ့ လူမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတဲ့အတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်မှုနဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူနည်းပညာပေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။ ရောဝတီတိုင်းဒေသကြီးမှာ လိုအပ်တဲ့ မျိုးသန့်စပါးများ ရရှိရေးအတွက် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို မျိုးစေ့သန့်စင်စက်များ၊ မျိုးစေ့အခြောက်လှန်း စက်ကိရိယာများလည်း တပ်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုံးထည့်သွင်းခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းခြင်းများကိုလည်း ဆောင်ရွက်နိုင်သလို သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ထုတ်လုပ်ခြင်းကို ယခုနှစ် ဆောင်းရာသီမှာ ၁၅၂၇ ဧက စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့ ပြကွက်အနေနဲ့လည်း ဟင်းသီးဟင်းရွက်မျိုးစုံ တစ်ဧက၊ အစေ့ထုတ်ပြောင်း တစ်ဧက၊ ပဲမျိုးစုံ တစ်ဧက၊ ဆီထွက်သီးနှံ တစ်ဧက၊ ငရုတ်နှင့်အခြား တစ်ဧက၊ စပါး တစ်ဧကတို့ကို ဆောင်ရွက်ထားရှိပြီး တိုင်းဒေသကြီးတစ်ခုလုံးမှာ ကိုယ်စားပြုစိုက်ပျိုးထားတဲ့ စိုက်ခင်းများကို တစ်နေရာထဲမှာ လေ့လာနိုင်အောင် ရည်ရွယ်ဆောင်ရွက်ထားပါတယ်။

**ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး)**
**တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန**

ရောဝတီတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စပါးကျီကြီးဖြစ်တာနဲ့ အညီ ရေတော်မိုးတော်လယ်မြေများသာမက စပါးစိုက်ပျိုးလို့ရနိုင်တဲ့ သဲဆန်ကုန်းကြောမြေများနဲ့ ရေကြီးကွင်း၊ ရေနက်ကွင်း ဒေသများကိုပါ ဖော်ထုတ်စိုက်ပျိုးလျက်ရှိပါတယ်။ ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီမှာ တိုင်းဒေသကြီးအတွင်း မိုးစပါး ၃၇၅၇၅၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကိုလည်း ၁၃၆၂၆၄၆ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။

တောင်သူလယ်သမားများ သားစဉ်မြေးဆက် အဆက်ဆက် ဘဝအာမခံချက်ရရှိရေးအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားများ ပုံမှန်လုပ်ကိုင်လျက်ရှိတဲ့ လယ်ယာမြေ ၃၉၉၂၉၀၈ ဧကကို တောင်သူ ၇၁၆၂၃ ဦးသို့လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ လုပ်ငန်းဌာနများက အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခဲ့ပြီး ပြန်လည်စွန့်လွှတ်ခဲ့တဲ့မြေ ၄၉၃၉၂ ဧကကို တောင်သူ ၆၁၈၃ ဦးသို့လည်းကောင်း၊ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ သစ်တောပယ်ဖျက်ဧရိယာ ဧက ၂၂၂၄၀ ကို တောင်သူ ၁၆၆၄၆ ဦးသို့လည်းကောင်း၊ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ ၁၀၃၉ ဧကကို တောင်သူ ၅၇ ဦးသို့လည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်း ၂၆ မြို့နယ်မှာ စုစုပေါင်း စိုက်ပျိုးဧရိယာ ၄၂၅၅၅၇၉ ဧကကို တောင်သူ ၇၃၉၀၀၉ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များ ထုတ်ပေးနိုင်ခဲ့ပြီး ဆက်ပြီးလည်း လယ်ယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။



ဦးသန်းဆွေဝင်း(အတွင်းရေးမှူး)
တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့်
တောင်သူလယ်သမားနေ့ကျင်းပရေး
ဦးစီးကော်မတီ



ဦးစိန်မောင်မြင့်(ဦးစီးမှူး)
တိုင်းဒေသကြီး
စိုက်ပျိုးရေးဦးစီးဌာန



ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး)
တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန



ဦးကြည်စိန်
(တောင်သူ)
ဝါးဒူးကျေးရွာ

**ဦးကြည်စိန်(တောင်သူ)**
**ဝါးဒူးကျေးရွာ**

ကန်ကြီးထောင့်မြို့နယ်မှာ ကျင်းပမယ့် တောင်သူလယ်သမားနေ့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပြကွက်တွေ ဆောင်ရွက်နေပါတယ်။ ထူးခြားစွာပါဝင်လာတဲ့ ပြောင်းစိုက်ခင်း၊ ပဲမျိုးစုံစိုက်ခင်း၊ ဆီထွက်သီးနှံစိုက်ခင်းတွေကို တောင်သူများအနေနဲ့ သေချာလေ့လာကြရင် နည်းပညာအသိတွေ ရရှိလိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခင်နှစ်က ကျင်းပခဲ့တဲ့တောင်သူလယ်သမားနေ့မှာ သီးနှံစုံစိုက်ခင်းတွေကို လေ့လာခဲ့လို့ ကျွန်တော့်အတွက် စိုက်ပျိုးရေးမှာ အကျိုးရှိခဲ့ပါတယ်။ အခုနှစ်မှာလည်း ငရုတ်၊ ပြောင်း၊ ဟင်းသီးဟင်းရွက်၊ ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်းတွေကို တောင်သူတွေအနေနဲ့ လက်လှမ်းမီသလောက် လေ့လာအတုယူကြဖို့ တိုက်တွန်းလိုပါတယ်။ ။

# ခြေစွမ်းတည်ငြိမ်နေတဲ့ ချယ်ဆီးကို မန်ယူ ကျော်ဖြတ်သွားနိုင်မလား

■ မိုးဇက် - စုစည်းသည်

ယနေ့ တနင်္ဂနွေနေ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အာဆင်နယ်၊ ချယ်ဆီး၊ မန်ယူ၊ လက်စတာ၊ စပါး၊ လီဗာပူးအစရှိတဲ့ အသင်းတွေ ကျင်းပသွားမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။ လက်စတာက အာဆင်နယ်အသင်းနဲ့ ရင်ဆိုင်ရမှာဖြစ်ပြီး ချယ်ဆီးက မန်ယူအသင်းနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



**ပရီမီယာလိဂ် ပွဲစဉ် (၂၆ )**

၂၈-၂-၂၀၂၁ (တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ပဲလေ့စ် | - | ဖူလ်ဟမ် | ည ၆:၃၀ |
| လက်စတာ | - | အာဆင်နယ် | ည ၆:၃၀ |
| စပါး | - | ဘန်လေ | ည ၈:၃၀ |
| ချယ်ဆီး | - | မန်ယူ | ည ၁၁:၀၀ |
| ရှက်ဖီးလ် | - | လီဗာပူး | နံနက် ၁:၄၅ |

## ပဲလေ့စ် VS ဖူလ်ဟမ်

ပ_ကျော့ရလဒ် ဖူလ်ဟမ် ၁-၂ ပဲလေ့စ်

ပဲလေ့စ်က လိဒ်စ်နဲ့ ဘန်လေကို နှစ်ပွဲဆက် ဂိုးပြတ်ရှုံးနိမ့်ထားပေမယ့် ပြီးခဲ့တဲ့ ဘရိုက်တန်အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပါတယ်။ ဒါ့အပြင် မတ် ၄ ရက်မှ အသင်းကြီး မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ပြင်ဆင်လာမှာသေချာပါတယ်။ ဖူလ်ဟမ်အသင်းက တန်းဆင်းဇုန်အတွင်း ကျရောက်နေတယ်ဆိုပေမယ့် ပြီးခဲ့တဲ့ လေးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိပါဘူး။ ဖူလ်ဟမ်အသင်းကလည်း မတ် ၅ ရက်မှာ စပါအသင်းနဲ့ ကစားရဖို့ရှိတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ပြင်ဆင်လာမှာ သေချာပါတယ်။ ပဲလေ့စ်အသင်းထက် ဖူလ်ဟမ်အသင်း အမှတ်ပြည့်ရယူနိုင်ပါတယ်။

## ချယ်ဆီး VS မန်ယူ

ပ_ကျော့ရလဒ် မန်ယူ ၀-၀ ချယ်ဆီး

နည်းပြသစ်လက်အောက်မှာ ပုံမှန်ခြေစွမ်းပြန်လည်ရရှိနေတဲ့ ချယ်ဆီးအသင်းနဲ့ နောက်ဆုံးရှစ်ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိတဲ့အတွက် ခြေစွမ်းတည်ငြိမ်နေတဲ့ မန်ယူအသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။ ချယ်ဆီးအသင်းက ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အက်သလက်တီကို မက်ဒရစ်အသင်းကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအထူးကောင်းမွန်နေတာကို တွေ့ရတယ်။ ဒါ့အပြင် ချယ်ဆီးအသင်းက လီဗာပူး၊ အဲဗာတန်၊ လိဒ်စ်စတဲ့အသင်းများနဲ့ ဆက်တိုက်ကစားသွားရဖို့ရှိတာကြောင့် ယခုပွဲစဉ်ကို သေချာပေါက် အနိုင်ရရှိအောင် ပြင်ဆင်လာမှာပါ။ အမှတ်ပေးဇယားရပ်တည်မှုအရ မန်ယူအသင်းကလည်း ဦးဆောင်သူ မန်စီးတီးအသင်းကို ရမှတ်ကွာဟမှုကျဉ်းမြောင်းစေရန်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် သေချာပြင်ဆင်မှာလာမှာပါ။ တိုက်စစ်ပိုင်းကိုကြည့်ရင် ချယ်ဆီးအသင်းက ၂၅ ပွဲမှာ ရဂိုးက ၄၁ ဂိုးသာရှိပြီး မန်ယူအသင်းက ၂၅ ပွဲမှာ ၅၃ ဂိုးအထိရှိထားပါတယ်။ ဒါကြောင့် မန်ယူအသင်းရဲ့ တိုက်စစ်က ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်မှာ အထက်မြက်ဆုံးတိုက်စစ်အဖြစ် ရှိနေပါတယ်။ မန်ယူအသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာယှဉ်ပြိုင်ကစားခဲ့တဲ့ အဝေးကွင်း ၁၂ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပါဘူး။ ချယ်ဆီးအသင်းက ပရီမီယာလိဂ်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အိမ်ကွင်း ၁၂ပွဲမှာ ရှုံးပွဲ နှစ်ပွဲ ကြုံတွေ့ထားပါတယ်။ တိုက်စစ်ပိုင်းအဆုံးသတ်သေချာခဲ့ရင် မန်ယူအသင်း အမှတ်ပြည့်ရယူနိုင်မယ်။

## လက်စတာ VS အာဆင်နယ်

ပ_ကျော့ရလဒ် အာဆင်နယ် ၀-၁ လက်စတာ

ယူရိုပါလိဂ်ပြိုင်ပွဲက ထွက်ခဲ့ရတဲ့ လက်စတာအသင်းနဲ့ ယူရိုပါလိဂ်မှာ နောက်တစ်ဆင့်တက်ရောက်ခဲ့တဲ့ အာဆင်နယ်တို့ ထိပ်တိုက်ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားမှာတော့ လက်စတာအသင်းက အာဆင်နယ်အသင်းထက် ရလဒ်ကောင်းတွေပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် လက်စတာအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးနိမ့်မှုကို ယခုပွဲစဉ်မှာချေဖျက်ဖို့ ကြိုးစားလာမှာ သေချာပါတယ်။ အာဆင်နယ်အသင်းကလည်း ရလဒ်ကောင်းပိုင်ဆိုင်ဖို့ အစွမ်းကုန်ပြင်ဆင်လာမှာ သေချာပါတယ်။ တစ်မှတ်စီခွဲယူသွားဖို့ရှိနေပေမယ့် တိုက်စစ်အားပြုကစားရင် လက်စတာအသင်းက နိုင်ပွဲရယူသွားနိုင်ပါတယ်။

## စပါး VS ဘန်လေ

ပ_ကျော့ရလဒ် ဘန်လေ ၀-၁ စပါး

စပါးအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်ရောက်ထားနိုင်လို့ အားတက်နေပါတယ်။ အမှတ်ပေးဇယားမှာလည်း ၂၄ ပွဲကစားပြီး ရမှတ် ၃၆ မှတ်သာရရှိထားသေးတာကြောင့် အနိုင်ရဖို့ ပြင်ဆင်လာမှာပါ။ ဘန်လေအသင်းက တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် ရလဒ်ကောင်းဖော်ဆောင်ဖို့ ကြိုးစားလာမှာပါ။ စပါးအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲရရှိထားတယ်ဆိုပေမယ့် နောက်ဆုံးငါးပွဲမှာ သုံးပွဲအထိရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။ ဒါကြောင့် နောက်ဆုံး သုံးပွဲဆက် ရှုံးပွဲ ကြုံတွေ့ထားခြင်းမရှိတဲ့ ဘန်လေအသင်းကို စပါးအသင်း ခက်ခက်ခဲခဲကစားရနိုင်ပါတယ်။

## ရှက်ဖီးလ် VS လီဗာပူး

ပ_ကျော့ရလဒ် လီဗာပူး ၂-၁ ရှက်ဖီးလ်

ရှက်ဖီးလ်အသင်းက ပြီးခဲ့တဲ့ ဝက်စ်ဟမ်း၊ ဖူလ်ဟမ်အသင်းတို့နဲ့ပွဲစဉ်မှာ နှစ်ပွဲဆက်ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ အမှတ်ပေးဇယားမှာလည်း အောက်ဆုံးရောက်နေတာကြောင့် လီဗာပူးအသင်းကိုယှဉ်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် လီဗာပူး အသင်းကလည်း နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ ရှုံးနိမ့်ထားတာကို တွေ့ရတယ်။ ဒဏ်ရာရကစားသမားများပြီး ခြေစွမ်းတည်ငြိမ်မှုပျောက်ဆုံးနေတဲ့ လီဗာပူးအသင်းအနေနဲ့ ယခုပွဲစဉ်ကို မဖြစ်မနေ နိုင်ပွဲရရှိအောင် အစွမ်းကုန် ပြင်ဆင်လာမှာပါ။ သို့သော်လည်း ရှက်ဖီးလ်အသင်းရဲ့ တန်းဆင်းဇုန်ရုန်းအားက လီဗာပူးအသင်းကို ဘယ်လောက်အထိ သက်ရောက်မှုရှိမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

■ မန်ယူအသင်းသည် ဆီဗီလာအသင်းမှ ခံစစ်ကစားသမား ကွန်ဒီ (၂၂နှစ်) ထက် ဗီလာရီးရဲအသင်းမှ ဗဟိုခံစစ်ကစားသမား တောရက်စ် (၂၄နှစ်) ကို ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ အင်္ဂလန်တိုက်စစ်ကစားသမား ဟယ်ရီကိန်း (၂၇နှစ်) သည် အနည်းဆုံး နောက်ထပ်တစ်နှစ် စပါးအသင်းတွင် ဆက်လက်နေသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၂ ပွဲကစားပြီးချိန်တွင် ၁၃ ဂိုးသွင်းကာ ဂိုးရရှိအောင် ၁၁ ကြိမ်ဖန်တီးပေးထားကြောင်း သိရသည်။

■ အာဆင်နယ်အသင်းမှ အသက် ၂၉ နှစ်အရွယ် ပြင်သစ်တိုက်စစ်ကစားသမား လာကာဇက်ကို ပြင်သစ်ကလပ် မိုနာကိုအသင်းက နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဦးစားပေးခေါ်ယူမည့် ကစားသမားအဖြစ် ပစ်မှတ်ထားနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၂၁ ပွဲတွင် ရှစ်ဂိုးသွင်းယူကာ ဂိုးရရှိအောင် နှစ်ကြိမ်ဖန်တီးပေးထားသည်။



■ လီဗာပူးအသင်းသည် နွေရာသီတွင် ပေါင်သန်း ၅၀ ဖြင့် ထွက်ခွာခွင့်ပြုဖွယ်ရှိသော ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၀ အရွယ် ဘရာဇီးတိုက်စစ်ကစားသမား ရိုဒရီဂိုကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

■ မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဂန်ဒိုဂန် (၃၀နှစ်) သည် ဒေါ့မွန်အသင်းကနေ မန်စီးတီးအသင်းသို့ မပြောင်းရွှေ့မီတွင် မန်ယူအသင်းက ၎င်းကို ခေါ်ယူရန် ကြိုးစားခဲ့ကြောင်း ပြောကြားလိုက်သည်။

■ တိုရွန်တိုအသင်းမှ မာရှောလ်ရှဒ်တီကို ဥရောပအသင်းကြီးများဖြစ်သည့် မန်စီးတီး၊ မန်ယူ၊ ဘိုင်ယန်မြူးနစ်နှင့် ဂျူဗင်တပ်စ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

# စီးရီးအေချန်ပီယံဆုအတွက် အမှားခံလို့မရတော့တဲ့ အေစီမီလန်

အီတလီစီးရီးအေပွဲစဉ် (၂၄) အဖြစ် ရိုးမားအသင်းနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်ကို မတ် ၁ ရက် နံနက်တွင် ရိုးမားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရိုးမားအသင်းက ပြီးခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်မှာ ဘရာဂါအသင်းကို သုံးဂိုး-တစ်ဂိုး ဖြင့်အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်သည့် အသင်းဖြစ်သည်။ ထို့အပြင် နောက်ဆုံးကစားခဲ့သည့် လေးပွဲတွင် တစ်ပွဲသရေ၊ သုံးပွဲအနိုင်ရရှိထားသောကြောင့် ခြေစွမ်းတည်ငြိမ်နေသည်ဟု ဆိုနိုင်သည်။ ရိုးမားအသင်းသည် ယခုနှစ်ရာသီ စီးရီးအေတွင် ၂၃ ပွဲကစားပြီး ၄၄ မှတ် စုဆောင်းရရှိထားသည်။

အေစီမီလန်အသင်းက နောက်ဆုံးကစားခဲ့သည့် လေးပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည်။ ပြီးခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဇဗက်ဒါအသင်းကို တစ်ဂိုးစီ သရေကျထားသော်လည်း နှစ်ကျော့ပေါင်းရလဒ်ဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်သည့် အသင်းဖြစ်သည်။ အေစီမီလန်အသင်းသည် စီးရီးအေ ၂၃ ပွဲကစားပြီး ရမှတ် ၄၉ မှတ်အထိ စုဆောင်းရရှိထားသည်။ ထို့ကြောင့် ရိုးမားအသင်းနှင့် အေစီမီလန်အသင်းတို့ကြား ရမှတ်ကွာဟမှုမှာ ငါးမှတ်သာရှိသည့်အတွက် ယနေ့ပွဲစဉ်သည် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

ထို့အပြင် အေစီမီလန်အသင်းသည် အမှတ်ပေးဇယားဦးဆောင်သူ မြို့ခံပြိုင်ဘက် အင်တာမီလန်အသင်းနှင့် ရမှတ်ကွာဟမှု လေးမှတ်သာရှိသောကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရန် ပြင်ဆင်လာဖွယ်ရှိနေသည်။ ယနေ့ပွဲစဉ်တွင် အဓိကစောင့်ကြည့်ရမည့် ကစားသမားအဖြစ် ရိုးမားအသင်းမှ ဒီဇီကိုနှင့် အေစီမီလန်အသင်းမှ အီဗရာဟီမိုဗစ်တို့ ရှိနေသည်။ ဒီဇီကိုသည် ယခုနှစ်ရာသီ စီးရီးအေ ၁၈ ပွဲတွင် ခုနစ်ဂိုးသွင်းယူပေးထားနိုင်သည့် ကစားသမားဖြစ်သည်။ အီဗရာဟီမိုဗစ်က စီးရီးအေ ၁၃ ပွဲတွင် ၁၄ ဂိုးအထိ သွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ သို့သော်လည်း အီဗရာဟီမိုဗစ်သည် ဖေဖော်ဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်အသင်းက ခရိုတုန်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက်ပိုင်း ဂိုးသွင်းယူနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

ရိုးမားအသင်း၏ ယခုနှစ်ရာသီ စီးရီးအေပြိုင်ပွဲအဖြစ် အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ၁၂ ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ကိုးပွဲနိုင်၊ သုံးပွဲသရေကျထားပြီး ရမှတ် ၃၀ အထိ စုဆောင်းထားရရှိထားသည်ကို တွေ့ရသည်။ အဝေးကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့် ၁၁ ပွဲတွင် လေးပွဲနိုင်ပြီး နှစ်ပွဲသရေကျထားကာ ငါးပွဲအထိ ရှုံးနိမ့်ထားသောကြောင့် ရမှတ် ၁၄ မှတ်သာ စုဆောင်းထားရရှိထားသည်။ ထို့ကြောင့် ရိုးမားအသင်း၏ ယခုနှစ်ရာသီ စီးရီးအေပြိုင်ပွဲ၌ အဝေးကွင်းစွမ်းဆောင်ရည်ထက် အိမ်ကွင်းစွမ်းဆောင်ရည်သာလွန်နေသည်။ ယခုပွဲစဉ်က ရိုးမားအိမ်ကွင်းတွင် ကစားရမည် ဖြစ်သောကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

### အဝေးကွင်းစွမ်းဆောင်ရည်ကောင်း

အေစီမီလန်အသင်း၏ ယခုနှစ်ရာသီ စီးရီးအေပြိုင်ပွဲအဖြစ် အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ၁၂ ပွဲတွင် ခြောက်ပွဲနိုင်ပြီး သုံးပွဲသရေကျထားကာ သုံးပွဲရှုံးနိမ့်ထားသည့်အတွက် ၂၁ မှတ်သာ ရရှိထားသည်။ အဝေးကွင်း ၁၁ ပွဲတွင် ကိုးပွဲနိုင်ပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသောကြောင့် ရမှတ် ၂၈ မှတ်အထိ ရရှိထားသည်။ ထို့ကြောင့် အေစီမီလန်အသင်းသည် ယခုနှစ်ရာသီ စီးရီးအေပြိုင်ပွဲတွင် အိမ်ကွင်းစွမ်းဆောင်ရည်ထက် အဝေးကွင်းစွမ်းဆောင်ရည်သာလွန်နေသည်။ ယခုပွဲစဉ်ကလည်း အဝေးကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် စိတ်ဝင်စားဖွယ်ရာပင်။

ရိုးမားအသင်းနှင့် အေစီမီလန်အသင်းတို့ ပထမအကျော့တွင် တစ်ဖက်သုံးဂိုးစီ သရေကျထားသည်ကို တွေ့ရသည်။ ဦးဆောင်သူ အင်တာမီလန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ရန်အတွက် ယခုပွဲစဉ်ကို မဖြစ်မနေ နိုင်ပွဲရရှိရန် လိုအပ်နေသည့် အေစီမီလန်အသင်းကို ရိုးမားအသင်း ဟန့်တားသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

# အိမ်ကွင်းမှာ ဝက်စ်ဟမ်းကို အနိုင်ယူခဲ့တဲ့ မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၂၆)မှ မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပွဲ ၂၀ တွင် ပွဲ ၂၀ စလုံး အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ဂလာဘတ်အသင်းနှင့် ပွဲစဉ်မှ လူစာရင်းကို ခုနစ်ဦးအထိ အပြောင်းအလဲပြုလုပ်ကာ အီဒါဆင်၊ ဝေါ်ကာ၊ ဒီယက်စ်၊ ဇင်ချန်ကို၊ ဒီဘရိုင်း၊ ဖာနန်ဒင်ဟို၊ ဂန်ဒိုဂန်၊ မာရက်ဇ်၊ အဂူရို၊ တောရက်စ် စသည့်ကစားသမားများဖြင့် ဝက်စ်ဟမ်းအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဝက်စ်ဟမ်းအသင်းကလည်း ခရက်စ်ဝဲလ်၊ ဒေါ်ဆင်၊ ဒီအောဖ်၊ ဂျွန်ဆင်၊ ရိုက်စ်၊ ဆော့ဆက်ခ်၊ လင်ဂတ်၊ ဖော်နေးလ်၊ အန်တိုနီယို စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

အနိုင်ရရှိရေးအတွက် ဦးတည်လာသည့် အသင်းနှစ်သင်းဖြစ်သည့်အတွက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို မန်စီးတီးအသင်းက စတင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲချိန်မိနစ် ၃၀ တွင် ဒီဘရိုင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒီယက်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပထမပိုင်းပွဲချိန် ပြီးခါနီးတွင် လင်ဂတ်၏ ဖန်တီးပေးမှုမှတစ်ဆင့် အန်တိုနီယိုက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းကို တစ်ဖက်တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်းတွင် မန်စီးတီးအသင်းက ကစားကွက် အပြောင်းအလဲပြုလုပ်ကာ လူစားလဲမှုပြုလုပ်ခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် မန်စီးတီးအသင်း ဒုတိယဂိုး ရရှိခဲ့ပြီး မာရက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျွန်စတုန်းက သွင်းယူပေးနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းက ချေပဂိုးရရှိရန်အတွက် လူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန်ပြည့်သည်အထိ ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ဒုတိယနေရာမှ မန်ယူအသင်းနှင့် ရမှတ်ကွာဟမှု ၁၃ မှတ်အထိ ရှိလာခဲ့ပြီဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

## သတင်းတိုများ

◆ ယမန်နေ့က ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များကို မဲနှိုက်ရွေးချယ်ခဲ့ရာ မန်ယူအသင်းက အေစီမီလန်အသင်းနှင့် တွေ့ဆုံနေသည်။ ထို့ကြောင့် တိုက်စစ်မှူးဟောင်း အီဗရာဟီမိုဗစ်အနေဖြင့် မန်ယူအသင်းကို ပြိုင်ဘက်အဖြစ် ရင်ဆိုင်ကစားရတော့မည်ဖြစ်သည်။ အဆိုပါ အဆင့်တွင် ရိုးမားအသင်းနှင့် ရှက်တာဒိုးနက်၊ အိုင်းယက်စ်နှင့် ယန်းဘွိုင်းစ်၊ ဒိုင်နမိုကိဗ်နှင့် ဗီလာရီးရဲ၊ အိုလံပီယာကော့စ်နှင့် အာဆင်နယ်၊ ဒိုင်နမိုဇာဂရက်နှင့် စပါး၊ စလာဗီယာပရာ့ဂ်နှင့် ရိန်းဂျား၊ ဂရန်နာဒါနှင့် မိုလ်ဒီအသင်းတို့ ဆုံတွေ့နေသည်။

◆ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို မတ် ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

◆ ဘိုင်ယန်မြူးနစ်အသင်းမှ ရာသီကုန်တွင် ထွက်ခွာတော့မည်ဖြစ်သော အလာဘာသည် ခံစစ်ပိုင်းထက် ကွင်းလယ်ပိုင်းကို အသားပေးကစားစေမည့် အသင်းသို့သာ ပြောင်းရွှေ့လိုနေကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါ ကစားသမားကို ရီးရဲမက်ဒရစ်၊ ချယ်ဆီး၊ လီဗာပူးနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါတွင် ၂၁ ပွဲပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။

*ကျောဖုံးမှ

ခံစစ်ကစားသမား ဝေါ်ကာ ပီတာ၊ ကွင်းလယ်ကစားသမား အီဗရာဟီမာ ဒီယာလိုနှင့် တိုက်စစ်ကစားသမား ဝဲလ်ကော့သ်တို့ တနင်္လာနေ့တွင် ယှဉ်ပြိုင်ကစားမည့် အဲဗာတန်အသင်းနှင့် ပွဲစဉ်ကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

ရိုမီယူသည် ဆောက်သမ်တန်အသင်းသို့ ၂၀၁၅ ခုနှစ်တွင် ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၂၀၃ ပွဲအထိ ပါဝင်ကစားခွင့် ရရှိထားသူဖြစ်သည်။ ဆောက်သမ်တန် အသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ၂၅ ပွဲ ကစားပြီး ရမှတ် ၃၀ ရရှိထားသောကြောင့် တန်းဆင်းဇုန်မှ ဖူလ်ဟမ်အသင်းနှင့် ရှစ်မှတ်ကွာဟလျက် အမှတ်ပေးဇယား အထက်ပိုင်းတွင် ရပ်တည်နေသည်။

အောင်

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

**ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၆/စီးကြာရိုးတောင်)၊ ဦးပိုင်အမှတ်(၁၃၁/၂၀၈)၊ မြေယာအမှတ်(-)၊ မြေဧရိယာ (၀ဒသမ၀၆၇) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း/သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးကျော်စိုး ပါ၂ဦး ၉/ပဥလ(နိုင်)၀၅၉၈၉၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

**ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Foam မီးငြိမ်းသတ်ယာဉ်(၂)စီး ဝယ်ယူရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၃-၂၀၂၁ရက်မှ ၃၀-၃-၂၀၂၁ရက်အထိ နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ

(ခ) တင်ဒါပုံစံရောင်းချတင်သွင်းမည့်နေရာ - ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ဈေးပိုင်းရပ်ကွက်၊ ပဲခူးမြို့

(ဂ) တင်ဒါပိတ်မည့်အချိန် - ၃၁-၃-၂၀၂၁ ရက် ညနေ ၄နာရီ

၂။ အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၅၂-၂၂၀၁၇၉၉၊ ၀၅၂-၂၂၂၁၂၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်**

၂၇-၂-၂၀၂၁ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၃၁)တွင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းတွင်ပါရှိသည့်ကြော်ငြာတွင် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းအား ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသိမ်း (B.A Law; LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၄)

အမှတ် (၅၆၃)၊ ပီမိုးနင်း (၂)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၁၇၂၆၈၁

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယိကာမကြီး**

**ဒေါက်တာ ဒေါ်စန္ဒာဆွေ(ဒုတိယဗိုလ်မှူးကြီး - ငြိမ်း)**

**ရောဂါဗေဒ အထူးကုဆရာဝန်ကြီး**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ ဦးသန်းဆွေ(ကထိက-ငြိမ်း)စစ်တက္ကသိုလ်-(ဒေါ်ခင်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ ရတနာအိမ်ရာနေ ဒေါက်တာကြည်သာနှင်းလွင်၊ ဒေါက်တာပြုံးလဲ့ဝေလွင်တို့၏မိခင်၊ ဦးသိန်းလွင်၏ဇနီးဒေါက်တာ ဒေါ်စန္ဒာဆွေ(ဒုတိယဗိုလ်မှူးကြီး - ငြိမ်း)သည် ၂၇-၂-၂၀၂၂ ရက်(စနေနေ့)နံနက် ၉နာရီတွင် AR YU INTERNATIONAL HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**Yangon Tyre စက်ရုံ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ**

## ဒေါ်စမ်းမာဦး

**အသက် (၆၁)နှစ်**

ရန်ကုန်မြို့နေ [ ဦးမြင့်ဦး(ဒုညွှန်မှူး စစစ-ငြိမ်း)] -ဒေါ်နုနုရီတို့၏သမီး၊ [ ဦးတင်ဦး (ဦးစီးအရာရှိ-ငြိမ်း အကောက်ခွန်ဦးစီးဌာန) -ဒေါ်ခင်သန်း] တို့၏သမီးချွေးမ၊ အမှတ် ၁၈၂(က) လေးလွှာ၊ ၃၃လမ်းအထက်၊ ကျောက်တံတားမြို့နယ်နေ ဦးမင်းဦး (အကောက်ခွန်-ငြိမ်း)၏ဇနီး၊ ဦးစိုးမြင့်ဦး(ဦးစီးအရာရှိငြိမ်း၊ စစစ)-ဒေါ်စန္ဒာခိုင်ဦးတို့၏အစ်မ၊ ဦးချမ်းမြေ့ဦး (Crew agent)၊ ဦးထက်မြက်ဦး(အကောက်ခွန်မှူး) - ဒေါ်ဖြိုးပပကျော်၊ ဒေါ်သီရိအောင်တို့၏မိခင်၊ ဦးအောင်နွေဦး (အကောက်ခွန်မှူး)-ဒေါ်ကေသီသောင်းတို့၏ အဒေါ်၊ ဖူးဖူး၊ ဂျူးဂျူး တို့၏ချစ်လှစွာသောအဘွားသည် ၂၇-၂-၂၀၂၂ရက် (စနေနေ့) နံနက် ၂:၁၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ညောင်ချောင်း ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၈၂၊ တလိုင်းစုကွင်း)၊ ဦးပိုင်အမှတ်(၈၃/၂၈၄-က/၃)၊ ဧရိယာ ၀ ဒသမ ၇၆ ဧကရှိ မြေအား ဓနုဖြူမြို့၊(၉)ရပ်ကွက်၊ မောရသိဂီလမ်း၊အမှတ်(၁၃၂) နေ ဦးလှကိုကို၁၄/ဓနဖ(နိုင်)၀၀၆၃၇၅မှ စက်မှု/စီးပွား မြေငှားဂရန်အသစ်ရရှိရေးအတွက် လယ(၃၀)ခွင့်ပြုမိန့်နှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့် အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူ့ကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စက်မှု/စီးပွားမြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

---

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်မတီးလ်ဒါဆန်နီအေး ၁၂/သဃက(နိုင်)၀၇၆၃၃၇ (AA-၀၉၉၉၃၅)အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-အေ)၊ မြေကွက်အမှတ်(၈၅)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းခြမ်း)(၂၀x၆၀)ပေရှိ ဂရန်မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ဟေမာဝင်း ၁၀/ကထန(နိုင်) ၀၉၅၉၇၀က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာလုံလောက်သည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**
**အမှတ်(၁၃၇၇)၊အခန်း(B)၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပိတောက်ဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၈၇၅/က)၊ အကျယ်အဝန်းပေ (၂၀x၆၀)၊ (၁၂၀၀)စတုရန်းပေရှိ အိမ်ခြံမြေ၏မူလအမည်ပေါက် [ ဦးစန်းလှိုင် ၁၂/မရက (နိုင်)၀၇၈၇၇၉] နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုပြုံးရီမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်းဝန်ခံ၍ ဒေါ်ချိုပြုံးရီ ၁၂/ဥကတ(နိုင်)၀၃၂၄၂၉ မှ အဆိုပါအိမ်ခြံမြေ ကို ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်မ ဒေါ်စိုးသီသီအောင် ၁၂/ဥကတ(နိုင်)၁၅၂၆၄၀က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကန့်ကွက်လိုသူများရှိပါက ယနေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဒေါ်စိုးသီသီအောင် ၁၂/ဥကတ(နိုင်)၁၅၂၆၄၀**
**ဖုန်း-၀၉-၅၄၀၄၅၄၇**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ၀ဒသမ ၀၅၃ ဧကရှိ ဒေါ်သန်းဌေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမြင့်တင် ၁၂/ကမရ(နိုင်) ၀၁၁၅၉၆ (ပါ) ၅- ဦးမှ အရောင်းအဝယ်စာချုပ်(၁/၂-၁-၅၄) မိတ္တူမှန်၊ ကျမ်းကျိန်ဆိုချက်နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယိကာမကြီး**

## ဒေါက်တာ ဒေါ်စန္ဒာဆွေ(ဒုတိယဗိုလ်မှူးကြီး - ငြိမ်း)

**ရောဂါဗေဒ အထူးကုဆရာဝန်ကြီး**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ ဦးသန်းဆွေ(ကထိက-ငြိမ်း)စစ်တက္ကသိုလ်-(ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးမင်းဆွေ)၊ ဦးညီညီဆွေ-ဒေါ်ရီရီမြ၊ ဒေါ်မူယာဆွေ၊ ဒေါက်တာ မိုးသူဇာဆွေတို့၏အစ်မ၊ မခင်သက်ထား၏အဒေါ်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ ရတနာအိမ်ရာနေ ဒေါက်တာ ကြည်သာနှင်းလွင်၊ ဒေါက်တာပြုံးလဲ့ဝေလွင်တို့၏မိခင်၊ ဦးသိန်းလွင်၏ဇနီးသည် ၂၇-၂-၂၀၂၂ ရက်(စနေနေ့)နံနက် ၉နာရီတွင် AR YU INTERNATIONAL HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၂ ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**

**ပူတာအိုခရိုင်တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - (၁)**

| | | |
|---|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး | နှင့် | ထင်ပေါ်ကျော်ကြားသော |
| အမှတ်(၂)သတ္တုတွင်း | | သတ္တုတူးဖော်ရေးကုမ္ပဏီ |
| သယံဇာတနှင့် သဘာဝ | | ၁။ ဦးထွန်းလင်း |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ | | ၂။ ဦးဗရင်းဗဟာဒူး |
| နေပြည်တော်(၎င်း၏ကိုယ်စား | | ၃။ ဦးဒူရိကာဗဟာဒူး |
| ဦးကျော်နိုင်လင်း | | ၄။ ဦးနာရ်ရေးဘာဘူ(ခ) |
| လက်ထောက်မန်နေဂျာ) | | အောင်ထွန်းလင်း |
| | | ၅။ ဦးဘူဒိဒါန်း |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပုံစံပါ တရားပြိုင်(၅)ဦးအနက်-

၁။ မိုးကုတ်မြို့၊မက်ကင်လမ်း၊ မြို့မရပ်ကွက်၊ အမှတ်(၃၂)နေ ဦးထွန်းလင်း (ယခုနေရပ်လိပ်စာမသိ)

၂။ မိုးကုတ်မြို့၊ အမှတ်(၁-အေ/၃၈)၊ပေးဆော်(၁)လမ်း၊ဆော်လင်းဝင်းအုပ်စုနေ ဦးဒူရိကာဗဟာဒူး(ယခုနေရပ်လိပ်စာမသိ)

၃။ မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ပြည်ကွန်ချမ်းသာရပ်ကွက်၊ အမှတ်(၇၈)၊ အကွက်(၅၂)၊ (၁၂လမ်းx၁၃လမ်း နှင့် ၈၁လမ်းx၈၂လမ်းကြား)နေ ဦးနာရ်ရေးဘာဘူ(ခ)ဦးအောင်ထွန်းလင်း (ယခုနေရပ်လိပ်စာမသိ)တို့ (၃)ဦး သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ရွှေကြေးကျန် ၁၆.၈၈ ကျပ်သား (သို့) ကာလတန်ဖိုးငွေ ၁၉၉၄၅၄၀၈/- ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၊၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် မတ်လ ၃၀ ရက် (၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ခါး)**
**ခရိုင်တရားသူကြီး**
**ပူတာအိုခရိုင်တရားရုံး**

---

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊နည်းဥပဒေ- ၂၂)**

**မိတ္ထီလာမြို့နယ်တရားရုံးတော်၌**

**၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၆၄နှင့်ဆက်နွှယ်သည့်**

**၂၀၂၀ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်-၅၁**

| | | |
|---|---|---|
| ဒေါ်ဥမ္မာထွန်း | နှင့် | ဦးစံမြင့်ဝင်း |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းမီးရထားအိမ်ရာ ကြီးကြပ်ရေးတိုက်၊ အခန်း(၃)၊ တိုက်(၁)နေ ဦးစံမြင့်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၄တွင် အနိုင်ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဥမ္မာထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ် မတ်လ(၁၈)ရက် (၁၃၈၂ခုနှစ် တပေါင်းလဆန်း(၆)ရက်)မွန်းမတည့်မီ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ရွှေပွင့်)**
**မြို့နယ်တရားသူကြီး**
**မိတ္ထီလာမြို့နယ်တရားရုံး**

---

## (၃)လပြည့်သတိရလွမ်းဆွတ်ခြင်း

**စေတီ၊ သိမ်၊ ကျောင်း၊ မြေ၊ အုတ်တံတိုင်း အလှူရှင်**

**ရွှေတိဂုံစေတီတော်တွင် ရွှေပြားအလှူရှင်၊ ပိဋကတ်သုံးပုံအလှူရှင်**

**ဦးသိန်းလွင်**

**လက်ထောက်ညွှန်ကြားရေးမှူး**

**ကျန်းမာရေးနှင့်စာရင်းအင်းဌာန(ငြိမ်း)**

**ဘာသာပြန်စာရေးဆရာ သိန်းအုံးကျော်စံ**

**တတိယစံတီးယန်းလဝင်း**

**အသက် (၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဇီဇဝါလမ်း၊ ရေကျော်၊ အမှတ်(၃၆)၊ ပထမထပ်နေ ဒေါ်စန်းစန်းလွင်(ကျန်းမာရေးနှင့်စာရင်းအင်းဌာန(ငြိမ်း)၏ ခင်ပွန်းသည် ၂၈-၁၁-၂၀၂၀ တွင် ကွယ်လွန်ပြီး ၂၈-၂-၂၀၂၂ တွင် (၃)လပြည့်မြောက်ပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုမှာ ယနေ့ထိ သတိရလွမ်းဆွတ်နေပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၂၂ ရက် (တနင်္ဂနွေနေ့)တွင် ရွှေဘုန်းပွင့်ဘုရားဝင်း၌ တည်ရှိသော ရခိုင်ဘုန်းတော်ကြီးကျောင်းတွင် သင်္ကန်း၊ နေ့ဆွမ်း၊ ဝတ္ထုငွေ လှူဖွယ် အစုစုတို့အား ဆက်ကပ်လှူဒါန်းပါမည်။ ဤကုသိုလ်အဖို့ဘာဂကို ကွယ်လွန်သူနှင့်တကွ ၃၁ ဘုံသား အားလုံးအား အမျှပေးဝေပါ၏။

**ချစ်ဇနီး**
**ဒေါ်စန်းစန်းလွင်**

---

**ပိုးသတ်ဆေးမှတ်ပုံတင်သူအမည်ပြောင်းလဲမည်ဖြစ်ကြောင်းအသိပေးကြော်ငြာခြင်း**

Zagro Chemicals Sdn Bhd. မှ ထုတ်လုပ်သောအောက်ဖော်ပြပါ ပိုးသတ်ဆေးများအား JJ Pun Trading Co., Ltd. မှ Zagro Myanmar Limited သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကတွဲဖက်အတွင်းရေးမှူး၊မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊သီးနှံကာကွယ်ရေးဌာနခွဲ၊အနောက်ကြို့ကုန်း၊ အင်းစိန်သို့ (၁၄) ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

| No. | Trade Name | Active Ingredients | Reg Type | Reg;No. |
|---|---|---|---|---|
| 1 | Zafate 75 SP | Acephate 75% w/w SP | Full | F2016-1224 |
| 2 | Zachlofos 48 EC | Chlorpyrifos 48% w/v EC | Full | F2016-1228 |
| 3 | Crunch 41 SL | Glyphosate IPA 41% w/w SL | Full | F2016-1231 |

JJ Pun Trading Co., Ltd.

TEL : (95) 1 368 7790-96

---

**ပိုးသတ်ဆေးမှတ်ပုံတင်သူအမည်ပြောင်းလဲမည်ဖြစ်ကြောင်းအသိပေးကြော်ငြာခြင်း**

Zagro Singpore Pte Ltd မှ ထုတ်လုပ်သောအောက်ဖော်ပြပါ ပိုးသတ်ဆေးများအား JJ Pun Trading Co., Ltd. မှ Zagro Myanmar Limited သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကတွဲဖက်အတွင်းရေးမှူး၊မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊သီးနှံကာကွယ်ရေးဌာနခွဲ၊အနောက်ကြို့ကုန်း၊ အင်းစိန်သို့ (၁၄) ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းအသိပေး ကြော်ငြာအပ်ပါသည်။

| No. | Trade Name | Active Ingredients | Reg Type | Reg;No. |
|---|---|---|---|---|
| 1 | Zapronil 5 SC | Fipronil 5% SC | Full | F2017-1230 |
| 2 | Zaman 50 WP | Dimethomorph 50% WP | Full | F2018-1857 |
| 3 | Zighter 51.5 EC | Chlorpyrifos 46.5%+ Cypermethrin 5% EC | Full | F2018-1546 |
| 4 | Zuper 85 WP | Copper Oxychloride 85% WP | Full | F2019-2104 |
| 5 | Zadifen 325 SC | Azoxystrobin 20%+ Difenoconazole 12.5% w/v SC | Provisional | P2018-4369 |

JJ Pun Trading Co., Ltd.

TEL : (95) 1 368 7790-96

---

**ပိုးသတ်ဆေးမှတ်ပုံတင်သူအမည်ပြောင်းလဲမည်ဖြစ်ကြောင်းအသိပေးကြော်ငြာခြင်း**

Agsin Pte Ltd မှ ထုတ်လုပ်သောအောက်ဖော်ပြပါ ပိုးသတ်ဆေးများအား JJ Pun Trading Co., Ltd. မှ Zagro Myanmar Limited သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကတွဲဖက်အတွင်းရေးမှူး၊မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်သို့ (၁၄) ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

| No. | Trade Name | Active Ingredients | Reg Type | Reg;No. |
|---|---|---|---|---|
| 1 | Agrothaconil 75 WP | Chlorothalonil 75% w/w WP | Full | F2014-711 |
| 2 | Zalphamethrin 5 EC | Alpha Cypermethrin 5% EC | Full | F2011-722 |
| 3 | Rebel 85 WP | Carbaryl 85% WP | Full | F2011-723 |
| 4 | Ultratap 50 SP | Cartap Hydrochloride 50% SP | Full | F2011-732 |
| 5 | Agromectin 1.8% EC | Abamectin 1.8% w/w | Full | F2014-724 |
| 6 | BP Hopper | BPMC 50% EC | Full | F2016-1094 |
| 7 | Acetagro | Acetamiprid 20% SL | Full | F2019-1869 |
| 8 | Zagribac 10 SC | Bispyribac Sodium 10% SC | Full | F2019-2002 |
| 9 | Zaking 25 SL | Fomesafen 25% SL | Full | F2019-2004 |
| 10 | Progib Z | Gibberellic acid 20% w/w | Full | F2019-2005 |

JJ Pun Trading Co., Ltd.

TEL : (95) 1 368 7790-96

# အသိပေးထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာထားသည့်ကာလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ထားပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(ခ)အရ ထိုသို့ အာဏာလွှဲအပ်ဆောင်ရွက်သည့်နေ့မှစ၍ သက်ဆိုင်ရာ လွှတ်တော်များ၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များသည် တာဝန်မှ ရပ်စဲသွားသည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားပြီး ဖြစ်ပါသည်။

၂။ လက်ရှိဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ရက်စွဲဖြင့် အသိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ထားပါသည်။ ယင်းအသိပေးကြေညာချက်တွင် "နိုင်ငံတော်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေး ဖြစ်စဉ်များတွင် မဲမသမာမှုများပေါ်ပေါက်ခဲ့သဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ် ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်း" ဖော်ပြပါရှိပါသည်။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် အသိပေးကြေညာချက်တွင် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ဆဲအဆင့်တွင် မိမိတို့သဘောအလျောက် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီကဆောင်ရွက်သည့် အစည်းအဝေးများပြုလုပ်ခြင်း၊ ကြေညာချက်၊ အသိပေးချက်များထုတ်ပြန်ခြင်း၊ ကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးခြင်း အစရှိသည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေခြင်းတို့သည် တည်ဆဲဥပဒေများအရ တရားဝင်ခြင်းမရှိကြောင်း" ဖော်ပြပါရှိပါသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ◆




## စစ်တွေ-ကျောက်ဖြူ(ကမ်းရိုးတန်းတိုက်ရိုက်) ရေယာဉ်ခရီးစဉ် ပြန်လည်ပြေးဆွဲ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှ စစ်တွေ-ကျောက်ဖြူ (ကမ်းရိုးတန်းတိုက်ရိုက်) ခရီးစဉ်၊ ခေါက်ရေအမှတ်(၁) ကစ္ဆပနဒီ-၃ အမြန်ရေယာဉ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ယနေ့နံနက် ၆ နာရီတွင် စစ်တွေမြို့ မင်းဂံဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရခိုင်ဌာနခွဲရှိ ကစ္ဆပနဒီ-၃ ရေယာဉ်ဖြင့် စစ်တွေ-ကျောက်ဖြူ (ကမ်းရိုးတန်းတိုက်ရိုက်) ခရီးလမ်းကို ယခင်က တစ်ပတ်လျှင် တစ်ခေါက်ပြေးဆွဲခဲ့ရာ မိုးတွင်းကာလ ရာသီဥတုအခြေအနေအရ ခရီးသည်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာယီရပ်နားထားသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ●

## နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၂၈-၂-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပျံ့ပွားမှုနှုန်း မြင့်တက်နေဆဲရှိသည့်အပြင် ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော ကူးစက်မြန် ဗီဇပြောင်း COVID-19 ရောဂါပိုးအသစ်ကို အချို့အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့

*စာမျက်နှာ ၉ ကော်လံ ၅* ❖

နိုင်ဂျီးရီးယားနိုင်ငံတွင် ကျောင်းသူများ ရာနှင့်ချီ၍ ပြန်ပေးဆွဲခံရ
နိုင်ငံတကာသတင်း စာ » ၁၂


....................

ဂျပန်နိုင်ငံတွင် တိုကျိုအနီးတစ်ဝိုက် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဧရိယာမှလွဲ၍ အခြားသောနေရာများတွင် အရေးပေါ်အခြေအနေ ကြေညာမှုကို ရုပ်သိမ်းပေးတော့မည်
နိုင်ငံတကာရေးရာ စာ » ၁၄

## ကွင်းလယ်ကစားသမား ရိုမီယူ ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်

ဆောက်သမ်တန် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ရိုမီယူသည် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ရိုမီယူ၏ အဆိုပါဒဏ်ရာသည် ဖေဖော်ဝါရီ ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဆောက်သမ်တန်အသင်းက လိဒ်စ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။

ဆောက်သမ်တန်နည်းပြ ဟာဆန်ဟွဒ်က အသက် ၂၉ နှစ်အရွယ် အဆိုပါကစားသမား၏ ဒဏ်ရာနှင့် ပတ်သက်ပြီး လာမည့်သီတင်းပတ်တွင် ခွဲစိတ်ကုသမှုခံယူသွားရမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ "ရိုမီယူဟာ အခုနှစ်ရာသီမှာ ဘောလုံး ပြန်ကစားနိုင်ဖွယ်မရှိပါဘူး၊ သူ တနင်္လာနေ့မှာ ခွဲစိတ်ကုသမှု ခံယူရမှာဖြစ်တာကြောင့် သုံးလလောက် အနားယူရဖွယ်ရှိပါတယ်"ဟု ဆောက်သမ်တန်နည်းပြက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ ဆောက်သမ်တန်အသင်းသည် အသင်းတွင် အငှားကစားနေသည့်



မီနာမီနိုအပါအဝင် ကစားသမားအများအပြား ဒဏ်ရာကြောင့် အနားယူနေရကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၄* ✱